**EDITOR**

**Thet Ni**

**Contact ;**

thetni@gmail.com
bhmaunglay@gmail.com
+91 8415 851 622

**Copies : 1000**

**PUBLISH BY;**

Information & Publicity
Department
Chin National Front

# Chin National Front

# The Sixth Party Conference Journal

**25th January - 5th February, 2016**



**Cover Photo** : Salai Tial Bawi Ling
**Photos** : Salai Ram Tin Thei (Cungpi)
**Layout & Design** : Lt. Khin Mg Lay

ဆဋ္ဌမအကြိမ် ပါတီညီလာခံ မှတ်တမ်းအဖွဲ့မှ ပြုစု၍ ချင်းအမျိုးသားတပ်ဦး
သတင်းနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်။

# သတင်းနှင့် မှတ်တမ်း အဖွဲ့



ပူး ထက်နီ
အဖွဲ့ခေါင်းဆောင်



ဗိုလ် ခင်မောင်လေး
ဒုတိယခေါင်းဆောင်



မိုင် ကေရီ@Ami
အဖွဲ့ဝင်

## ရုံးအဖွဲ့



# ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံ ဦးဆောင်အဖွဲ့များ

## သဘာပတိအဖွဲ့

၁။ ပူး ထန်နန်လျှန်းထန်
၂။ ပူး လျှန်အုပ်
၃။ ပူး သောမတ်(စ်) ထန်နီး
၄။ ဆလိုင်း ကိပ်ခိုလျှန်
၅။ သိက္ခာတော်ရ ဗျက်ကြောမ်
၆။ ပူး နိုင်းထန်း
၇။ ပူး လေပြန်
၈။ ပူး ပါမွှန်
၉။ ပူး ဗိုသုမ်မှုန်

## အကျိုးဆောင်အဖွဲ့

၁။ ပူး ပေါလ်ဆီထာ
၂။ ပူး ခွါအုပ်လျှန်
၃။ ဒေါက်တာ ရွှေခါရ်း
၄။ ဆလိုင်း ထလာဟေး
၅။ ဆလိုင်း ရမ်ကုလ်ကျုံး

## ညီလာခံကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ

| | |
|---|---|
| ၁။ ဒေါက်တာလျှန်မှုန်ဆာခေါင်း | ( အဖွဲ့ခေါင်းဆောင် ) |
| ၂။ ပူး ပေါလ်ဆီထာ | ( ဒု- အဖွဲ့ခေါင်းဆောင် ) |
| ၃။ ပူး ထလာဟေး | ( အဖွဲ့ဝင် ) |
| ၄။ ဆလိုင်း ရမ်ကုလ်ကျုံး | ( အဖွဲ့ဝင် ) |
| ၅။ ပူး အိပ်ချ်ရာလ်နှင်း | ( အဖွဲ့ဝင် ) |
| ၆။ ပူး ထန်ယဲန်း | ( အဖွဲ့ဝင် ) |
| ၇။ ဒုတိယဗိုလ်မှူးကြီး ဗျက်လိန်း | ( အဖွဲ့ဝင် ) |
| ၈။ ပူး ထက်နီ | ( အဖွဲ့ဝင် ) |

# ညီလာခံကျင်းပရေး ဆပ်ကော်မတီများ

## နေရာချထားရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်တီ

| | | |
|---|---|---|
| ၁။ ဗိုလ်မှူး ခပေါင်း | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ တပ်မတော်သားများ | ( | အဖွဲ့ဝင် ) |

## သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ

| | | |
|---|---|---|
| ၁။ ပူး အိပ်ချ်စီရာလ်နင်း | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ ပူး ရှိခေါမာ | ( | အဖွဲ့ဝင် ) |
| ၃။ ပူး ဟောင်ကန် | ( | အဖွဲ့ဝင် ) |

## ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ

| | | |
|---|---|---|
| ၁။ ဗိုလ်မှူး ဟာရဲတလိန်း | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ တပ်မတော်သားများ | ( | အဖွဲ့ဝင် ) |

## သတင်းနှင့် မှတ်တမ်း ဆပ်ကော်မတီ

| | | |
|---|---|---|
| ၁။ ပူး ထက်နီ | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ ဗိုလ် ခင်မောင်လေး | ( | ဒုတိယအဖွဲ့ခေါင်းဆောင် ) |
| ၃။ မိုင် အမီး@ကေရီ | ( | အဖွဲ့ဝင် ) |

## ရံပုံငွေရှာဖွေရေးဆပ်ကော်မတီ

| | | |
|---|---|---|
| ၁။ ပူး ထလာဟေး | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ ဒေါက်တာရွှေခါရ်း | ( | အဖွဲ့ဝင် ) |
| ၃။ ဆလိုင်း ရမ်ကုလ်ကျုံး | ( | အဖွဲ့ဝင် ) |

## လုံခြုံရေး ဆပ်ကော်မတီ

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်မှူးကြီး ဆန်လျန်းထန် | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ တပ်မတော်သားများ | ( | အဖွဲ့ဝင် ) |

## ဘဏ္ဍာရေးဆပ်ကော်မတီ

| | | |
|---|---|---|
| ၁။ ပူး အိပ်ချ်စီရာလ်နင်း | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ ပူး ထန်ယဲန်း | ( | အဖွဲ့ဝင် ) |

## ကျန်းမာရေး ဆပ်ကော်မတီ

| | | |
|---|---|---|
| ၁။ ဆလိုင်းဒေါသ်မန်း | ( | အဖွဲ့ခေါင်းဆောင် ) |
| ၂။ ဒုအရာခံဗိုလ် ဝါချာ | ( | အဖွဲ့ဝင် ) |

# ညီလာခံတစ်ခုလုံး အစီစဉ်

၁။ ညီလာခံကိုယ်စားလှယ်တော်များ နေရာယူခြင်း
၂။ သဘာပတိများ နေရာယူခြင်း
၃။ အခမ်းအနားအစီစဉ် ဖတ်ကြားခြင်း
၄။ အခမ်းအနား ဖွင့်လှစ်ခြင်း
၅။ အဖွင့်ဆုတောင်းခြင်း
၆။ ကျဆုံးရဲဘော်နှင့် အမျိုးသားအလံတော်အား အလေးပြုခြင်း
၇။ သဘာပတိမှ အဖွင့်မိန့်ခွန်း ပြောကြားခြင်း
၈။ ညီလာခံ စည်းကမ်းချက်များ ဖတ်ကြားခြင်း
၉။ ချင်းအမျိုးသားတပ်ဦး ဗဟိုကော်မတီ၏ လုပ်ပိုင်ခွင့်အာဏာများ (ဥက္ကဋ္ဌနှင့်တကွ ပါတီတာဝန်အဆင့်ဆင့်) ကို ပါတီညီလာခံသို့ အပ်နှံခြင်း
၁၀။ (၄) နှစ်တာအတွင်း ပါတီလုပ်ငန်းဆောင်ရွက်မှုများကို ပူး ဇင်ကျုံးမှ အစီရင်ခံတင်ပြခြင်း
၁၁။ အစီရင်ခံစာအပေါ် မေးမြန်းခြင်း၊ သုံးသပ်ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း
၁၂။ ဗဟိုတရားသူကြီးအဖွဲ့၏ အစီရင်ခံစာကို ပူး သောမတ်(စ်)ထန်နီး မှ အစီရင်ခံတင်ပြခြင်း
၁၃။ အစီရင်ခံစာအပေါ် မေးမြန်းခြင်း၊ သုံးသပ်ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း
၁၄။ ဒေသပါတီအသီးသီး၏ လုပ်ငန်းအစီရင်ခံစာများ တင်သွင်းခြင်း
၁၅။ အစီရင်ခံစာအပေါ် မေးမြန်းခြင်း၊ သုံးသပ်ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း
၁၆။ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အပါအဝင် လက်ရှိနိုင်ငံရေး အခြေအနေများကို တင်ပြခြင်း
၁၇။ တင်ပြချက်အပေါ် မေးမြန်းခြင်းနှင့် ဖြေကြားခြင်း
၁၈။ (၄) နှစ်တာကာလအတွင်း ပါတီဗဟိုကော်မတီမှ ပြဋ္ဌာန်းသော ဥပဒေများ၊ နည်းဥပဒေများအား တင်ပြခြင်းနှင့် အတည်ပြုခြင်း
၁၉။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် ချင်းအမျိုးသားတပ်ဦး၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အခြေခံမူများနှင့် မဟာဗျူဟာများအား ချမှတ်ခြင်း
၂၀။ ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်း
၂၁။ ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း
၂၂။ ရွေးကောက်တင်မြှောက်ခြင်း
၂၃။ ကျမ်းသစ္စာ ကျိန်ဆိုခြင်း
၂၄။ ညီလာခံ အပိတ်မိန့်ခွန်းပြောကြားခြင်း
၂၅။ ညီလာခံ အပိတ်ဆုတောင်းခြင်း
၂၆။ အခမ်းအနား ပြီးဆုံးကြောင်း ကြေညာခြင်း

# မာတိကာ

## အခန်း (၁)


| ခေါင်းစဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ ထုတ်ဝေသူ၏ အမှာ | -------- | ၁ |
| ၂။ နာယက ၏ အမှာစကား | -------- | ၂ |
| ၃။ ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံ ထုတ်ပြန်ကြေညာချက် | -------- | ၄ |
| ၄။ ချင်းအမျိုးသားတပ်ဦး၏ ၆၈ နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက် | -------- | ၆ |
| ၅။ ချင်းအမျိုးသားတပ်ဦး၊ ဗဟိုကော်မတီအစည်းအဝေး သတင်းထုတ်ပြန်ချက် | -------- | ၇ |
| ၆။ သဘာပတိ (ဥက္ကဋ္ဌဟောင်း) ပူးထန်နန်လျန်းထန် ၏ ညီလာခံ အဖွင့်မိန့်ခွန်း | -------- | ၉ |
| ၇။ ဆဋ္ဌမအကြိမ် ပါတီညီလာခံ မှတ်တမ်းဓါတ်ပုံများ | | |


## အခန်း (၂)


| | | |
|---|---|---|
| ၁။ ချင်းအမျိုးသားတပ်ဦး၊ ဗဟိုကော်မတီမှ ညီလာခံသို့တင်သွင်းသော အစီရင်ခံစာ | -------- | ၁၂ |
| ၂။ အမိပတိကောင်စီမှ ညီလာခံသို့တင်သွင်းသော လုပ်ငန်းအစီရင်ခံစာ | -------- | ၂၀ |
| ၃။ ဗဟိုတရားသူကြီးအဖွဲ့မှ ညီလာခံသို့ တင်သွင်းသော အစီရင်ခံစာ | -------- | ၂၄ |
| ၄။ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အပါအဝင် လက်ရှိနိုင်ငံရေး အခြေအနေများကို တင်ပြခြင်း | -------- | ၂၈ |
| ၅။ ညီလာခံသို့ တင်သွင်းသော စာတမ်းနှင့် အကြံပြုချက်များ | -------- | ၃၄ |
| ၆။ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်မှ ကောက်နုတ်ချက်များ | -------- | ၃၉ |
| ၇။ ပူး အိပ်ရ်ဂျီရာလ်နင်း၏ ညီလာခံအပေါ် သုံးသပ်ချက် | -------- | ၅၃ |
| ၈။ ညီလာခံအတွင်း အလှည့်ကျသဘာပတိများ၏ မိန့်ခွန်းများ | -------- | ၅၄ |


## အခန်း (၃)


| | | |
|---|---|---|
| ၁။ ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းတည်ဆောက်ပုံ | -------- | ၆၃ |
| ၂။ ညီလာခံမှ ရွေးချယ်လိုက်သော ချင်းအမျိုးသားတပ်ဦး ခေါင်းဆောင်များ | -------- | ၆၆ |
| ၃။ ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ | -------- | ၇၀ |
| ၄။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ အခြေခံလမ်းညွှန်မှုများ | -------- | ၇၄ |
| ၅။ ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌသစ်၏ ကျေးဇူးတင်စကား | -------- | ၇၆ |

# ထုတ်ဝေသူ၏ အမှာ

လက်နက်နဲ့တော်လှန်တယ် ဆိုမှတော့ ခရီးလမ်းက ကြမ်းပြီ၊ ငတ်ရမယ်၊ ပြတ်ရမယ်၊ ကွဲရမယ်၊ ပြဲရမယ်၊ သေရမယ်၊ ကြေရမယ်။ ၂၈ နှစ်တာဟူသော ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားလက်နက်ကိုင်တော်လှန်ရေး သက်တမ်းတလျှောက်တွင် ငတ်ပြတ်၊ သေကြေ၊ ကွဲပြဲမှုတွေနဲ့ ထင်ပြီးသော ဒုက္ခ၊ မထင်မှတ်သော ဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့ ခဲ့ရတယ်၊ အမျိုးသားထွက်ပေါက်အတွက် ချင်းတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းတွေပေါ်ပေါက်ခဲ့ပါတယ်၊သို့သော်အခြေအနေအမျိုးမျိုးကြောင့် ပြတ်တောက်ခဲ့ကြရတယ်၊ ပြတ်တောက်နေသော ခါးဆက်ကို ချင်းအမျိုးသားတပ်ဦးက အက်ကြောင်းရာအထပ်ထပ်နှင့်အတူ ခါးစည်း ပြန်ဆက်ခဲ့ရသည်။

ယနေ့ဆိုယင် ချင်းအမျိုးသားတပ်ဦး၏ တော်လှန်ရေးခရီးသည် ဆဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်းအထိ တိုင်ခဲ့ရပြီ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့မှ (၃၁) ရက်နေ့အထိ ပါတီဗဟိုဌာနချုပ်၊ ဝိတိုရိယ စခန်းတွင် ကိုယ်စားလှယ်ပေါင်း ၁၈၁ ဦးဖြင့် ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် ပါတီညီလာခံကြီး၏ အနှစ်သာရသည် နိုင်ငံရေးရေစီးကြောင်း အပြောင်းအလဲကြောင့် ကျင်းပခဲ့သည့် အရေးပေါ်ပါတီညီလာခံကြီးမှ ဖွဲ့စည်းခဲ့သော မျိုးနွယ်စုံ၊ ဒေသစုံနှင့် တတ်သိပညာရှင်များပါဝင်သည့်ချင်းတမျိုးသားလုံးလွှမ်းခြုံသောဗဟိုကော်မီတီကိုယ်ထည်ကိုပိုမိုကျစ်လစ်အောင်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးသည်၎င်း၏ညီလာခံကို(၆)ကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။ သို့သော် အခက်အခဲအမျိုးမျိုးကြောင့် အရေးပေါ် ပါတီညီလာခံနှင့် ယခု ဆဋ္ဌမအကြိမ် ပါတီညီလာခံအတွက်သာ ညီလာခံမှတ်တမ်းဂျာနယ်ကို ထုတ်ဝေနိုင်ခဲ့သည်။ ညီလာခံမှတ်တမ်းဂျာနယ် မှတ်တမ်းမှတ်ရာများသည် အားလုံးမပြည့်စုံသလို တခုလုံးကို ဖော်ပြထားခြင်းမဟုတ်ဘဲ အမျိုးသားရေး ရေရှည်အကျိုးအတွက် ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ အကြံပြုချက်များကို တခုလုံး လွှမ်းခြုံနိုင်အောင် အတတ်နိုင်ဆုံး စုစည်းထားခြင်းသာ ဖြစ်သည်။

အဓိက အနေနဲ့ ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သမိုင်း မှတ်တမ်းကျန်ခဲ့စေဖို့နှင့် ဤ ညီလာခံ မှတ်တမ်းဂျာနယ်သည် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ၎င်း၏ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်ရေးအတွက် နိုင်ငံရေးမဟာဗျူဟာ၊ နည်းဗျူဟာများကို အကောင်အထည်ဖော်ရာတွင် ချင်းတမျိုးသားလုံး ပါဝင်လာရေးအတွက် အုတ်တချပ်၊ သဲတပွင့် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဆဋ္ဌမအကြိမ် ပါတီညီလာခံဖြစ်မြောက်ရေး၊ ညီလာခံမှတ်တမ်းထုတ်ဝေနိုင်ရေးအတွက် အဖက်ဖက်မှ ပံ့ပိုးကူညီကြသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်နှင့် ကျေးဇူးတင်ထိုက်သူ အသီးသီးကို ကျေးဇူးအလီလီနှင့် မှတ်တမ်းတင် ဂုဏ်ပြုကြောင်း ဆဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်း၊ သတင်းနှင့် မှတ်တမ်းကော်မီတီ ကိုယ်စားပြောကြားယင်း --



( ပူးထက်နီ )

အဖွဲ့ခေါင်းဆောင်

မှတ်တမ်းကော်မတီ

## ချင်းအမျိုးသားတပ်ဦး၊ နာယက ပူးသောမတ်(စ်) ထန်နိုး ၏ အမှာစကား



ချင်းအမျိုးသားတပ်ဦး၏ ပါတီညီလာခံသည် တပ်ဦး၏ အမြင့်ဆုံးအာဏာတည်ရှိရာ ဖြစ်သည်။ ပါတီအရေး၊ ချင်းအမျိုးသားအရေး၊ ပြည်ထောင်စုတိုင်းရင်းသားပြည်သူအရေးများနှင့် ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်ပေးပြီး လက်ရှိနိုင်ငံရေးနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်ပေးသည်။ ညီလာခံသည် ဥပဒေပြုရေးအာဏာကို ဗဟိုကော်မီတီသို့လည်းကောင်း၊ စီမံခန့်ခွဲမှုအာဏာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ဗဟိုတရားသူကြီးအဖွဲ့ထံသို့လည်းကောင်း အသီးသီးအာဏာခွဲဝေပေးပြီးမိမိတို့၏ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ရန်ပါတီအဖွဲ့အစည်းအဆင့်ဆင့်ကိုတာဝန်ပေးဆောင်ရွက်စေသည်။

ပါတီစည်းရုံးရေး၊ ပါတီတည်ဆောက်ရေးလုပ်ငန်းမဖော်ဆောင်နိုင်ပဲမျိုးချစ်စိတ်နှင့်နိုင်ငံရေးအသိတရားမရှိလျှင် ပြည်သူထောက်ခံမှုနှင့် ပါတီ အင်အားတောင့်တင်းခိုင်မာအောင် မဆောင်ရွက်နိုင်ပေ။ ပါတီအင်အားတောင့်တင်းခိုင်မာမှုမရှိလျှင် ညီလာခံပုံမှန်ကျင်းပရန် မဖြစ်နိုင်ပေ။ ပါတီညီလာခံ မကျင်းပနိုင်လျှင် ပါတီတွင်း အာဏာရှင်ပေါ်ပေါက်လာနိုင်ပြီး တက်ကြွမှုမရှိ၊ ကျေနပ်မှုမရှိဘဲ၊ ထောက်ခံသူမရှိ ဆန့်ကျင်ဖီလာပြုသူများနှင့် ကမောက်ကမ ဝါဒလွှမ်းမိုးလာပြီး ပါတီပြိုကွဲရေးသို့ ဦးတည်သွားမည်။ ပါတီတွင်း စည်းကမ်းရှိမှု၊ အပြန်အလှန်လေးစားမှု၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှု၊ ညီမျှမှုနှင့် စိတ်ချမ်းသာမှုရှိသော မြတ်နိုးဖွယ် နိုင်ငံရေးဖြစ်စဉ် ဘဝမထွန်းကားနိုင်ပေ။

ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီရေးကို မိမိ၏ ရည်မှန်းချက်တစ်ခုအဖြစ် ထားရှိသည်။ တပ်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မရရှိမီ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပါတီညီလာခံ (၅) ကြိမ်ကျင်းပခဲ့ပြီး အပစ်အခတ်ရပ်စဲရေး ရယူအပြီး ညီလာခံတစ်ကြိမ် ကျင်းပနိုင်ခဲ့သည်။ ဤကဲ့သို့ ပါတီညီလာခံကို ဆဋ္ဌမအကြိမ်ထိ ကျင်းပနိုင်ခဲ့ခြင်းသည် ပါတီလှုပ်ရှားနေပြီး တိုးတက်မှုရှိကြောင်း ပြဆိုမှုနှင့် ဒီမိုကရေစီကျင့်စဉ်ကို လက်တွေ့ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် ညီလာခံတွင် ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ ကိုယ်စားလှယ်များအနေဖြင့် လွတ်လပ်စွာ ရွေးချယ်ခွင့်နှင့် အရွေးခံပိုင်ခွင့်ရှိကြပြီး မိမိတို့၏ ဆန္ဒကို လျှို့ဝှက်မဲပေးစံနစ်ဖြင့် လွတ်လပ်စွာ ထုတ်ဖော်ကြသည်မှာ ဒီမိုကရေစီနည်းကျလှပါသည်။

ပြည်တွင်းပြည်ပညီလာခံ ကိုယ်စားလှယ်များ၊ လေ့လာသူများ စုစုပေါင်း (၁၈၁) ဦး တက်ရောက်ခဲ့ကြသည့် ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံကြီးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့အထိ ဗဟိုဌာနချုပ်၊ ဝိတိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ညီလာခံကြီးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မဟာဗျူ

ဟာအဖြစ် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဖြင့် အဖြေရှာသွားရန်၊ ငြိမ်းချမ်းရေးဆိုင်ရာအခြေခံမူအဖြစ် ချင်းအမျိုးသားတို့၏ ဘုံရပ်တည်ချက်ရရှိရေး ကြိုးပမ်းသွားရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအားလုံး ပါဝင်လာရေးကြိုးပမ်းသွားရန် သဘောထားချမှတ်ခဲ့ပါသည်။ ညီလာခံကြီး၏ သဘောထားနှင့် ဆုံးဖြတ်ချက်များသည် ပါတီအတွက်နှင့် ချင်းအမျိုးသားအရေးအတွက်သာ မဟုတ်ဘဲ တိုင်းရင်းသားများနှင့် ပြည်ထောင်စုကြီး၏ ကံကြမ္မာအတွက် အရေးကြီးသော နိုင်ငံရေးဆိုင်ရာနှင့် အခြားအရေးကိစ္စဆိုင်ရာများ ချမှတ်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဤညီလာခံကြီးဆိုင်ရာ စာတမ်းများ၊ အစီရင်ခံစာများ၊ ဆွေးနွေးချက်များ၊ သုံးသပ်ဝေဖန်မှုများ၊ သဘောထားချမှတ်ခြင်းများ၊ ဆုံးဖြတ်ချက်များ၊ ထုတ်ပြန်ချက်များသည် များစွာတန်ဖိုးကြီးလှပြီး အများပြည်သူကလည်း သိသင့်သိထိုက်ပေသည်။ အများပြည်သူလေ့လာသိရှိပြီး အမျိုးသားနိုင်ငံရေး ပိုမိုရှိစေလိုသော ပါတီ၏ သဘောထားနှင့်အညီ ချင်းအမျိုးသားတပ်ဦး၏ ဆင့္မအကြိမ်ပါတီညီလာခံဂျာနယ်ထုတ်ဝေရခြင်းဖြစ်သည်။ ဤဂျာနယ်ထုတ်ဝေနိုင်ခြင်းနှင့် ထုတ်ဝေနိုင်ရန် တာဝန်ယူထားသော ညီလာခံမှတ်တမ်းအဖွဲ့နှင့် ပါတီ၏ သတင်းနှင့်ပြန်ကြားရေးဌာန တာဝန်ခံ၊ ဂျာနယ် အယ်ဒီတာ၊ စာမူရှင်များနှင့် အဖက်ဖက်မှ ကူညီသူများအပေါ် အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ooooo

**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## ချင်းအမျိုးသားတပ်ဦး၏ ဆဌမအကြိမ် ပါတီညီလာခံ ထုတ်ပြန်ကြေညာချက်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့

ချင်းအမျိုးသားတပ်ဦး၏ ဆဌမအကြိမ်ပါတီညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့အထိ ဗဟိုဌာနချုပ်၊ ဝိတိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ ကိုယ်စားလှယ်များ၊ ချင်းအမျိုးသားတပ်မတော်မှ ကိုယ်စားလှယ်များ၊ မြို့နယ်နှင့် မျိုးနွယ်စုကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ၊ တက္ကသိုလ်ကျောင်းသား၊ လူငယ်နှင့် အမျိုးသမီး ကိုယ်စားလှယ်များ၊ လူထုအခြေပြု အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ လေ့လာသူများ စုစုပေါင်း (၁၈၁) ဦး တက်ရောက်ခဲ့ကြပါသည်။

ဆဌမအကြိမ်ပါတီညီလာခံကြီးက လက်ရှိဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မဟာဗျူဟာအဖြစ် တပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဖြင့် အဖြေ ရှာသွားရန် သဘောထား ချမှတ်ခဲ့သည်။

ထို့အပြင် ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံမူအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အစုအဖွဲ့အသီးသီးတွင် ပါဝင်ကြသော ချင်းအမျိုးသားများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ တင်သွင်းမည့် အဆိုပြုလွှာများနှင့်ပတ်သက်ပြီး ချင်းအမျိုးသားတို့၏ ဘုံရပ်တည်ချက် ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်တညီတညွတ်တည်းသဘောတူခဲ့ကြသည်။ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ပြည်သူလူထုထံသို့ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေးနှင့် အဆိုပြုချက်များ ရယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ညီလာခံမှ သဘောထားချမှတ်ခဲ့သည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့်ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအလို့ငှါနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံး ပါဝင်လာရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်သည်။

ချင်းပြည်နယ်၊ပလက်ဝမြို့နယ်နှင့်နယ်စပ်ဒေသတစ်လျှောက်တွင်ရက္ခိုင့်တပ်မတော်(AA)၏စစ်ရေးလှုပ်ရှားမှုကြောင့်လူမှုဒုက္ခအထွေထွေ ကြုံတွေ့နေရသော ချင်းစစ်ဘေးရှောင်ဒုက္ခသည်များအတွက် အထူးစိုးရိမ်ပူပန်မိပါသည်။ ထို့ကြောင့် ရက္ခိုင့်တပ်မတော် (AA) အနေဖြင့် ချင်းပြည်နယ်အတွင်း စစ်ရေးလှုပ်ရှားမှုများ ချက်ချင်းရပ်တန့်ရန်နှင့် ဒေသခံပြည်သူလူထုကို နှောင့်ယှက်ခြင်းမပြုရန် အလေးအနက် တောင်းဆိုသည်။

ဆင့်မအကြိမ် ပါတီညီလာခံ သက်တမ်းအတွက် ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌအဖြစ် Pu Zing Cung၊ ဒုတိယဥက္ကဋ္ဌ (၁) အဖြစ် Pu Thang Nang Lian Thang ၊ ဒုတိယ ဥက္ကဋ္ဌ (၂) အဖြစ် Dr. Salai Lian Hmung Sakhong ၊ ဒုတိယ ဥက္ကဋ္ဌ (၃) အဖြစ် Pu Thang Ning Kee ၊ အထွေထွေအတွင်းရေးမှူး အဖြစ် Salai Thla Hei ၊ လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) အဖြစ် Dr. Sui Khar ၊ လက်ထောက် အထွေထွေအတွင်းရေးမှူး (၂) အဖြစ် Pu Khua Uk Lian ၊ လက်ထောက်အထွေထွေ အတွင်းရေးမှူး (၃) အဖြစ် Pu Thet Ni တို့အပါအဝင် ဗဟိုကော်မီတီဝင် (၄၅) ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဆင့်မအကြိမ် ပါတီညီလာခံကြီးသည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ချင်းပြည် ပြန်လည်တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့် ပြန်လည်ရရှိရေးတို့အတွက် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ခဲ့သည်နှင့်အညီ ချင်းအမျိုးသားတစ်ရပ်လုံးမှလည်း ချင်းအမျိုးသားတပ်ဦးနှင့်အတူ ပါဝင်လက်တွဲ လုပ်ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆင့်မအကြိမ်ပါတီညီလာခံ
ချင်းအမျိုးသားတပ်ဦး

ဆက်သွယ်ရန် -
ဆလိုင်း ထလာဟေး
အထွေထွေအတွင်းရေးမှူး
ဖုန်း - ၀၉၄၅၂၀၅၄၄၈၈
- ၀၉၇၉၅၇၅၄၄၃၅

၀၀၀၀

# CHIN NATIONAL FRONT
## General Headquarters
## Chinland

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## (၆၈) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သော (၆၈) နှစ်မြောက် ချင်းအမျိုးသားနေ့သည် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီရေး၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု ရရှိရေးအတွက် ချင်းအမျိုးသားတစ်ရပ်လုံး၏ ရုန်းကန်လှုပ်ရှားမှုမှ ပေါ်ထွန်းလာသည့် ချင်းအမျိုးသားတို့၏ သမိုင်း ဝင်နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးသည်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနှစ်ပေါင်း (၆၀) ကျော်ဖြစ်ပွားနေသည့်ပြည်တွင်းစစ်ကိုအဆုံးသတ်နိုင်ရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာရေးနည်းလမ်းကို ရွေးချယ်ခဲ့သည်နှင့်အညီ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်"ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သကဲ့သို့ အမျိုးသားအဆင့် နှင့် ပြည်ထောင်စုအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ များတွင် တက်ကြွစွာပါဝင်သွားမည် ဖြစ်သည်။

ကာလရှည်ကြာပိတ်ပင်ခံခဲ့ရသည့်ဤချင်းအမျိုးသားနေ့ကိုချင်းအမျိုးသားတပ်ဦးနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့အကြား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ချုပ်ဆိုသော အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်အရ တရားဝင်ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းသည် ချင်းအမျိုးသားတို့၏အမျိုးသား ရှင်သန်ရပ်တည်မှု၊ အမျိုးသားရေးစိတ်ဓာတ်နိုးကြားမှု နှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့ကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် ပြန်လည် သတ်မှတ်ပေးရန် ချင်းပြည်သူလူထုက လိုလားတောင့်တနေသည့်အတိုင်း လက်ရှိအစိုးရကလည်းကောင်း၊ နောင်တက်လာမည့် အစိုးရကလည်းကောင်း အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ဆောင်ရွက်ပေးရန် အလေးအနက် တောင်းဆိုသည်။

ချင်းအမျိုးသားတို့၏ အမျိုးသားဆက်လက်ရှင်သန်ရပ်တည်ရေး နှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ထင်ဟပ်ပေါ်လွင်စေသော (၆၈) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ကမ္ဘာတစ်ဝှမ်းရှိ ချင်းအမျိုးသားများအားလုံးက အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပဆင်နွှဲနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့

၀၀၀၀

# CHIN NATIONAL FRONT

## General Headquarters
## Chinland

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## ချင်းအမျိုးသားတပ်ဦး၏
## ပထမအကြိမ် ဗဟိုကော်မီတီအစည်းအဝေး သတင်းထုတ်ပြန်ချက်

ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်း၊ ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့မှ (၈) ရက်နေ့အထိ ဗဟိုဌာနချုပ်၊ ဝိတိုရိယစခန်းတွင် အောင်မြင်စွာ ကျင်းပခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ မဟာဗျူဟာ နှင့် နည်းဗျူဟာများ အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းများ ဟန်ချက်ညီညီ လည်ပတ်နိုင်ရေးအတွက် အောက်ပါအတိုင်း ဌာနများကို ဖွဲ့စည်းပြီး ဌာနအတွင်းရေးမှူးများကို တာဝန်ပေးအပ်ခဲ့သည်။

| | |
|---|---|
| ၁။ ကာကွယ်ရေးနှင့် လုံခြုံရေး ဌာန | ဗိုလ်မှူးကြီး ဆော်လမွန် |
| ၂။ စီးပွားရေး ဌာန | ဆလိုင်း ရမ်ကုလ်ကျုံး |
| ၃။ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဌာန | ဆလိုင်း ဘွေလျန်းမန် |
| ၄။ အခွန်နှင့် ဘဏ္ဍာရေး ဌာန | ပူး ရှိခေါမာ |
| ၅။ နိုင်ငံခြားရေး နှင့် မဟာမိတ်ရေးရာဌာန | ပူး ပေါလ်ဆီထာ |
| ၆။ ပါတီရေးရာဌာန | ပူး အိပ်ချ်စီ ရာလ်နင်း |
| ၇။ ကျန်းမာ၊ ပညာ နှင့် ပြည်သူ့ရေးရာဌာန | ဆလိုင်း ဗျက်ပုမ် |

ချင်းအမျိုးသားတပ်ဦး၏ ကာကွယ်ရေးနှင့် လုံခြုံရေးဌာနလက်အောက်ရှိ ချင်းအမျိုးသားတပ်မတော်၊ စစ်ရုံးချုပ်၏ တာဝန်ခံများကို အောက်ပါအတိုင်း ရွေးချယ် ခန့်အပ်လိုက်သည်။

| | |
|---|---|
| စစ်ဦးစီးချုပ် | ဗိုလ်မှူးချုပ် ဟရန်သင်ထိုက် |
| ဒုတိယ စစ်ဦးစီးချုပ် (၁) | ဗိုလ်မှူးကြီး သန်းထွန်း |
| ဒုတိယ စစ်ဦးစီးချုပ် (၂) | ဗိုလ်မှူးကြီး ဗျက်လိန်း |

၄င်းအပြင် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသား နိုင်ငံရေးရည်မှန်းချက် အောင်မြင်ရေးနှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု ပိုမို အားကောင်းလာစေရေးအတွက် နာယက နှင့် စစ်ဖက်ရေးရာ၊ ဥပဒေရေးရာ၊ စည်းရုံးရေးနှင့် မဟာဗျူဟာရေးရာ၊ ဘဏ္ဍာရေးရာ၊ မဟာမိတ်နှင့် နိုင်ငံခြားရေးရာ အကြံပေးပုဂ္ဂိုလ်များကိုလည်း ဗဟိုကော်မီတီအစည်းအဝေးက တညီတညွတ်တည်းရွေးချယ်ခဲ့ကြသည်။

နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်အား အကောင်အထည်ဖော်ဆောင်မည့် ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှု ဦးဆောင်ကော်မတီ (CNF Peace Negotiation Steering Committee) ကို နာယက၊ ဥက္ကဋ္ဌ အဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့များဖြင့် ဖွဲ့စည်းခဲ့ကြသည်။

ဗဟိုကော်မီတီအစည်းအဝေးက နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်ဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲကို ချင်းပြည်နယ်(၉) မြို့နယ်အပြင် ချင်းလူမျိုးများ နေထိုင်ရာ ကလေး - ကဘော် နှင့် ဂန့်ဂေါ ဒေသ၊ အရှိုချင်းဒေသ၊ ရန်ကုန် ၊ မန္တလေးမြို့များတွင် ကျင်းပပြီး နိုင်ငံရေး ဘုံသဘောတူညီချက်ရရှိနိုင်သည်အထိ ကြိုးပမ်းသွားကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ဗဟိုကော်မီတီ

ချင်းအမျိုးသားတပ်ဦး

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့

၀၀၀၀

## သဘာပတိ (ဥက္ကဋ္ဌဟောင်း) ပူးထန်နန်လျန်းထန် ၏ ညီလာခံအဖွင့် မိန့်ခွန်း




အသက်ရှင်တော်မူသော သခင်ယေရှု၏ နာမတော်အားဖြင့် အားလုံးကို နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်မှ ခေါင်းဆောင်ကြီးများ၊ ပြည်တွင်းပြည်ပ ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသူများနဲ့ လေ့လာသူများခင်ဗျား-

ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌ၊ အဓိပတိကောင်စီဥက္ကဋ္ဌ၊ ချင်းအမျိုးသားတပ်မတော်၏ စစ်သေနာပတိချုပ်တာဝန်ထမ်းဆောင်ယင်း ယခုလို ချင်းအမျိုးသားတပ်ဦးရဲ့ ဆဋ္ဌမအကြိမ်ပါတီညီလာခံမှာ အဖွင့်မိန့်ခွန်းပြောကြားခွင့် ရရှိတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။

ဒီနေ့ညီလာခံကြီးမှာ မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှာ ဦးဆောင်ပါဝင်တဲ့ ချင်းအမျိုးသားတပ်ဦးနဲ့ ချင်းအမျိုးသားများ အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံနဲ့ ချင်းအမျိုးသားအရေးတွေကို ဒီကနေ့ ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တော်လှန်ရေးခရီးကြမ်းမှာ တွေ့ကြုံခဲ့ရတဲ့ အခက်ခဲအပြစ်အနာဆာတွေကို ခဏမေ့ထား ပြီးတော့ ရှေ့လုပ်ငန်းစဉ်တွေကို ဆွေးနွေးဆုံးဖြတ်ချက်တွေ ချမှတ်ရမှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေမျိုးရောက်အောင် ပခုံးထမ်းတွန်းပိုးပေးခဲ့တဲ့ ရဲဘော်များ၊ အသက်ပေးလှူခဲ့ကြသော ရဲဘော်များ၊ လုပ်ဖော်ကိုင်ဖက်များနဲ့ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်မှာ အချိန်ပိုင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို လေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

ဒီနေရာကို လာရောက်ပေမဲ့ အကြောင်းကြောင်းကြောင့် မရောက်ရှိနိုင်တဲ့ လုပ်ဖော်ကိုင်ဖက်ကိုယ်စားလှယ်များကိုလည်း ဒီနေရာမှာ ကျွန်တော်တို့နဲ့အတူ ရှိပါတယ်လို့ သတိရအောက်မေ့ကြရအောင်။ ဒို့အပြင် လမ်းခရီးမှာ မတော်တဆကားမှောက်ပြီး ဆေးရုံရောက်သွားကြတဲ့ ထာဒို ခေါင်းဆောင်များနဲ့ ကိုယ်စားလှယ်များအပေါ်မှာလည်း ၄င်းတို့နဲ့အတူ ညီလာခံကိုယ်စားလှယ်အားလုံးက ထပ်တူထပ်မျှ ဝမ်းနည်းသလို အားလုံးက နားလည်ပေးကြမယ်လို့လည်း ယုံကြည်ပါတယ်။

ညီလာခံကြီးပြီးမြောက်အောင် အဖက်ဖက်ကနေ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြတဲ့ ညီလာခံကျင်းပရေးကော်မတီများ၊ မိဘပြည်သူများ၊ ချင်းအမျိုးသားတပ်မတော် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအပြင် မိသားစုများအပေါ်မှာလည်း အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ထို့အပြင် ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး/တပ်မတော်ကို တောက်လျှောက် ကူညီပေးနေတဲ့ ဒီနယ်မြေတဝိုက်မှာရှိတဲ့ ကျေးရွာ၊ အုပ်စု၊ မိဘပြည်သူများ၊ နယ်မြေခံများကိုလည်း အထူးပဲကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

ချင်းအမျိုးသားတပ်ဦး/တပ်မတော်အား ဘဏ္ဍာငွေအားဖြင့်သော်လည်းကောင်း၊ ပစ္စည်းကိရိယာများဖြင့်သော်လည်းကောင်း၊ စိတ်ဓါတ်အားဖြင့်သော်လည်းကောင်း ပံ့ပိုးကူညီကြတဲ့ ချင်းလဲန်းကလပ်၊ ဘာသာရေးနှင့် လူမှုအဖွဲ့အစည်းအသီးသီးနှင့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်း၊ အသင်းအဖွဲ့အသီးသီးက ပုဂ္ဂိုလ်များအပေါ်မှာလည်း အထူးကျေးဇူးတင် မှတ်တမ်းတင်ကြောင်း ဒီညီလာခံက ပြောကြားလိုပါတယ်။

ချင်းအမျိုးသားတပ်ဦးဟာ ချင်းပြည်သူအတွက်၊ အမိချင်းလဲန်းအတွက် ကျရာကဏ္ဍအသီးသီးကနေ ဘဝနဲ့အသက်ကိုပေးလှူပြီး ကာကွယ်စောင့်ရှောက် တိုက်ပွဲဝင်နေတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ဟာ မိဘပြည်သူ၊ အမိချင်းလဲန်းကို စိတ်အနှောင့်အယှက်ဖြစ်စေမယ့်အရာများကို ဖန်တီးဖို့ ဖွဲ့စည်းတဲ့ အဖွဲ့အစည်း မဟုတ်တဲ့အတွက် ခြေချော်လက်ချော်ဖြစ်သွားတဲ့ ကိစ္စများရှိပါကလည်း ပြည်သူလူထုကို တောင်းပန်ဖို့ ပြည်သူလူထုနဲ့ တသားတည်းရပ်တည်ဖို့ တာဝန်လည်းရှိသလို ခံယူချက်လည်းရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။

ဒီနေ့ ဒီညီလာခံကြီးဟာ ချင်းအမျိုးသားများအပြင် အနာဂတ်ပြည်ထောင်စု မြန်မာနိုင်ငံအတွက်ပါ အင်မတန်မှအရေးကြီးတဲ့ ညီလာခံကြီး ဖြစ်တယ်။ ချင်းအမျိုးသားတပ်ဦးနဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံး နှစ်ပေါင်း ၆၀ ကျော် တစိုက်မတ်မတ်တော်လှန်ရေး လုပ်လာခဲ့ခြင်းဟာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကနေ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖြစ်ပါတယ်။ ပင်လုံစာချုပ်အားဖြင့် တရားမျှတမှု၊ တန်းတူညီမျှရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးအတွက် ဖက်ဒရယ်နဲ့ ဒီမိုကရေစီ အနှစ်သာရပြည့်ဝတဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့ပေမဲ့ ပင်လုံမှာ ကတိပြု လက်မှတ်ရေးထိုးခဲ့ကြတဲ့ ခေါင်းဆောင်များ ကျဆုံးပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ မူလအခွင့်အရေးတောင်းဆိုမှုတွေကို အသက်အန္တရာယ်ဖြစ်စေတဲ့ လက်နက်ကျည်ဆံနဲ့ပဲ တုံ့ပြန်ခဲ့ခြင်း ခံခဲ့ရပါတယ်။ ကျွန်တော်တို့ တောင်းဆိုတာက လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနဲ့ ပြည်ထောင်စုကြီးဖြစ်ပေမဲ့ သူတို့စတင်ပေးလိုက်တာက တိုက်ပွဲနဲ့ ကျည်ဆံတွေ ဖြစ်ပါတယ်။ တိုက်ပွဲနဲ့စတင်ခဲ့တဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားများဟာ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲခဲ့ရပြီး၊ မိမိတို့ကို ပံ့ပိုးကူညီအားပေးခဲ့တဲ့ ပြည်သူလူထုများသည်လည်း ဒုက္ခမျိုးစုံ ကြုံတွေ့ရတဲ့အတွက် ပြည်သူအများ အမိချင်းလဲန်းကို စွန့်ခွာပြီး ဒုက္ခသည်အဖြစ် ပြည်ပနိုင်ငံအသီးသီးကို ထွက်ခွာခဲ့ကြတဲ့အဆင့်ကို ရောက်ခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ခေတ်အဆက်ဆက် တောင်းဆိုချက်များကို မြန်မာနိုင်ငံရဲ့ အစိုးရအဆက်ဆက် စစ်တပ်က စစ်ပွဲနဲ့တုံ့ပြန်ခဲ့ရာကနေ သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့အစိုးရကျမှ ကမ်းလှမ်းလာတဲ့အတွက်ကြောင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်မှာ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ အဲ့ဒီကနေတဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုပြုလုပ်နိုင်ရေးအတွက် JMC, UPDJC တို့ကိုဖွဲ့စည်းပြီး ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၂) ရက်နေ့မှာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ UPC ကို ကျင်းပသည်အထိ ချင်းအမျိုးသားတပ်ဦးလည်း ပါဝင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦး/တပ်မတော်တွေဟာ လူအင်အား၊ လက်နက်အင်အားနည်းပေမဲ့ ကျွန်တော်တို့ ရပ်တည်ချက် မှန်ကန်ခိုင်မာတဲ့အတွက် မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှ ဦးဆောင်မှုအခန်းကဏ္ဍကနေ ပါဝင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ပြည်ပနိုင်ငံရောက်ပြီး ကြီးပွားနေကြသူတွေကြားထဲမှာ နေပူ၊ မိုးဒဏ်၊ အအေးဒဏ်တွေအကြား သေနတ်ကိုင်ဆောင်ပြီး ကင်းစောင့်နေတာတွေဟာ မှားနေသလား စသဖြင့် နောင်တရတဲ့ အချိန်တွေ၊ မျက်ရည်ကျတဲ့အချိန်တွေ အကြိမ်ကြိမ် ရှိကြပါလိမ့်မယ်။ ကျွန်တော်တို့ လက်နက်ကိုင်တာဟာ မမှားပါဘူး၊ မှန်ပါတယ်။ အင်အားကြီး လက်နက်ကိုင်အဖွဲ့တွေ တိုက်ပွဲဝင်နေသလို ချင်းအမျိုးသားတပ်ဦးကလည်း တိုက်ပွဲဝင်နေပါတယ်။ ချင်းအမျိုးသားများ ကိုယ့်ကြမ္မာကိုယ်

ဖန်တီးခွင့် ရရှိဖို့အတွက် ချင်းအမျိုးသားတပ်ဦး/တပ်မတော်မရှိဘူးဆိုရင် ချင်းလူမျိုးနဲ့ချင်းအမျိုးသားများအတွက် နိုင်ငံရေး ဆွေးနွေးပွဲ စားပွဲဝိုင်းပေါ်မှာ ကိုယ်စားပြုမယ့်သူ မရှိပါဘူး။

အဲ့ဒါကြောင့် နှစ်ပေါင်းများစွာလုပ်လာခဲ့တဲ့ တော်လှန်ရေးသက်တမ်းမှာ အဖုအထစ်တွေ များစွာရှိပေမဲ့လည်း တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ်ပြီး သွေးစည်းညီညွှတ်ခြင်းအားဖြင့် ရှေ့ဆက်ချီတက်သွားကြဖို့ လိုအပ်ပါတယ်။ ဝတ်စုံမတူ ရောင်စုံလူမျိုးတွေ နေထိုင်တဲ့ ချင်းလဲန်းမှာ ကျွန်တော်တို့အားလုံး အတူလက်တွဲပြီး ချီတက်သွားကြဖို့ လိုအပ်သလို ဒီလိုလက်တွဲနိုင်ဖို့အတွက် ဒီညီလာခံကြီးက အင်မတန်မှ အရေးကြီးပါတယ်။ အဲ့ဒါကြောင့် လုပ်ငန်းနဲ့ လက်ရှိနိုင်ငံရေးသုံးသပ်ချက်များကို ခေါင်းဆောင်များက သုံးသပ်တင်ပြသွားကြမှာ ဖြစ်ပါတယ်။ အဲ့ဒီ ဖြစ်စဉ်များအပေါ် မူတည်ပြီး ညီလာခံကိုယ်စားလှယ်များကဆွေးနွေးဆုံးဖြတ်ချက်အတိုင်းတာဝန်ပေးသူတွေကချင်းအမျိုးသားတပ်ဦးရဲ့အမျိုးသားရေးကိုဆက်လက်ဆောင်ရွက်သွားကြမှာ ဖြစ်တယ်။

ခေါင်းဆောင်ကြီးများနဲ့ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ကျွန်တော်တို့တွေ ပွင့်လင်းညီညွှတ်စွာနဲ့ ဒီညီလာခံအစကနေ အဆုံးတိုင်အောင် တင်ပြချက်များ၊ သုံးသပ်ချက်များကို ပွင့်လင်းမြင်သာစွာနဲ့ တက်တက်ကြွကြွ ဆွေးနွေးကြပါလို့ အဖွင့်အမှာစကား ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ဝဝဝဝ

## အခန်း (၂)

# ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံသို့ ဗဟိုကော်မတီမှ တင်သွင်းသော လုပ်ငန်းအစီရင်ခံစာ

### နိဒါန်း

ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ်ပါတီညီလာခံအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး ယင်းလအတွင်းမှာပင် ပဉ္စမအကြိမ် ပါတီညီလာခံသက်တမ်း၊ ပထမအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကိုသော်လည်းကောင်း၊ ပထမအကြိမ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကိုသော်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။ ယင်း အစည်းအဝေးများတွင်ပင် ပါတီ၏ (၄) နှစ်တာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ရာ၌ လက်ကိုင် အသုံးပြုမည့် မဟာဗျူဟာ၊ နည်းဗျူဟာများနှင့် လုပ်ငန်းလမ်းညွှန်များကို ချမှတ်ခဲ့ကြသည်။ ယခုအစီရင်ခံစာတွင် (၄) နှစ်တာကာလအတွင်း အကောင်အထည်ဖော်ရန် ရည်မှန်းထားခဲ့သည့် လုပ်ငန်းစဉ်များထဲတွင်အကောင်အထည် ဖော်နိုင်သည့် လုပ်ငန်းများကိုသာ ဖော်ပြသွားမည်ဖြစ်သည်။ သုံးသပ်ချက်တွင်မူ လုပ်ငန်းအကောင်အထည် မဖော်နိုင်ခဲ့သည့် ကိစ္စရပ်များကိုလည်း သုံးသပ်တင်ပြသွားမည် ဖြစ်သည်။

### ချင်းအမျိုးသားတပ်ဦးနှင့် အပစ်အခတ်ရပ်စဲရေး

ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ်ပါတီညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်အား လက်ခံဆွေးနွေးသွားရန် ဆုံးဖြတ်ချက် ချမှတ်ထားသည်နှင့်အညီ ဗဟိုကော်မတီမှ "ချင်းအမျိုးသားတပ်ဦး၏အပစ်အခတ်ရပ်စဲရေးမှနိုင်ငံရေးအသွင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ" ကိုချမှတ်ကာပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲသို့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၅-၆) ရက်နေ့များတွင် စတင် ဝင်ရောက်ခဲ့သည်။ ပြည်နယ်အဆင့်ဆွေးနွေးပွဲတွင် အချက်(၉)ချက်ပါရှိသော "ချင်း ပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝရ ငြိမ်းချမ်းမှု ဖော်ဆောင်နိုင်ရေး ပဏာမ သဘောတူညီချက်" ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် လက်မှတ်ရေးထိုး နိုင်ခဲ့သည်။

၂၀၁၂ ခုနှစ် မေလ (၆-၇) ရက်နေ့များတွင် အချက် (၁၅) ချက်ပါရှိသော "ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့ကိုယ်စားလှယ်များက ချင်းငြိမ်းချမ်းရေး အကျိုးဆောင်ကိုယ်စားလှယ်များအား အသိသက်သေပြုလျက် သဘောတူလက်မှတ်ရေးထိုးသည့်သဘောတူညီချက်များ" ကို ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့အကြား သဘောတူညီချက် ပြုလုပ်ချုပ်ဆိုနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၇-၉) ရက်နေ့များတွင် "ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းမှုအပြီး နှစ်ဖက်လက်မှတ်ရေးထိုးသည့်သဘောတူညီချက်"ကိုဒီဇင်ဘာလ (၉) ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီအကြား သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။

### အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရတို့အကြား နှစ်ဖက်သဘောတူညီမှု ရရှိထားသော သဘောတူညီချက်ပေါင်း (၅၁) ချက်အနက် တချို့သာ အကောင်အထည်ဖော်မှု ပြုလုပ်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် သမ္မတဦးသိန်းစိန်ထံသို့ နှစ်ဖက်သဘော

တူညီချက်များအား စတင် အကောင်အထည်ဖော်ရန်ကမ်း လှမ်းခဲ့သော်လည်း ၎င်းမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုပြီးမှသာ ပြန်လည်အ ကောင်အထည်ဖော်ရန် အကြောင်းပြန်ကြားခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် ချုပ်ဆိုသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့်တိုင်း ရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆို သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်ပါ နိဒါန်း နှင့် ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ တွင် "ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသော သဘောတူ ညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်း အတည်ပြု ရန်" ဟူ၍ အတိအလင်းပါရှိသဖြင့် ချင်းအမျိုးသားတပ်ဦး နှင့် ပြည်ထောင်စုအစိုးရအကြား ချုပ်ဆိုခဲ့သည့် သဘောတူ ညီချက်များသည် ဆက်လက် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ ဖြစ်သည်ကို တွေ့ရှိရပေသည်။ ယနေ့အ ထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော သဘော တူညီချက်များကို ဖော်ပြသွားပါမည်။

## ပြည်နယ်အဆင့် သဘောတူညီချက် အကောင်အထည် ဖော်မှု အခြေအနေ

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၆) ရက်နေ့တွင် ချင်းပြည်နယ် အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား သဘောတူညီ မှု ရရှိခဲ့သည့်အချက်ပေါင်း (၉) ချက်အနက် သဘောတူညီ ချက် (၁)(၂)(၃)(၄)(၅) တို့သည် အကောင်အထည် ဖော်ပြီး ဖြစ်၍ သဘောတူညီချက်(၆)(၈)သည် အကောင်အထည် ဖော်ဆဲဟု မှတ်ယူနိုင်သည်။ သဘောတူညီချက် (၇)(၉) သည် အကောင်အထည်မဖော်ရသေးသော အချက်များဖြစ် သည်။

## ပြည်ထောင်စုအဆင့် သဘောတူညီချက် အကောင် အထည်ဖော်မှု အခြေအနေ

၂၀၁၂ခုနှစ်၊မေလ(၇)ရက်နေ့တွင်ချုပ်ဆိုသည့်ပြည်ထောင် စုအဆင့် ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦးတို့၏ သဘောတူညီချက်တွင် ပါရှိသည့် အချက်များအနက် သဘောတူညီချက် (၁)(၂)(၃)(၆) (၈)(၁၀) (၁၁) (၁၂) တို့သည် အကောင်အထည်ဖော်ပြီးသော အချက်များဖြစ် ပြီး သဘောတူညီချက် (၄) (၅) သည် ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံမှစ၍ အဆက်ဆက်သော နိုင်ငံရေးဆွေးနွေး ပွဲများနှင့် ညီလာခံများတွင် ထည့်သွင်းဆွေးနွေးသွားရန် တစ် နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ၌ သဘောတူ လက်မှတ်ရေးထိုးပြီး ဖြစ်သဖြင့် အကောင်အ ထည်ဖော်နေသော အချက်များဖြစ်သည်။ သဘောတူညီ ချက် (၇)(၉)တို့သည် အကောင်အထည် မဖော်ရသေးသော အချက်များဖြစ်သည်။

၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ပြည် ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား ချုပ်ဆိုသည့် သဘောတူ ညီချက်များတွင်ပါရှိသည့် ချင်းအမျိုးသားရေးဆိုင်ရာ သ ဘောတူညီချက်များအနက် (၂)(၃)(၄) တို့သည် အကောင် အထည်ဖော်ပြီးသောအချက်များဖြစ်ပြီး သဘောတူညီချက် (၁)သည်လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်နိုင် ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ထည့်သွင်း စဉ်းစားဆွေး နွေးသွားရန်ဖြစ်သည်။ သဘောတူညီချက် (၅)(၆) သည် အကောင်အထည်မဖော်ရသေးသောအချက်များဖြစ်သည်။ စစ်ဘက်ဆိုင်ရာသဘောတူညီချက်တွင် ပါရှိသည့်အချက် များအားလုံး {သဘောတူညီချက် (၇)(၈)(၉)(၁၀)(၁၁)} တို့သည် အကောင်အထည်ဖော်ပြီးသော အချက်များဖြစ်ပြီး ၈(ခ)တွင်ပါရှိသည့်ပလက်ဝနယ်မြေအတွင်းချင်းအမျိုးသား တပ်မတော်သားများ အခြေစိုက် လှုပ်ရှားနေထိုင်နိုင်ရေး အတွက်မှု တတိယအကြိမ် ပြည်ထောင်စုဆွေးနွေးပွဲတွင် ဆွေးနွေးရန် ဖြစ်သဖြင့် အကောင်အထည် မဖော်ရသေး သောအချက် ဖြစ်သည်။ ဖွံ့ဖြိုးရေးဆိုင်ရာ သဘောတူညီ ချက်များအနက် သဘောတူညီချက်(၁၂) (၁၄) တို့သည် ဆောင်ရွက်ပြီးသော အချက်ဖြစ်ပြီး သဘောတူညီချက်(၂၀) သည် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အ ချက်ဖြစ်သည်။ လူမှုရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်တွင် ပါရှိသည့် အချက်များထဲတွင် သ ဘောတူညီချက် (၂၆) မှအပ ကျန်အချက် (၆) ချက်မှာ အ ကောင်အထည်မဖော်ရသေးသော အချက်များဖြစ်သည်။

ထို့ကြောင့် NLD အစိုးရတက်လာပါက ဦးသိန်းစိန် အစိုးရနှင့် သဘောတူညီထားပြီးသည့်အတိုင်း ချင်းအမျိုး

သားရေး၊ ချင်းပြည်အရေးနှင့်ပတ်သက်သည့် သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်ရေး အလျင်အမြန် လုပ်ဆောင်ရန်လိုအပ်သည်။

### တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဆိုခြင်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပြုလုပ်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ WGEC ဦးဆောင်မှုဖြင့် စတင်ကြိုးပမ်းလာခဲ့ရာ ၂၀၁၃ ခုနှစ်၊ မေလတွင်မူကြမ်းတစောင်ထွက်လာခဲ့သည်။ သို့သော် ယင်းမူကြမ်းအား မည်သည့်အဖွဲ့အစည်း၊ တပ်ပေါင်းစုမှအစိုးရနှင့် သွားရောက်တွေ့ဆုံဆွေးနွေးမည်ဆိုသည့်အချက်နှင့် ပတ်သက်၍ သဘောတူညီမှု မရရှိနိုင်ခဲ့သဖြင့် အစိုးရနှင့် ဆွေးနွေးရေးအတွက် (၆)လကြာ ရှေ့မတိုးနိုင်ဘဲ ရပ်တန့်ခဲ့ရသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO) ဦးဆောင်မှုဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနီးပါး ပါဝင်သော လိုင်ဇာညီလာခံကို ကျင်းပပြုလုပ်ကာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ (၂) ရက်နေ့တွင် လိုင်ဇာသဘောတူညီချက်ကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း(၁၇)ဖွဲ့ အကြားသဘောတူညီမှု ရရှိနိုင်ခဲ့သည်။

ယင်းညီလာခံမှပင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) ကိုဖွဲ့စည်း၍ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တွေ့ဆုံမှုပြုလုပ်ခဲ့ကာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက်ညှိနှိုင်းမှု လုပ်ငန်းစဉ်ကို စတင် ပြုလုပ်ခဲ့သည်။

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ(၂၀-၂၅)ရက်နေ့များတွင် KNU ထိမ်းချုပ်နယ်မြေ လောခီးလာအရပ်၌ ဒုတိယအကြိမ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ညီလာခံကို ကျင်းပခဲ့သည်။ ယင်းညီလာခံမှ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(မူကြမ်း)ကိုပြုစုခဲ့သည်။ ယင်းစာချုပ်မူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့်ဆက်လက်ညှိနှိုင်းမှုပြုလုပ်ရန် NCCT ကိုဆက်လက်တာဝန်ပေးအပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် NCCT အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ညီလာခံနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ညီလာခံကို KIOဗဟိုဌါနချုပ်၊ လိုင်ဇာတွင် ပြန်လည်ကျင်းပခဲ့ရာပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် NCCT တို့အကြား ညှိနှိုင်းရရှိထားသည်များနှင့် အခက်အခဲကြုံတွေ့ခဲ့ရသည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ နှင့် NCCT တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (မူချော)တစောင်ကို သမ္မတဦးသိန်းစိန် ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြင်ဆင်လိုသည့်အချက်များ ရှိနေသေးသည့်အပေါ် ဆက်လက်ညှိနှိုင်းနိုင်ရေးအတွက် ၂၀၁၅ခုနှစ်၊ မေလတွင်ကျင်းပသည့် လောခီးလာ ဒုတိယအကြိမ်ညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ NCCT/SD နှင့်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့အနေဖြင့် တရားဝင်တွေ့ဆုံပွဲ(၉)ကြိမ်၊ အလွတ်သဘော တွေ့ဆုံပွဲ အကြိမ်ကြိမ်ပြုလုပ်ကာ ၂၀၁၅ ခုနှစ် ဩဂုတ်လ (၇) ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို ပါဝင်လက်မှတ်ရေးထိုးမည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များမှအပ အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန် နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များဖြစ်ကြသော KNU ဥက္ကဋ္ဌ၊ KIO ဒုတိယဥက္ကဋ္ဌ၊ NMSP ဥက္ကဋ္ဌ၊ KNPP ဥက္ကဋ္ဌ နှင့် SSPP မှ နယကကြီးအပါအဝင် SD ခေါင်းဆောင် (၃)ဦး နှင့် NCCT မှ ခေါင်းဆောင်(၁) ဦးတို့ တွေ့ဆုံဆွေးနွေးကာ NCA တွင် ပါဝင် လက်မှတ်ရေးထိုးကြမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိစ္စနှင့် အသိသက်သေနိုင်ငံများအဖြစ် လက်မှတ်ရေးထိုးကြမည့် နိုင်ငံများကိစ္စကို ဆွေးနွေးညှိနှိုင်းခဲ့ကာ လက်မှတ်ရေးထိုးမည့်နေ့ရက်ကို အောက်တိုဘာလ (၁၅) ရက်နေ့တွင် ပြုလုပ်ရန် ရာထားသတ်မှတ်ခဲ့ကြသည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၈-၃၀) နေ့ရက်များတွင် ထိုင်းနိုင်ငံ၊ဇင်းမယ်မြို့တွင်ပြုလုပ်သည့်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ညီလာခံတွင် လတ်တလော လက်မှတ်ရေးထိုးနိုင်သည့် အဖွဲ့အစည်း (၈) ဖွဲ့နှင့် လတ်တလော လက်မှတ်မရေးထိုးနိုင်သေးသည့် အဖွဲ့အစည်းများဟူ၍ ဖက်နစ်ဖက်ရှိနေပြီး မတူကွဲပြားသော ချဉ်းကပ်မှုနည်းနာဖြင့် နိုင်ငံရေးတွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် အပြန်အလှန်နားလည်မှု ရယူခဲ့ကြသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ(၁၅) ရက်နေ့တွင် ပြည် ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ စာချုပ်ချုပ်ဆိုပြီး(၁၅)ရက်နေ့အတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (Joint Implementation and Coordination Committee-JICM) ပြုလုပ်ကာ စာချုပ်ပါအတိုင်း ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Joint Dialogue Committee- UPDJC) ကိုဖွဲ့စည်းခဲ့သည်။ JMC မှ (၁) လအတွင်း နှစ်ဖက်လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဖက်ဆိုင်ရာကျင့်ဝတ်များကို ရေးသားပြုစုအတည်ပြုခဲ့ပြီး UPDJC မှလည်း (၂) လအတွင်း နိုင်ငံရေးဆွေးနွေးမှုမူဘောင်များကို ရေးဆွဲအတည်ပြုခဲ့ကြသည်။ ယင်း (၂) ခုအား JICM မှလဲအတည်ပြုပေးခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂-၁၅) ရက်နေ့များတွင် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ( Union Peace Conference- UPC) ကို စတင်ကျင်းပခဲ့ပြီး NCA မှတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို တညီတညွတ်တည်း သဘောတူနိုင်ကြသဖြင့် ပြည်တွင်းငြိမ်းချမ်းအကောင်အထည်ဖော်နိုင်ရေးနှင့် တိုင်းရင်းသားပြည်သူအများ မျှော်လင့်တောင့်တလျက်ရှိသေ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ယူဆရသည်။

## ချင်းအမျိုးသားတပ်ဦးနှင့် ပြည်သူတွေ့ဆုံပွဲ

ချင်းအမျိုးသားတပ်ဦး၏ အပစ်အခတ်ရပ်စဲရေးမှ နိုင်ငံရေးအသွင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင်ပါရှိသည့် အဆင့် (၂) (၂-၁)အရသော်လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၆) ရက်နေ့တွင် ချင်းပြည်နယ်အစိုးရနှင့် ပဏာမ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အမှတ် (၅)အရသော်လည်းကောင်း၊၂၀၁၂ခုနှစ်၊မေလ(၇)ရက်နေ့တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် ပထမအကြိမ် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အမှတ်(၆)အရသော်လည်းကောင်းချင်းပြည်နယ်အတွင်းနှင့်ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုးသားများနှင့် ပြည်သူ့တွေ့ဆုံပွဲများပြုလုပ်ကာ ချင်းပြည်သူများနှင့် ချင်းအမျိုးသားများ၏ ဆန္ဒသဘောထားများကိုရယူခဲ့သည်။ထိုသို့ပြည်သူ့သဘောထားရယူနိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦးသည် ပြည်သူ့တွေ့ဆုံပွဲများ ကို ၂၀၁၃ခုနှစ် ဧပြီလ (၂၂)ရက်နေ့မှစ၍ နှစ်ကုန်အထိ ချင်းပြည်နယ်အတွင်းနှင့် ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုးသားများထံတွင် လူဦးရေအချိုးအစားအရ ကိုယ်စားပြုမှုကို အခြေခံ၍ ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် ချင်းပြည်နယ် (၉)မြို့နယ်နှင့်မြို့နယ်ခွဲ(၄)ခုတွင်စုရပ်(၈၆)ဦကျေးရွာပေါင်း (၆၂၅)မှ ပြည်သူပေါင်း(၁၉၅၃၀) နှင့် တွေ့ဆုံနိုင်ခဲ့သည်။ ချင်းပြည်နယ်ပြင်ပ ရန်ကုန်၊ မန္တလေး၊ ကလေး-ကဘော်ဒေသများတွင် စုရပ် (၁၀)ရပ် ချင်းပြည်သူပေါင်း (၃၉၀၃) ဦးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ထိုသို့ပြည်သူ့တွေ့ဆုံပွဲများပြုလုပ်ရာတွင် မြို့နယ်အသီးသီး၊ ဒေသအသီးသီးမှ ပြည်သူကို ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များကို ပြည်သူများကိုယ်တိုင် ရွေးချယ်၍ စေလွှတ်ခဲ့ကြပြီး ပြည်သူ့သဘောထားအစစ် အမှန်ကို ရယူခဲ့သည်။

ချင်းပြည်နယ်အတွင်းနှင့် ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုးသားများနှင့် ချင်းပြည်သူများထံ လူထုသဘောထား ရလဒ်များအနက် အရေးကြီးသည့်သဘောထားများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းတည်ဆောက်ရာတွင် လူမျိုးတမျိုးတည်းသာနေထိုင်သည့် တိုင်းပြည်တွင် ကျင့်သုံးလျက်ရှိသည့် တပြည်ထောင်

စနစ် (Unitary)နှင့် လွတ်လပ်သော တိုင်းပြည်များ စုပေါင်းထားသည့် ပြည်ထောင်ပေါင်းစုစနစ် (Con-federation) တို့ဖြင့် မတည်ဆောက်ဘဲ နိုင်ငံရေးအရ တန်းတူမှု၊ လူမျိုးရေးအရ တန်းတူမှုရှိ၍ လူမျိုးတိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်ထောင်စုစနစ် (Federal)ဖြင့် တည်ဆောက်ရန် ချင်းပြည်နယ်အတွင်း ရှိပြည်သူများ၏ ၈၆.၅၀ ရာခိုင်နှုန်း၊ ချင်းပြည်နယ်ပြင်ပ ရှိ ချင်းအမျိုးသားများ၏ ၉၃.၃၇ ရာခိုင်နှုန်းက တခဲနက် သဘောထား ပေးခဲ့ကြသည်။

(၂) အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံကို ဖွဲ့စည်းတည် ဆောက်ရာတွင် လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၆၀) ကျော်ကာလများ၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ များတွင် ပြဋ္ဌာန်း၍ မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် တိုင်း (၇) တိုင်း၊ ပြည်နယ်(၇) ပြည်နယ်နှင့်ဗမာမဟုတ် သည့် တိုင်းရင်းသားများအား ပြည်နယ်ပေး၍ နိုင်ငံ တော်အာဏာအရပ်ရပ်အား ရယူထားသည့် ဗမာပြည် မ ပုံသဏ္ဍာန်မျိုးမဟုတ်ဘဲ အမျိုးသားပြည်နယ်များ နှင့် အမျိုးသားများ ပြည်နယ်များဖြင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အား တည်ဆောက်ရန် ချင်းပြည်နယ်အ တွင်းရှိ ပြည်သူများ၏ ၇၆.၃၂ ရာခိုင်နှုန်း၊ ချင်းပြည် နယ်ပြင်ပရှိချင်းအမျိုးသားများ၏၃၅ရာခိုင်နှုန်းကတခဲ နက်သဘောထား ပေးခဲ့ ကြသည်။

(၃) အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံကို ဖွဲ့စည်းတည် ဆောက်ရာတွင် လွှတ်တော်တရပ်သာထားရှိသည့် ပုံ သဏ္ဍာန်နှင့် လွှတ်တော်(၂)ရပ်ပေါင်းထားသည့်ပါလီမန် မှ ဥပဒေပြုခွင့်အာဏာအားလုံး ရယူထားသည့် ပုံ သဏ္ဍာန်မျိုးမဟုတ်ဘဲ အမျိုးသားပြည်နယ်များနှင့်အမျိုး သားများပြည်နယ်များကိုအခြေခံ၍ ဖွဲ့သည်းထားသည့် အမျိုးသားလွှတ်တော်နှင့် လူဦးရေအခြေခံဖြင့်ဖွဲ့စည်း ထားသည့် ပြည်သူ့လွှတ်တော်တို့အား အာဏာတူပေး ထားသည့် စနစ်ဖြင့် တည်ဆောက်ရန် ချင်းပြည်နယ်အ တွင်းရှိ ပြည်သူများ၏ ၈၉.၄၂ ရာခိုင်နှုန်း၊ ချင်းပြည်နယ် ပြင်ပရှိ ချင်းအမျိုးသားများ၏၅၅ ရာခိုင်နှုန်းက တခဲနက် သဘောထားပေးခဲ့ကြသည်။

(၃) ထိုသို့ အမျိုးသားလွှတ်တော် ဖွဲ့စည်းတည်ဆောက်ရာ တွင်ပြည်နယ်အသီးသီးမှတူညီသောလွှတ်တော်ကိုယ် စားလှယ်များဖြင့် ဖွဲ့စည်းသင့်ကြောင်း ချင်းပြည်နယ် အတွင်းရှိ ပြည်သူများ၏ ၉၄.၈၄ ရာခိုင်နှုန်း၊ ချင်းပြည် နယ်ပြင်ပရှိ ချင်းအမျိုးသားများ၏၆၅ ရာခိုင်နှုန်းက တခဲ နက်သဘောထား ပေးခဲ့ကြသည်။

(၄) အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖွဲ့စည်း တည်ဆောက်ရာတွင် သမ္မတစနစ်နှင့် စည်းမျဉ်းခံ ဘုရင်စနစ်မျိုးဖြင့် မတည်ဆောက်ဘဲ ပါလီမန်ဒီမိုက ရေစီစနစ်ဖြင့် တည်ဆောက်ရန် ချင်းပြည်နယ်အတွင်း ရှိပြည်သူများ၏ ၉၂.၃၈ ရာခိုင်နှုန်း၊ ချင်းပြည်နယ်ပြင်ပ ရှိ ချင်းအမျိုးသားများ၏ ၄၅ ရာခိုင်နှုန်းက တခဲနက် သဘောထား ပေးခဲ့ကြသည်။

(၅) အနာဂတ်တည်ဆောက်မည့် ဖယ်ဒရယ်ပြည်ထောင်စု နိုင်ငံတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်သဖြင့် ပြည်နယ်တိုင်း မိမိတို့ပြည်သူ လူထုမှရေးဆွဲထားသည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ သီးခြားစီ ပြဋ္ဌာန်းရေးဆွဲရန် လိုအပ်ကြောင်း ချင်း ပြည်နယ်အတွင်းရှိ ပြည်သူများ၏ ၉၃.၀၇ ရာခိုင်နှုန်း၊ ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုးသားများ၏ ၅၅ ရာခိုင် နှုန်းက တခဲနက်သဘောထားပေးခဲ့ကြသည်။

(၆) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံကိုတည်ဆောက်ရာတွင် နိုင်ငံတော်၏အချုပ်အချာအာဏာသည် နိုင်ငံသားများ ထံမှ ဆင်းသက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများသည် သာ အချုပ်အချာအာဏာ၏ အရင်းအမြစ်ဖြစ်ကြောင်း ချင်းပြည်နယ်အတွင်းရှိ၊ ပြည်သူများ၏ (၉၅.၈၃)ရာခိုင် နှုန်း၊ ချင်းပြည်နယ်ပြင်ပရှိခ ျင်းအမျိုးသားများ၏ (၈၈) ရာခိုင်နှုန်းက တခဲနက် သဘောထားပေးခဲ့ကြသည်။

(၇) အနာဂတ်တည်ဆောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ သည် ဘာသာရေးကိုအခြေမခံသော နိုင်ငံဖြစ်ရန် လို အပ်ကြောင်း ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ၏ (၈၀.၆၉) ရာခိုင်နှုန်း၊ ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုး သားများ၏ (၇၇) ရာခိုင်နှုန်းက တခဲနက်သဘောထား ပေးခဲ့ကြသည်။

(၈) အနာဂတ်တည်ဆောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တပ်မတော်၏ အခန်းကဏ္ဍသည် အရပ်သား အုပ်ချုပ်ရေးအောက်တွင် ထားရှိရန် လိုအပ်ကြောင်း ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ၏ (၈၅.၃၆) ရာခိုင်နှုန်း၊ ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုးသားများ၏ (၆၂) ရာခိုင်နှုန်းက အခဲနက်သဘောထားပေးခဲ့ကြသည်။

(၉) ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်သည့် နိုင်ငံသားများမှ လိုအပ်သလို ပြင်ဆင်သင့်ပါကြောင်း ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ၏ ၇၁.၉၈ ရာခိုင်နှုန်း၊ ချင်းပြည်နယ်ပြင်ပရှိ ချင်းအမျိုးသားများ၏ ၄၆ ရာခိုင်နှုန်းက တခဲနက် သဘောထားပေးခဲ့ကြသည်။

ဤပြည်သူ့တွေ့ဆုံပွဲအတွက် ကုန်ကျစရိတ်အား ဒိန်းမတ်နိုင်ငံမှ ထောက်ပံ့မှုပေးခဲ့ပြီး ချင်းအမျိုးသားတပ်ဦး ဆက်ဆံရေးရုံးမှ အဓိက တာဝန်ယူအကောင်အထည်ဖော်ခြင်းဖြစ်သည်။

## ချင်းအမျိုးသားညီလာခံကျင်းပခြင်း

ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြည်သူ့တွေ့ဆုံပွဲမှ ရရှိသောရလဒ်အားချင်းတမျိုးသားလုံးလက်ခံသောရလဒ်မျိုးဖြစ်လာစေရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပြည်သူ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်လာစေရေးအတွက် ချင်းအမျိုးသားညီလာခံတရပ်ကို ကျင်းပပြုလုပ်ရန် လုပ်ငန်းစဉ်တရပ်အနေဖြင့် ချမှတ်ထားခဲ့သည်နှင့်အညီ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်စေလျက် ကျင်းပရေးကော်မတီတရပ် ဖွဲ့စည်းကာ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ လ(၁၂-၁၅)ရက်နေ့အထိ ချင်းအမျိုးသားညီလာခံတရပ်ကို ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းညီလာခံ၌ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ချင်းနိုင်ငံရေးပါတီများ၊ မြို့နယ်နှင့်ဒေသအသီးသီးမှ ရပ်မိရပ်ဖနှင့် ချင်းမျိုးနွယ်စု ခေါင်းဆောင်များ၊ ချင်းအရပ်ဖက်အဖွဲ့အစည်းများနှင့် ဘာသာ အသီးသီးမှ ခေါင်းဆောင်များအပါအဝင် ကိုယ်စားလှယ်ပေါင်း (၅၇၁) ဦး တက်ရောက်ခဲ့သည်။

ချင်းအမျိုးသားညီလာခံမှ လက်ရှိပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ ဇစ်မြစ်ကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးကိုရည်ရွယ်၍ "အားလုံးသဘောတူညီသောနိုင်ငံရေးဆွေးနွေးမှုမူဘောင်" တရပ်ကို ချမှတ်ခဲ့ကြသည်။ တဆက်တည်းတွင်ပင် တပြည်လုံးအတိုင်းအတာဆောင်သော အပစ်အခတ်ရပ်စဲရေးပြုလုပ်ကာ အမျိုးသားအဆင့်နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် ညီလာခံမှ တညီတညွတ်တည်းတောင်းဆိုခဲ့သည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်သော လမ်းညွှန်အခြေခံမူများကို ချမှတ်ပြီး ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီး၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို စစ်မှန်သော ဖက်ဒရယ်စနစ်သို့ ဦးတည်ပြီး ပြင်ဆင်ရန် သဘောထားချမှတ်ခဲ့ကြသည်။ ထို့အပြင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ သဘာဝအရင်းအမြစ်ဆိုင်ရာ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်တွင် ပြည်နယ်အစိုးရက ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခွင့်ရှိရန်နှင့် ဒေသခံဌါနေတိုင်းရင်းသားများ၏ သဘောတူညီမှုနှင့် ပါဝင်မှုကို ဦးစားပေးဆောင်ရွက်ရန်လည်းကောင်း၊ သဘာဝအရင်းအမြစ်မှ ရရှိသောဝင်ငွေကို ပြည်ထောင်စုနှင့် ပြည်နယ်များအတွက် မျှဝေသော ခွဲဝေမှုစနစ်သတ်မှတ်၍ ဥပဒေပြဋ္ဌာန်းရန်အတွက်၎င်း၊ မြေယာနှင့်သဘာဝအရင်းအမြစ်ကိစ္စတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရန်အတွက်လည်းကောင်း ညီလာခံမှတောင်းဆိုမှု ပြုလုပ်ခဲ့သည်။

ချင်းအမျိုးသားညီလာခံအား ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသည့် ဖလမ်းညီလာခံနောက်ပိုင်း ပထမဦးဆုံးပြုလုပ်သောညီလာခံဖြစ်သဖြင့် ဒုတိယအကြိမ်ချင်းအမျိုးသားညီလာခံဟု ခေါ်ဝေါ်သမုတ်ရန် ညီလာခံ တက်ရောက်သူများက တညီတညွတ်တည်း သဘောထားချမှတ်ခဲ့ကြသည်။ ယင်းညီလာခံတွင် "နိုင်ငံရေးတွေ့ဆုံမှုဆိုင်ရာမူဘောင်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ"၊ "ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များဆိုင်ရာ ဆုံးဖြတ်ချက်များ"၊ "စီးပွားရေးဆိုင်ရာနှင့်အခြေခံအဆောက်အဦးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ"၊ "ပညာရေးဆိုင်ရာကိစ္စရပ်များ"၊ "မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာကိစ္စရပ်များ"၊ "ချင်းလူမျိုးဒုက္ခသည်များ ရေးဆိုင်ရာကိစ္စရပ်များ"၊ "ဥပဒေပြုရေးနှင့် တရားစီရင်ရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ"၊ "အမျိုးသားနှင့် အမျိုးသမီးတန်းတူရေးဆိုင်

ရာကိစ္စရပ်များ"၊ "ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့်ကိစ္စရပ်များ " နှင့် "ချင်းမျိုးနွယ်စု ၅၃ မျိုးအရေးကိစ္စရပ်များ" နှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များကိုအသီးသီးချမှတ်ခဲ့ကြသည်။

ဤညီလာခံ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ တရပ်အား ဒေသအခြေပြုကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များ၊ လူငယ်ကိုယ်စားလှယ်များ၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအမျိုးသားတပ်ဦး၊ ညီလာခံ Resource Person များ၊ ညီလာခံပူးပေါင်းကျင်းပရေး ကော်မတီများနှင့် တတ်သိပညာရှင်များ စုစုပေါင်း (၄၅) ဦးဖြင့် ဖွဲ့စည်းခဲ့ကြသည်။ ဤညီလာခံကြီးသည် ချင်းပြည်နယ်အတွင်းရှိ ချင်းလူမျိုးများ၊ ချင်းပြည်နယ်ပြင်ပရှိ ချင်းလူမျိုးများ၊ နိုင်ငံတကာရောက်ချင်းလူမျိုးများ၊ စုံညီစွာ တက်ရောက်ခဲ့ကြပြီး ချင်းအမျိုးသားများ၏ ဘုံရပ်တည်ချက်သဘောထားများ ချမှတ်နိုင်ခဲ့သဖြင့် ချင်းတမျိုးသားလုံး စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည့် ညီလာခံကြီးဖြစ်သည်။ ချင်းအမျိုးသားတပ်ဦး၏ လုပ်ဆောင်မှုများထဲတွင် ကြီးမားသောအောင်မြင်မှုတရပ်ဖြစ်သည်ဟု မှတ်တမ်းတင်ရမည့် ဖြစ်စဉ်ကြီးတခု ဖြစ်ပေသည်။

## ချင်းအမျိုးသားတပ်ဦး နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်

၁၉၈၈ ခုနှစ်မှ စတင်ခဲ့သည့် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားတော်လှန်ရေးကာလ၌ ချင်းပြည်နယ်အတွင်း အသက်ဦးအိမ်စည်းစိမ် ထိခိုက်နစ်နာဆုံးရှုံးခဲ့ကြသည့် ရပ်မိရပ်ဖများနှင့် ချင်းအမျိုးသားတပ်ဦးအကြား အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရန် ပထမအကြိမ် ဗဟိုကော်မတီတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်နှင့်အညီ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကိုစာတမ်းပြုစု၍အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း လိုအပ်သလောက် ရှေ့မတိုးနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်ဗဟိုကော်မတီအစည်းအဝေးတွင် ခရစ်ယာန်သိက္ခာတော်ရဆရာတော်ကြီးများ၏အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုအား ကြိုဆိုလက်ခံခဲ့သည်။

၂၀၁၅ခုနှစ်၊ဖေဖော်ဝါရီလ (၁၀-၁၁)ရက်နေ့များတွင်ဖလမ်း၊ တီးတိန် နှင့် ဟားခါးဖက်မှ ဘာသာရေး ခေါင်းဆောင်များနှင့် အများပြည်သူလေးစားသော ပုဂ္ဂိုလ်များကို ဖိတ်ကြားကာ ကလေးမြို့တွင် တွေ့ဆုံဆွေးနွေးပွဲတခု ကျင်းပပြုလုပ်ခဲ့သည်။ ယင်းတွေ့ဆုံပွဲတွင် ဖလမ်း နှင့် ဟားခါးဖက်မှ ဘာသာရေးဆရာတော်များနှင့်အများကြည်ညိုလေးစားသောပုဂ္ဂိုလ်တချို့ တက်ရောက်ခဲ့သော်လည်း တီးတိန်ဖက်မှ တက်ရောက်လာခြင်း မရှိခဲ့ပေ။ သို့သော် တက်ရောက်လာကြသည့်ပုဂ္ဂိုလ်များမှ အားတက်သရောဆွေးနွေးခဲ့ကြသဖြင့် တစုံတရာ နားလည်မှုတည်ဆောက်နိုင်ခဲ့သည်ဟုဆိုရပေမည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ချင်းအမျိုးသားတရပ်လုံး စည်းလုံးညီညွတ်ရေး၊ ယနေ့ကြုံတွေ့နေရသောနိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းနိုင်ရေး၊ ချင်းပြည်သူနှင့် ချင်းအမျိုးသားများ အဖက်ဖက်မှ ဖွံ့ဖြိုးတိုး တက်လာစေရေး၊ အမျိုးသား ရပ်တည်ရှင်သန်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မည့် "ချင်းအမျိုးသားညီညွတ်ရေး ဦးဆောင်ကော်မတီ" ကို နောက် (၆)လအတွင်း ဖွဲ့စည်းရန်သဘောတူညီခဲ့ကြသည်။

ဒုတိယအကြိမ် ချင်းခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေးကော်မတီကို ဘာသာရေးခေါင်းဆောင် (၈) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း ပြန်လည်တွေ့ဆုံကြရန်ဖြစ်သော်လည်း ယနေ့အထိ အကောင်အထည် ဖော်နိုင်ခြင်း မရှိသေးပေ။ ဤတွေ့ဆုံဆွေးနွေးပွဲသည် ချင်းလူမျိုးများအကြား ပိုမိုခိုင်မာသော နားလည်မှုကိုဖြစ်ပေါ်စေပြီး နောင်အနာဂတ်တွင် ချင်းအမျိုးသားရေးရာကိစ္စရပ်များကို ဆထက်တံပိုး ပူးပေါင်းဆောင်ရွက် သွားစေနိုင်မည်ဟု မျှော်လင့်သည်။

## ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ခံမှုနှင့် ချင်းအမျိုးသားတပ်ဦး

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတဝှမ်းလုံး၌ သန်းခေါင်စာရင်းကောက်ခံရာတွင် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးကို အခြေခံ၍ကောက်ခံရန် စီစဉ်ဆောင်ရွက်မှုအား ချင်းအမျိုးသားတပ်ဦးအနေဖြင့် ကန့်ကွက်မှုပြုလုပ်ခဲ့ပြီး တနိုင်ငံလုံးသို့ ထုတ်ပြန်ကြေညာချက်ဖြင့် အသိပေးခဲ့သည်။ ဤသန်းခေါင်စာရင်းကောက်ခံရာတွင် ချင်းမျိုးနွယ်စု

များအား အနဲဆုံး (၅၃) မျိုးခွဲ၍ လူမျိုးအမည်နာမအဖြစ် ပြောင်းလဲသတ်မှတ်၍ ချင်းအမျိုးသားများအား အစိပ်စိပ်အမွှာမွှာကွဲပြားသွားရန် ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်သည် ဟု ချင်းအမျိုးသားတပ်ဦးအနေဖြင့် ယူဆခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ချင်းအမျိုးသားတပ်ဦးအနေဖြင့် ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံ၏ဆုံးဖြတ်ချက်ဖြစ်သည့် "ချင်း ဟူသောအမည်အား လူမျိုးအမည် (သို့) အမျိုးသားအမည် အဖြစ်အသုံးပြုရန်နှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်း ကောက်ယူရာတွင် လူမျိုး၏နေရာ၌ ချင်းဟူ၍သာ ထည့်သွင်းရန်" ဟူသော ဘုံသဘောထားရပ်တည်ချက်ကို လက်ခံထားသည်နှင့်အညီ ချင်းတမျိုးသားလုံး အဆိုပါရပ်တည်ချက်အတိုင်း ခိုင်ခိုင်မာမာရပ်တည်သွားကြရန် တိုက်တွန်းနိုးဆော်မှုပြုလုပ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအနေဖြင့် ချင်းအမျိုးသားတပ်ဦး၏ တောင်းဆိုချက်အား မလိုက်လျောသည့်အပြင် ချင်းအမျိုးသားတပ်ဦး၏ထိမ်းချုပ်ရာနယ်မြေများတွင်ပင် သန်းခေါင်စာရင်းကောက်ခံမှု ပြုလုပ်နိုင်ရေးအတွက် တောင်းဆိုမှုများပြုလုပ်ခဲ့သည်။ တပ်ဦးအနေဖြင့် မိမိတို့ထိမ်းချုပ်ရာ နယ်မြေများရှိ ကျေးရွာများတွင် သန်းခေါင်စာရင်းကောက်ခံခွင့် ခွင့်ပြုခဲ့သော်လည်း တပ်စခန်းများနှင့် ဗဟိုဌါနချုပ်တွင်မူ သန်းခေါင်စာရင်းကောက်ခံခွင့် မပေးခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့လက်ခံလိုက်ပါက အစိုးရ၏ချင်းလူမျိုး ၅၃ မျိုးမက ခွဲခြားသတ်မှတ်မှုအား လက်ခံရာရောက်မည့်အပြင် မိမိတို့၏ အင်အားအတိအကျကို စစ်တပ်မှ ရယူသွားမည် ဖြစ်သောကြောင့် ဖြစ်သည်။

ဝဝဝဝ

**ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်**

**၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊**

**၂။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် (The Right of Self – determination) ပြန်လည်ရရှိရန်နှင့်**

**၃။ ဒီမိုကရေစီစံနစ်ထူထောင်ရန်တို့ ဖြစ်သည်။**

# အမိပတိကောင်စီမှ ဆင့္ပမအကြိမ်ပါတီညီလာခံသို့ တင်သွင်းသော လုပ်ငန်းအစီရင်ခံစာ

## နိဒါန်း

ချင်းမျိုးချစ်ပုဂ္ဂိုလ်များထံသို့ ၂၀၁၀ ခုနှစ်တွင် ပေးပို့ခဲ့သော ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ်ညီလာခံ ခေါ်ရခြင်းစာတမ်းတွင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အနှစ် (၂၀) ကျော်ကြာ ဖြတ်သန်းလာခဲ့သော တော်လှန်ရေးခရီးကို ပြန်လည် သုံးသပ်ရာတွင် ချင်းသမိုင်း၌ မကြုံတွေ့ခဲ့ဖူးသော ဖြစ်ပေါ်ပြောင်းလဲမှုများ တွေ့မြင်ပြီး ကောင်းသော အကျိုးဆက်များစွာ စွမ်းဆောင်နိုင်ခဲ့သော်လည်းပဲ မျှော်မှန်းသလောက် အမျိုးသားသွေးစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ခြင်း မရှိပါဟု သုံးသပ်ကြပါသည်။ စည်းလုံးညီညွတ်မှုမရရှိနိုင်ခြင်း၏ ပယောဂများကြောင့် တော်လှန်ရေးလုပ်ငန်း၌ စစ်ရေး၊ နိုင်ငံရေးနှင့် အမျိုးသားရေးနယ်ပယ်တွင် အင်အားမတောင့်တင်းနိုင် ဖြစ်စေခဲ့ပါသည်။ တဖန် ဤသို့သော အခြေအနေများကြားတွင် ချင်းမျိုးနွယ်စုံ၊ ဒေသစုံပုဂ္ဂိုလ်များမပါဘဲ ချင်း (သို့) မျိုးနွယ်စုနာမည်ခံ အဖွဲ့အစည်းများ ထူထောင်ကာ လှုပ်ရှားနေမှုများသည် စစ်မှန်သော အမျိုးသားသွေးစည်းညီညွတ်ရေးသို့ မရောက်စေနိုင်သည့်အပြင် ကြီးမားသော စိတ်ဝမ်းကွဲမှုအန္တရာယ်သို့ ကျရောက်စေနိုင်သည်ဟု သုံးသပ်ပါသည်။

ဤသို့သော အားနည်းချက်များကို အမျိုးသားရေးစေတနာမှန်ဖြင့် ဦးတည်ဖြည့်စွက်၍ တောင့်တင်းခိုင်မာသော အင်အားတည်ဆောက်နိုင်ရန် ချင်းမျိုးနွယ်စုံ၊ ဒေသစုံမှ အထင်ကရပုဂ္ဂိုလ်ကြီးများ၊ ပြည်တွင်းပြည်ပရှိ တတ်သိပညာရှင်များနှင့် အခြားမျိုးချစ်ခေါင်းဆောင်များ ပါဝင်လာသော ချင်းတော်လှန်ရေးအဖွဲ့ကြီး ဖြစ်မြောက်လာနိုင်ရေးအတွက် အရေးပေါ်ညီလာခံတစ်ရပ် ကျင်းပရန်လိုအပ်သည်ဟု သုံးသပ်ခဲ့ပါသည်။ ဤလိုအပ်ချက်နှင့်အညီ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လတွင်ကျင်းပသော ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ အရေးပေါ်ညီလာခံကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၎င်းအရေးပေါ်ညီလာခံကိုယ်စားလှယ်များအဖြစ် ဖိတ်ကြားရာတွင် ချင်းအမျိုးသားတပ်ဦး ပါတီဝင်ခြင်း/မဝင်ခြင်းကိုလည်းကောင်း၊ ချင်းအမျိုးသားတပ်မတော် စစ်သင်တန်းယူခြင်း/ မယူခြင်းကိုလည်းကောင်း၊ အခြေမခံဘဲ ချင်းမျိုးနွယ်စုံ၊ ဒေသစုံမှ သြဇာရှိပုဂ္ဂိုလ်များကိုဖြစ်စေ၊ ပြည်တွင်းပြည်ပရှိ ချင်းမျိုးချစ်ခေါင်းဆောင်များနှင့် တတ်သိပညာရှင်များအပြင် ချင်းအမျိုးသမီးများကိုပါဖြစ်စေ၊ အရေးပေါ်ညီလာခံကိုယ်စားလှယ်များအဖြစ် ဖိတ်ခေါ်ရန် အခြေခံလမ်းညွှန်များ ချမှတ်ခဲ့ပါသည်။

## ကိုယ်စားလှယ်စာရင်းအား အစုအဖွဲ့ (သို့) အင်အားစုအလိုက် ပြုစုဖိတ်ခေါ်ခြင်း

အထက်ပါအခြေခံမှုအရ ချင်းတော်လှန်ရေးတွင် ချင်းအမျိုးသားတပ်ဦး၏အမျိုးသားနိုင်ငံရေးဦးဆောင်သော လုပ်ငန်းရပ်များကို ပိုမိုကျယ်ပြန့်၍ အင်အားတောင့်တင်းစေရန်အင်အားစု(၃)စုကိုအခြေခံပြီးဖိတ်ခေါ် ကာပြန်လည်ဖွဲ့စည်းရန် ဦးတည်ထားပါသည်။ ဤဦးတည်ချက်နှင့်အညီ ကာလကြာရှည်လက်နက်ကိုင်တော်လှန်ရေးတွင်အတွေ့အကြုံရှိနေပြီးသော ချင်းအမျိုးသားတပ်ဦးမှ ခေါင်းဆောင်များ အင်အားစု၊ ချင်းသမိုင်းကြောင်းနှင့် ချင်းလူ့ဘောင်ဖွဲ့စည်းမှုအရ တည်ရှိနေသော ချင်းမျိုးနွယ်စုံအဖွဲ့နှင့် ဒေသစုံအဖွဲ့များမှ အထင်ကရပုဂ္ဂိုလ်များ အင်အားစု၊ ပြည်တွင်းပြည်ပရှိ ချင်းမျိုးချစ်ပုဂ္ဂိုလ်များအပြင်တတ်သိပညာရှင်များနှင့်အမျိုးသမီးများအင်အားစု၊ စသဖြင့် ကျယ်ပြန့်စွာ စည်းရုံးဖိတ်ကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အရေးပေါ်ညီလာခံကြီး ကျင်းပရေးကော်မတီအနေဖြင့် မျိုးနွယ်စုံ/ ဒေသစုံမှ အထင်ကရ ပုဂ္ဂိုလ်ကြီးများအား အမျိုးသားတော်လှန်ရေးလုပ်ငန်းတွင် ပါဝင်လာရေးကို ဦးစွာပထမဦးစားပေး ဖိတ်ကြားခဲ့ပါသည်။ ထို့အပြင် လွန်စွာအရေးပါသော အခြားချင်းခေါင်းဆောင်ကြီးများ

ကိုလည်း ၎င်းတို့နေထိုင်ရာအသီးသီးသို့ ဆက်သွယ်ပြီး ညီလာခံတွင် ပါဝင်တက်ရောက်ပေးပါရန် ဆက်လက်ဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ ဖိတ်ကြားခြင်းခံခဲ့ကြသော ခေါင်းဆောင်များအနေဖြင့် ချင်းအမျိုးသားရေး၏သမိုင်းပေးတာဝန်ကိုအလေးအနက်ထားပြီးအရေးပေါ်ညီလာခံကိုတက်ကြွစွာပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ဤသို့အားဖြင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ချင်းတော်လှန်ရေးသမိုင်း၌ အမျိုးသားသွေးစည်း ညီညွတ်ရေးကို ထူးခြားပြောင်မြောက်စွာဖြင့် တည်ဆောက်နိုင်ခဲ့ပါသည်။

## Supreme Council အဓိပတိကောင်စီ ဖွဲ့စည်းခြင်း

အရေးပေါ်ညီလာခံ အောင်မြင်မှုများအနက် အများပြည်သူ၏စိတ်ဝင်စားမှုအရှိဆုံးနှင့်အထူးခြားဆုံးမှာချင်းမျိုးနွယ်စုံ၊ ဒေသစုံမှ အထင်ကရပုဂ္ဂိုလ်ကြီးများ အမျိုးသားတော်လှန်ရေးတွင်ပါဝင်မှုကို လေးနက်စေသည့် အဓိပတိကောင်စီ (Supreme Council) ပေါ်ပေါက်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦး၏ ဇဟိုကော်မတီသစ်တွင် မျိုးနွယ်စုံ၊ ဒေသစုံကိုယ်စားပြု အဓိပတိကောင်စီဝင်လူကြီးအနေအထားဖြင့်ခေါင်းဆောင်များအားနေရာပေးပါဝင်စေခြင်းကို ချင်းပြည်သူများက အားရကျေနပ်ဖြစ်ခဲ့ကြပါသည်။ အကြောင်းမှာ အများပြည်သူစိတ်အာရုံတွင် ချင်းအမျိုးသားတပ်ဦး၏တော်လှန်ရေးလှုပ်ရှားမှု၌ ချင်းမျိုးနွယ်စုအများအပြားနှင့် ဒေသ/မြို့နယ် အများစုပါဝင်ခြင်းမရှိကြောင်း ထောက်ပြပြောဆိုလျက် ရှိကြသည်။ ဤလိုအပ်ချက်ကို ဖြည့်စွက်ပေးရာရောက်သောကြောင့် ထောက်ခံကြိုဆိုကြခြင်းဖြစ်သည်။ ထို့အပြင် အဓိပတိကောင်စီသည် ချင်းပြည်နယ်ရှိမြို့နယ်အားလုံးနှင့် ချင်းပြည်နယ်ပြင်ပရှိ ချင်းမျိုးနွယ်စုများကိုပါ ကိုယ်စားပြု၍လှုပ်ရှားနေသော တော်လှန်ရေးအဖွဲ့အစည်းဖြစ်ကြောင်း ပေါ်လွင်စေပါသည်။

၂၀၁၁ခုနှစ်၊နိုဝင်ဘာလတွင်ကျင်းပသောချင်းအမျိုးသားတပ်ဦး၏ အရေးပေါ်ညီလာခံမှစ၍ အမျိုးသားရေးလုပ်ငန်းတွင် ချင်းမျိုးနွယ်စုံ၊ ဒေသစုံကို ကိုယ်စားပြု၍ အဓိပတိကောင်စီ (Supreme Council) ဝင်အဖြစ်ပါဝင်ခဲ့သော ခေါင်းဆောင်များသည် (၄) နှစ်တာတော်လှန်ရေးခရီးတွင် ၎င်းတို့ ကျရာအခန်းကဏ္ဍအသီးသီးတွင် လုပ်ငန်း တာဝန်ရပ်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော် ဘဏ္ဍာငွေ အကန့်အသတ်များကြောင့် စိတ်အားထက်သန်သလောက် မဆောင်ရွက်နိုင်ခဲ့သည့်အပိုင်းများလည်းရှိပါသည်။

## အဓိပတိကောင်စီအဖွဲ့ဝင်များ နာမည်စာရင်းနှင့် ကိုယ်စားပြုမှုများ

၁။ Pu Salai Kipp Kho Lian(တွန်းဇံမြို့နယ် ကိုယ်စားပြု)
၂။ Pu Nang Lian Thang (တီးတိန်မြို့နယ် ကိုယ်စားပြု)
၃။ Dr. Za Hlei Thang (ဖလမ်းမြို့နယ် ကိုယ်စားပြု)
၄။ Pu Lian Uk (ဟားခါးမြို့နယ် ကိုယ်စားပြု)
၅။ Pu Zo Tum Hmung (ထန်တလန်မြို့နယ် ကိုယ်စားပြု)
၆။ Pu Benjamin Turing (မတူပီမြို့နယ် ကိုယ်စားပြု)
၇။ Pu Mang Ling (ပလက်ဝမြို့နယ် ကိုယ်စားပြု)
၈။ Pu Thang Ning Kee (မင်းတပ်မြို့နယ် ကိုယ်စားပြု)
၉။ Pu Thang Ling Kee (ကန်ပလက်မြို့နယ် ကိုယ်စားပြု)
၁၀။ Pu Vung Za Khai (ထာဒိုမျိုးနွယ်စု ကိုယ်စားပြု)
၁၁။ Pu Lalramlawma (မီဇိုမျိုးနွယ်စု ကိုယ်စားပြု)
၁၂။ Pu Dr. Lian Hmung Sakhong (ချင်းတတ်သိပညာရှင်)
၁၃။ Pu Thomas Thang Nou (CNF ကိုယ်စားပြု)
၁၄။ Pu Thang Zen (CNF ကိုယ်စားပြု)
၁၅။ Pu Ral Hnin (CNF ကိုယ်စားပြု)
၁၆။ Pu Zing Cung (CNF, CEC ကိုယ်စားပြု)
၁၇။ Pu Paul Sitha (CNF, CEC ကိုယ်စားပြု)
၁၈။ Pu Sui Khar (CNF, CEC ကိုယ်စားပြု)
၁၉။ Pu Khua Uk Lian (CNF, CEC ကိုယ်စားပြု)

အစရှိသောကိုယ်စားပြုမှုများဖြင့်အဓိပတိကောင်စီ၏ (၄) နှစ်တာကာလအတွင်း လုပ်ငန်းများကို အသီးသီးတာဝန်ထမ်းဆောင်ကြခြင်း ဖြစ်သည်။

## အဓိပတိကောင်စီအစည်းအဝေးများ ကျင်းပခြင်း

(၁) ပထမအကြိမ် အဓိပတိကောင်စီ အစည်းအဝေးကို ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၂ -၂၄ ရက်တွင် မေရီလဲန်၊ အမေရိကန်ပြည်ထောင်စု၌ (၃) ရက်ကြာ ကျင်းပပြုလုပ်သည်။ အစည်းအဝေးသဘာပတိအဖြစ် ဥက္ကဋ္ဌ Dr. Za Hlei Thang ၊ ဥက္ကဋ္ဌ (အလှည့်ကျ) Pu Lian Uk တို့မှ ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အထွေထွေ

အတွင်းရေးမှူးချုပ် Pu Zing Cung နှင့်မတူပီမြို့နယ်မှ အမိပတိကောင်စီကိုယ်စားပြု Pu Benjamin Turing တို့မှ ဆောင်ရွက်သည်။ ဤအစည်းအဝေးတွင် အမိပတိကောင်စီဝင်လူကြီး (၁၂)ဦးပါဝင်တက်ရောက်ပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၁၇) ချက်ကို ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့သည်။

(၂) ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၂၅-၂၇) ရက်နေ့တွင် မေရီလဲန်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စု၌ (၃) ရက်ကြာကျင်းပ ပြုလုပ်နိုင်ခဲ့သည်။ အစည်းအဝေးသဘာပတိအဖြစ် ဥက္ကဋ္ဌဒေါက်တာဇလေ့ထန်းမှ ဆောင်ရွက်ပြီးအခန်းအနားမှူးအဖြစ် လက်ထောက် အထွေထွေအတွင်းရေးမှူး Pu Khua Uk Lian နှင့် အထွေထွေအတွင်းရေးမှူးချုပ် Pu Zing Cung တို့မှ ဆောင်ရွက်သည်။ မတူပီမြို့နယ် ကိုယ်စားပြုအတိပတိကောင်စီဝင် Pu Banjamin Turing မှ မှတ်တမ်းတင်အဖြစ် ဆောင်ရွက်သည်။ အမိပတိ ကောင်စီဝင်လူကြီး (၁၀) ဦး တက်ရောက်ပြီး ဆွေးနွေးဆုံးဖြတ်ချက်ပေါင်း (၁၆) ချက် ချမှတ်နိုင်ခဲ့သည်။

(၃) တတိယအကြိမ် အမိပတိကောင်စီ အစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ဝိတိုရိယစခန်း၌ တစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။ အမိပတိကောင်စီဝင်လူကြီး (၁၀) ဦး တက်ရောက်နိုင်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၁၆) ချက် ချမှတ်နိုင်ခဲ့သည်။ သဘာပတိအဖြစ် ဥက္ကဋ္ဌ Pu Lian Uk မှ ဆောင်ရွက်ပြီး အစည်းအဝေးအခမ်းအနားမှူးအဖြစ် အထွေထွေအတွင်းရေးမှူးချုပ် Pu Zing Cung မှ ဆောင်ရွက်သည်။

(၄) စတုတ္ထအကြိမ် အမိပတိကောင်စီ အစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်ကော်မီတီနှင့် ပထမအကြိမ် ပူးတွဲအစည်းအဝေးအဖြစ် ကျင်းပပြီး ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊(၈-၁၀)ရက်နေ့တွင်ချင်းပြည်နယ်၊ထန်တလန်မြို့၌ (၃)ရက်ကြာ ကျင်းပခဲ့သည်။ သဘာပတိအဖြစ် ဥက္ကဋ္ဌ Pu Lian UK မှ ဦးဆောင်ပြီး အခမ်းအနားမှူးမဖြစ် အထွေထွေအတွင်းရေးမှူးချုပ် Pu Zing Cung တို့မှ ဆောင်ရွက်သည်။ အစည်းအဝေးတွင် အမိပတိကောင်စီဝင် (၁၆) ဦး အပါအဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင် (၁၀) ဦး စုစုပေါင်း(၂၆) ဦးပါဝင်တက်ရောကၡ၍ဆွေးနွေးဆုံးဖြတ်ချက်ပေါင်း(၂၅)ချက်ချမှတ်နိုင်ခဲ့သည်။

(၅) ပဥ္စမအကြိမ်အမိပတိကောင်စီအစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ (၁၅ - ၁၆) ရက်တွင် အိုင်ဇောလ်ပါတီရုံးချုပ်၌(၂)ရက်ကြာကျင်းပပြုလုပ်ခဲ့သည်။သဘာပတိအဖြစ် ဥက္ကဋ္ဌ Pu Salai Kipp Kho Lian မှဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လက်ထောက်အထွေထွေအတွင်းရေးမှူး Pu Khua Uk Lian မှ ဆောင်ရွက်သည်။ လက်ထောက်အထွေထွေ အတွင်းရေးမှူး Pu Paul Sitha မှ မှတ်တမ်းတင်ထားပါသည်။ အမိပတိကောင်စီဝင် အစည်းအဝေးတက်ရောက်သူ (၁၃)ဦး ပါဝင်တက်ရောက်ပြီး ဆုံးဖြတ်ချက် (၉) ချက် ချမှတ်နိုင်ခဲ့သည်။

## ပူးတွဲ အစည်းအဝေး ဦးဆောင်ကျင်းပခြင်း

(၆) ဆဋ္ဌမအကြိမ် အမိပတိကောင်စီအစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်ကော်မီတီနှင့် ပူးတွဲနှစ်ကြိမ်မြောက်အဖြစ် ကျင်းပြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၇ -၂၉) ရက်နေ့အထိ အိုင်ဇောလ်ပါတီရုံးချုပ်၌ (၁၃) ရက်ကြာ ကျင်းပပြုလုပ်သည်။ အစည်းအဝေးသဘာပတိအဖြစ် ဥက္ကဋ္ဌ Pu Salai Kipp Kho Lian မှဆောင်ရွက်ပြီး၊ အခန်းအနားမှူးအဖြစ် လက်ထောက်အထွေထွေအတွင်းရေးမှူး Pu Khua Uk Lian နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး Pu Paul Sitha တို့မှအသီးသီးဆောင်ရွက်ခဲ့ကြသည်။ အမိပတိကောင်စီဝင် (၁၃) ဦးအပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မီဝင် (၇) ဦးနှင့် စုစုပေါင်း (၂၂) ဦးဖြင့် ပူးတွဲအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း (၃၉) ချက် ဆွေးနွေးဆုံးဖြတ် ချမှတ်နိုင်ခဲ့သည်။

## (၇) ဗဟိုကော်မီတီ အစည်းအဝေးများ ဦးဆောင်ကျင်းပခြင်း

(က) ချင်းအမျိုးသားတပ်ဦး၏ အမိပတိကောင်စီဝင်လူကြီးများအနေဖြင့် နှစ်စဉ်ကျင်းပပြုလုပ်သော ပဥ္စမအကြိမ် ပါတီညီလာခံသက်တမ်း ပထမအကြိမ်ဗဟိုကော်မတီ

အစည်းအဝေးကို ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၉ -၂၁) ရက် အိုက်ဇောလ်မြို့တွင် ကျင်းပပြီး သဘာပတိအဖြစ် ဥက္ကဋ္ဌ Dr. Za Hlei Thang မှဆောင်ရွက်၍ဆုံးဖြတ်ချက်ပေါင်း (၂၄) ချက် ချမှတ်နိုင်ခဲ့သည်။

(ခ) ၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလ (၄ - ၁၀) ရက်အထိဒုတိယအကြိမ် ဗဟိုကော်မီတီအစည်းကို ဝိတိုရိယစခန်းတွင် ကျင်းပပြီး အမိပတိကောင်စီဝင်လူကြီး(၁၀)ဦးပါဝင်တက်ရောက်ခဲ့ပြီး သဘာပတိအဖြစ် ဥက္ကဋ္ဌ Dr. Za Hlei Thang မှ ဆောင်ရွက်သည်။ အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၄၀) ချက် ဆွေးနွေးချမှတ်နိုင်ခဲ့သည်။

(ဂ) ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ (၁၁ - ၁၄) အထိတတိယအကြိမ် ဗဟိုကော်မီတီ အစည်းအဝေးကို ဝိတိုရိယစခန်းတွင် ကျင်းပပြီး အမိပတိကောင်စီဝင် (၁၀) ဦး ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ အစည်းအဝေးသဘာပတိအဖြစ် ဥက္ကဋ္ဌ Pu Lian Uk မှ ဆောင်ရွက်ပြီး အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း (၃၄) ချက် ချမှတ်နိုင်ခဲ့သည်။

(ဃ) ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၀၁-၁၃) ရက်နေ့ စတုတ္ထအကြိမ် ဗဟိုကော်မီတီအစည်းအဝေးကို အိုင်ဇောလ်ပါတီဌာနချုပ်ရုံးတွင် ကျင်းပပြီး အမိပတိကောင်စီဝင်လူကြီး (၁၆) ဦးအပါအဝင် စုစုပေါင်းဗဟို ကော်မီတီဝင် (၃၇)ဦးတက်ရောက်နိုင်ခဲ့သည်။အစည်းအဝေးသဘာပတိအဖြစ် Pu Lian Uk မှဆောင်ရွက်ပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၅၇) ချက် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့သည်။

(င) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၂ - ၃၁) ရက်နေ့ ပဉ္စမအကြိမ် ဗဟိုကော်မီတီအစည်းအဝေးကို အိုင်ဇောလ်မြို့တွင် ကျင်းပပြီး အမိပတိကောင်စီဝင် လူကြီး (၁၃)ဦး အပါအဝင် ဗဟိုကော်မီတီဝင် စုစုပေါင်း (၃၄) ဦး ပါဝင်တက်ရောက်နိုင်ခဲ့သည်။ အစည်းအဝေးသဘာပတိအဖြစ် Pu Kipp Kho Lian မှ ဆောင်ရွက်ပြီးအစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၅၈) ချက် ဆုံးဖြတ်နိုင်ခဲ့သည်။

(စ) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ (၂၀ - ၂၁) ရက်နေ့တွင် မဲဆောက်မြို့၌ အရေးပေါ်ဗဟိုကော်မီတီ အစည်းအဝေးကို (၃)ရက်ကြာ ကျင်းပပြုလုပ်သည်။ အစည်းအဝေးသဘာပတိအဖြစ် ဥက္ကဋ္ဌ Pu Nang Lian Thang မှဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အထွေထွေအတွင်းရေးမှူး Pu Zing Cung မှ ဆောင်ရွက်သည်။

၎င်း အစည်းအဝေး၌ အမိပတိကောင်စီဝင်လူကြီး (၁၂) ဦး ပါဝင်နိုင်ခဲ့ပြီး ဗဟိုကော်မီတီဝင် စုစုပေါင်း (၃၂)ဦး တက်ရောက်နိုင်ခဲ့သည်။ အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း (၁၅) ချက် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့သည်။

**မှတ်ချက် -** အမိပတိကောင်စီဝင်တချို့၏ လုပ်ငန်းအစီရင်ခံစာများကို အနှစ်ချုပ် တင်ပြခြင်းဖြစ်သည်။

လေးစားစွာဖြင့်

| | |
|---|---|
| ပူး ခွါအုပ်လျန် | ပူးထန်းနိန်းကီး |
| AGS- III | အမိပတိကောင်စီဝင် |
| အမိပတိကောင်စီဝင် | မင်းတပ်မြို့နယ် |
| ချင်းအမျိုးသားတပ်ဦး | ချင်းအမျိုးသားတပ်ဦး |

၁၀၁၀

**ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံ မှတ်တမ်းဂျာနယ်ကိုမှတ်တမ်းအဖွဲ့မှပြုစု၍သတင်းနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

## ဗဟိုတရားသူကြီးအဖွဲ့မှ ညီလာခံသို့ တင်သွင်းသော လေးနှစ်တာကာလအတွင်း လုပ်ငန်းအစီရင်ခံစာ

**၁။ ဗဟိုတရားသူကြီးဥက္ကဌဟောင်း ဒေါက်တာအင်ဒရူး ငွန်ကျုံးလျန်ကို ဗဟိုတရားသူကြီးဥက္ကဌ အဖြစ်တာဝန်ပေး အပ်ရွေးချယ်တင်မြောက်ခြင်း။**

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် စတုတ္ထအကြိမ် ပါတီညီလာခံကျင်းပခဲ့ရာ ပါတီ၏ ဗဟိုတရားသူကြီး ဥက္ကဌ အဖြစ် ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်သည် ဗဟိုတရားသူ ကြီးဖြစ်ရန် သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံ သဖြင့် တညီတညွတ် ရွေးချယ်တင်မြောက်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဥ္စမအကြိမ်ပါတီအရေးပေါ်ညီ လာခံကျင်းပသည့်အခါဗဟိုတရားသူကြီးအဖွဲ့ဥက္ကဌနှင့်အဖွဲ့ ဝင်နှစ်ဦးတို့ကို ညီလာခံက ရွေးကောက်ပွဲ မလုပ်တော့ဘဲ ဆက်လက် အသိအမှတ်ပြု ခန့်အပ်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ပထမအကြိမ် ပါတီညီလာခံတွင် ဗဟိုတရားသူကြီးများ၏ သက်တမ်းသည် ညီလာခံသက်တမ်းအတိုင်းဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ ညီလာခံသည် ပါတီ၏အမြင့်ဆုံးအာဏာ တည်ရှိရာဖြစ်သည့်အလျောက် ဗဟိုတရားသူကြီးအဖွဲ့ကို အသစ်ရွေးချယ်တင်မြောက်နိုင်ပြီး (သို့မဟုတ်) ရွေးချယ်တ င်မြောက်ခြင်းအသစ်မလုပ်ဘဲ အဟောင်းအတိုင်း ထား ရှိနိုင် သော လုပ်ပိုင်ခွင့်ရှိသည်။

**၂။ ဒေါက်တာငွန်ကျုံးလျန် ပါတီစည်းမျဉ်းစည်းကမ်းဖောက် ဖျက်သဖြင့် ပါတီမှ အရေးယူဆောင်ရွက်ချက်**

၂၀၁၂ ခုနှစ်၊ မေလတွင် ဟားခါးမြို့၌ ကျင်းပခဲ့ သော ပထမအကြိမ်ပြည်ထောင်စုအဆင့် ချင်းအမျိုးသား တပ်ဦးနှင့် အစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဒုတိ ယခေါင်းဆောင်အဖြစ် ဒေါက်တာငွန်ကျုံးလျန် ကိုပါတီမှ တာဝန်ပေးခဲ့ပြီး၊ ထိုတွေ့ဆုံဆွေးနွေးပွဲ အပြီးမှစ၍ သမ္မတဦး သိန်းစိန်၏မြန်မာငြိမ်းချမ်းရေးစင်တာတွင် ပါတီ၏ခွင့်ပြုချက် မရှိဘဲ အမှုထမ်းခဲ့သည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင် လ ၂၅ - ၂၇ ရက်နေ့တွင် ပြုလုပ်ခဲ့သော ဒုတိယအကြိမ် အဓိပတိကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် (၃) တွင် အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ စေ့စပ်ဆွေးနွေးရေး ကော်မတီအတွင်းရေးမှူး၊ တွေ့ဆုံဆွေးနွေးရေး ဒုတိယအဖွဲ့ ခေါင်းဆောင်နှင့် ပြောရေးဆိုခွင့်ရှိသူ တာဝန်များထမ်း ဆောင်သည့် Dr. Andrew Ngun Cung Lian သည် တာဝန် ထမ်းဆောင်နေစဉ်အတွင်း ပါတီကို အသိမပေး၊ ခွင့်ပြုချက်မ ရရှိဘဲ ဗမာအစိုးရနှင့် တိတ်တဆိတ်တွေ့ဆုံခြင်းများ ပြုလုပ် ကြောင်း အခိုင်အမာသိရှိရပါသည်။ ယင်းလုပ်ရပ်သည် ချင်း အမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ နည်း ဥပဒေစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ရုံသာမက အ ထက် တာဝန်ရှိပုဂ္ဂိုလ်များ၏ ညွှန်ကြားချက်တို့ကို မနာခံ ခြင်း၊ ဆန့်ကျင်ခြင်း ဖြစ်သောကြောင့် ချင်းအမျိုးသားတပ်ဦး ၏ဥပဒေစည်းမျဉ်းစည်းကမ်းများအရအရေးယူရန်၊ ဤအဓိပ တိကောင်စီအစည်းအဝေးမှ ဆုံးဖြတ်လိုက်သည်။ ဤဆုံး ဖြတ်ချက်နှင့်အညီ Dr. Andrew Ngun Cung Lian ၏ လက် ရှိတာဝန်များဖြစ်သော...

(၁) ဗဟိုတရားသူကြီးဥက္ကဌ
(၂) ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင်
(၃) ချင်းအမျိုးသားတပ်ဦး၏ စေ့စပ်ဆွေးနွေးရေးကော်မီတီ အတွင်းရေးမှူး
(၄) ချင်းအမျိုးသားတပ်ဦး၏ တွေ့ဆုံဆွေးနွေးရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် ပြောရေးဆိုခွင့်ရှိသူ
(၅) မဟာဗျူဟာလေ့လာရေးဌာနအတွင်းရေးမှူး

စသည့် တာဝန်များမှ ရပ်စဲရန် ဗဟိုကော်မီတီကိုယ်စား ဗဟို အလုပ်အမှုဆောင်ကော်မီတီမှ အမြန်ဆုံး အရေးယူဆောင် ရွက်ရေး ညွှန်ကြားချက်ပေးပို့ရန် ဆုံးဖြတ်သည်။

ထို့အပြင် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင်ပြုလုပ်ခဲ့ သော ပဥ္စမအကြိမ်ညီလာခံသက်တမ်း ပဥ္စမအကြိမ်ဗဟို အ လုပ်အမှုဆောင်ကော်မီတီအစည်းအဝေး ဆုံးဖြတ်ချက်(၁) တွင်ဒေါက်တာအင်ဒရူး အဖွဲ့အစည်းတာဝန်များထမ်းဆောင် နေစဉ်အတွင်း ပါတီကို အသိမပေး၊ ခွင့်ပြုချက်မတောင်းဘဲ၊ ဗမာအစိုးရနှင့် တိတ်တဆိတ်တွေ့ဆုံခြင်း၊ အစိုးရမှဖွဲ့စည်း သောအဖွဲ့နှင့်ကော်မီတီများနှင့်အတူတကွပူးပေါင်းလုပ်ကိုင်

ခြင်းများပြုလုပ်ကြောင်း သိရှိရသည်။ ၎င်း၏ လုပ်ရပ်များသည် ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ နည်းဥပဒေ၊ ပါတီစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ရုံမက အထက်တာဝန်ရှိ ပုဂ္ဂိုလ်များ၏ညွှန်ကြားချက်ကိုမနာခံခြင်း၊ တမင်ဆန့်ကျင်ခြင်း ဖြစ်သောကြောင့် ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်အား ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ နည်းဥပဒေ၊ ပါတီစည်းမျဉ်းစည်းကမ်းများနှင့်အညီ...

(၁) ဥက္ကဋ္ဌ၊ ဗဟိုတရားသူကြီးအဖွဲ့အဖြစ်မှသော်လည်းကောင်း၊

(၂) ဗဟိုအလုပ်အမှုဆောင်ကော်မီတီအဖြစ်မှ သော်လည်းကောင်း၊

(၃) အတွင်းရေးမှူး၊ ချင်းအမျိုးသားတပ်ဦး၏ စေ့စပ်ဆွေးနွေးရေးကော်မီတီအဖြစ်မှ သော်လည်းကောင်း၊

(၄) ချင်းအမျိုးသားတပ်ဦး၏ တွေ့ဆုံဆွေးနွေးရေး ဒုတိယအဖွဲ့ခေါင်းဆောင် ပြောရေးဆိုခွင့်ရှိသူအဖြစ်မှ သော်လည်းကောင်း၊

(၅) အတွင်းရေးမှူး၊မဟာဗျူဟာလေ့လာရေးဌါနစသည့်တာဝန်အသီးသီးမှ ရပ်ဆိုင်းရန် သဘောတူသည်။

ထို့အပြင် နောက်ထပ်အရေးယူမှုများဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးရေးကော်မီတီတရပ် ဖွဲ့စည်း၍ ယင်းကော်မတီတွင်တွေ့ရှိချက်များကိုအနီးစပ်ဆုံးဗဟိုကော်မတီအစည်းအဝေးသို့ တင်ပြရန် ဆုံးဖြတ်သည်။ ဆက်လက်ပြီး ဆုံးဖြတ်ချက် (၂) တွင် စုံစမ်းစစ်ဆေးရေး ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရန် သဘောတူကြသည်။

| | |
|---|---|
| (၁) ပူး ကိ(ပ်)ခိုလျန် | အဖွဲ့ခေါင်းဆောင် |
| (၂) ပူး လျန်အုပ် | အဖွဲ့ဝင် |
| (၃) ပူး ထန်နန်လျန်ထန် | အဖွဲ့ဝင် |

အဆိုပါကော်မတီ၏ စုံစမ်းတွေ့ရှိချက်များကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမကုန်မီ ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ တင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။

နောက်ဆုံးအရေးယူမှုသည် ၂၀၁၃ ခုနှစ်၊ဇန်နဝါရီလ (၁၄) ရက်နေ့တွင် ကျင်းပခဲ့သော သတ္တမအကြိမ် ဗဟိုအလုပ်အမှုဆောင် ကော်မီတီအစည်းအဝေး ဆုံးဖြတ်ချက် (၂၀) တွင် ပူးငွန်ကျုံးလျန်၏ အမှုကိစ္စနှင့်ပတ်သက်၍ ၎င်းအား ချင်းအမျိုးသားတပ်ဦးပါတီဝင်အဖြစ်မှ ထုတ်ပယ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

**၃။ ပူး သောမတ်(စ်)ထန်နိုး အား ဗဟိုတရားသူကြီးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်း။**

ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၇ (ခ) အရ ဗဟိုကော်မီတီသည် လစ်လပ်နေသော ဗဟိုတရားသူကြီးဥက္ကဋ္ဌနေရာကို ဤအခြေခံဥပဒေ ပုဒ်မ (၆၆) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်အစားထိုး ခန့်အပ်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၄ - ၁၀) ထိ ပြုလုပ်ခဲ့သော ပဥ္စမအကြိမ်ပါတီညီလာခံသက်တမ်း ဒုတိယအကြိမ်ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက် (၄) (င) အရ လစ်လပ်နေသော ဗဟိုတရားသူကြီးနေရာတွင် မိမိ (ပူး သောမတ်(စ်) ထန်နိုး) အား ရွေးချယ်ခန့်အပ်ခဲ့ကြသည်။

**၄။ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ (၄) နှစ်တာကာလ ဗဟိုတရားသူကြီးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအကျဉ်း တင်ပြခြင်း။**

**(က) ဂတိသစ္စာပြုစေခြင်း**

ဗဟိုတရားသူကြီးဥက္ကဋ္ဌဟောင်း ပူးအင်ဒရူးငွန်ကျုံးလျန် တာဝန်ထမ်းဆောင်စဉ်ကရော မိမိတာဝန် ယူပြီးနောက်ပိုင်း ပါညီလာခံက ရွေးချယ်တင်မြောက်ထားသော ဥက္ကဋ္ဌအပါအဝင်ဗဟိုကော်မီတီဝင်များအားလုံး၊ ပြန်လည်အစားထိုးခဲ့သော ဗဟိုကော်မီတီဝင်များအား ဂတိသစ္စာဆိုစေခဲ့ကြသည်။ မိမိတို့ကိုယ်တိုင် ကတိသစ္စာဆိုစေပြီး၊ ကိုယ်တိုင်မသွားရောက်နိုင်သောနေရာများတွင်ဗဟိုတရားသူကြီးကိုယ်စား တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က ကတိသစ္စာဆိုစေခဲ့ပါသည်။

**(ခ) ချင်းအမျိုးသားတပ်ဦး၏ ဥပဒေများနှင့် ပတ်သက်၍ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ရန် တင်ပြခြင်း။**

- ပါတီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်၍ ပဥ္စမအကြိမ်ပါတီညီလာခံသက်တမ်း ဒုတိယအကြိမ်ဗဟိုကော်မီတီအစည်းအဝေး ဆုံးဖြတ်ချက် (၂၀) တွင် "ချင်း

အမျိုးသားတပ်ဦး၏ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အသေးစိတ် ဆန်းစစ်ပြင်ဆင်မှုများပြုလုပ်ပြီး ပူးတွဲပါအတိုင်းအတည်ပြု ပြဌာန်းရန် သဘောတူ ဆုံးဖြတ်သည် ”ဟု ချမှတ်ခဲ့ကြသည်။ ၎င်းနောက် ဤဗဟိုကော်မီတီအစည်းအဝေးပြီးသည်နှင့် ကျင်းပခဲ့သော သတ္တမအကြိမ် ဗဟိုအလုပ်အမှုဆောင်ကော်မီတီအစည်းအဝေး (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၁၄)ရက်နေ့တွင်ကျင်းပသည်)ဆုံးဖြတ်ချက်(၁၂)၃တွင် သတင်းနှင့် ပြန်ကြားရေးဌာနမှ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထုတ်ဝေရန်ဆုံးဖြတ်ခဲ့ကြသည်နှင့်အညီသတင်းနှင့်ပြန်ကြားရေးဌါနမှ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ထုတ်ဝေခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ်တွင်မိမိဗဟိုတရားသူကြီးဥက္ကဌထံရောက်ရှိခဲ့သည်။မိမိဖတ်ရှုလေ့လာသည့်အခါ နောက်ထပ်ဖြန့်ချီမှု မပြုလုပ်တော့ရန် အကြံပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မှားယွင်းမှုများစွာ တွေ့ရှိရပြီး အားနည်းချက်များရှိနေသည့်အတွက် မိမိတို့ဗဟိုဘက်တွင် ပြန် လည်ဆွေးနွေးရန်လိုအပ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဗဟိုတရားသူကြီးအဖွဲ့မှ (၂၅.၁၁.၂၀၁၄) ရက်စွဲဖြင့် စာမျက်နှာ (၉) မျက်နှာရှိ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြင်ဆင်ရန် အကြံပြုချက်ကို ပေးပို့ခဲ့သည်။

- ပဉ္စမအကြိမ် ပါတီညီလာခံသက်တမ်း၊ ဒုတိယအကြိမ်ဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုတရားသူကြီးအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် အဓိပတိကောင်စီ အစည်းအဝေးတွင် မိမိတင်ပြခဲ့သော အဓိပတိကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ပြန်လည်တင်ပြခဲ့ရာ ပါတီတည်ဆောက်ရေးနည်းဥပဒေတွင် ထည့်သွင်းပြဌာန်းရန် ဆုံးဖြတ်ခဲ့သည်။

### (ဂ) ပါတီဗဟိုမှ ပေးအပ်သောတာဝန်များ ဆောင်ရွက်ခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇-၂၉ ရက်နေ့အထိ ကျင်းပခဲ့သော ဒုတိယအကြိမ် အဓိပတိကောင်စီနှင့် C.E.C ပူးတွဲအစည်းအဝေးက ချင်းအမျိုးသားတပ်ဦး၏ လက်ထပ်ထိမ်းမြားခြင်းနှင့် မိသားစုခံစားခွင့်ဆိုင်ရာ နည်းဥပဒေကို ဗဟိုတရားသူကြီးအဖွဲ့မှပြန်လည်စိစစ်မှုပြုလုပ်ပြီးဗဟိုကော်မတီအစည်းအဝေးတွင် ပြန်လည်ဆွေးနွေးရန် သဘောတူဆုံးဖြတ်ခဲ့သည်နှင့်အညီ စီစစ်မှုများပြုလုပ်ပြီး ပြင်ဆင်ချက်များဖြည့်စွက်ဆောင်ရွက်ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၂-၃၁) အထိ ကျင်းပခဲ့သော ပဉ္စမအကြိမ် ပါတီညီလာခံသက်တမ်း၊ စတုတ္ထအကြိမ် ဗဟိုကော်မီတီအစည်းအဝေးသို့ တင်ပြခဲ့သည်။ ဤအစည်းအဝေးဆုံးဖြတ်ချက် (၅၁)တွင်ချင်းအမျိုးသားတပ်ဦး၏ လက်ထပ်ထိမ်းမြားခြင်းနှင့် မိသားစုခံစားခွင့်ဆိုင်ရာနည်းဥပဒေကို ဗဟိုတရားသူကြီးအဖွဲ့မှ ယနေ့အချိန်ကာလ၏ အဖွဲ့အစည်းအခြေအနေနှင့်အညီ ပြင်ဆင်ဖြည့်စွက်စီစစ်မှုများကို ၂၀၁၅ ခုနှစ်၊ ပထမ (၆) လအတွင်းတွင် တာဝန်ယူပြုလုပ်ပေးရန် ဆုံးဖြတ်ခဲ့သည်နှင့်အညီ မူကြမ်းရေးဆွဲခဲ့ပြီး ဖြစ်သည်။

### (ဃ) သေဒဏ်ချမှတ်သည့် စီရင်ချက်နှင့် ပတ်သက်၍ ပြန်လည်အကြောင်းကြားခြင်း

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့၌ ဝိတိုရိယ စခန်းတွင် လူသတ်မှုဖြစ်ပွားခဲ့သည်။ ထိုအမှုတွင် Ding Kongh (ဒိန်ကောင့်) ဆိုသူက ရဲဘော်နှစ်ဦးကို တုတ်ဖြင့်ရိုက်ခဲ့ရာတစ်ဦးသေဆုံးပြီး၊တစ်ဦးအပြင်းအထန်ဒဏ်ရာရရှိစေခဲ့သည့်အမှု ဖြစ်သည်။ ထိုအမှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကိုညွှန်ကြားခဲ့ပါသည်။ထိုအမှုကိုကြားမှာစစ်ဆေးရန် စစ်ခုံရုံးတစ်ခု ဖွဲ့စည်းခဲ့ပြီး၊ ထိုစစ်ခုံရုံးက တရားခံ ဒိန်ကောင့်ကိုသေဒဏ်ချမှတ်ခဲ့ပါသည်။ပါတီ၏တရားစီရင်ရေးမူအတိုင်း သေဒဏ်စီရင်ချက်ကို ဗဟိုတရားသူကြီးအဖွဲ့ထံအတည်ပြုချက်လိုအပ်သဖြင့် အဆိုပါစစ်ခုံရုံးမှ ချင်းအမျိုးသားတပ်ဦးနှင့်ဒိန်ကောင့်အမှုတွဲနှင့်စီရင်ချက်ကိုဗဟိုတရားရုံး ထံပေးပို့ခဲ့သည်။ ဗဟိုတရားရုံးမှ အမှုတွဲတစ်ခုလုံးနှင့် စီရင်ချက် အသေးစိတ်ကြားနာစစ်ဆေးပြီး သေဒဏ်ချမှတ်ခြင်းကိုအတည်ပြုပေးခဲ့သည်။ဗဟိုတရားသူကြီး၏ကောက်ချက်တွင် တရားခံဒိန်ကောင့်သည် စိတ်မနှံ့သူဟု ယူဆ၍ မရကြောင်း၊ အဆိုပါတရားခံကို လွှတ်ပေးလျှင် လူ့အဖွဲ့အစည်းကိုထိခိုက်နစ်နာစေဦးမည်ဖြစ်ကြောင်း၊အမှုတွင်တရားခံက လူသတ်မှု ဖြစ်စေလောက်အောင် ခိုင်လုံသော သက်သေအထောက်အထား မရှိကြောင်း စသည်တို့ဖြစ်ပါသည်။

☞

## ထင်မြင်သုံးသပ်ချက်

မိမိတို့ အဖွဲ့အစည်းအတွင်း တရားရေးဆိုင်ရာ ပညာပိုမိုမြင့်တင်ရန် လိုအပ်သည်ဟု သုံးသပ်ရပါသည်။ တရားရေးဆိုင်ရာ ပညာပေးရေးကို အဖွဲ့အစည်းအတွင်း ပိုမိုပြန့်နှံ့အောင် အာရုံစိုက် လုပ်ဆောင်သင့်ပါသည်။

- ချင်းအမျိုးသားတပ်ဦး၏ တရားစီရင်ရေးဆိုင်ရာမူဝါဒများကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ပါတီဗဟိုမှ ဦးဆောင်မှုပေးသင့်သည်။

- ဗဟိုတရားသူကြီးအဖွဲ့ (၃) ဦးတို့သည် တရားစီရင်ရေးကိုစွနှင့်ပတ်သက်၍ အချိန်ပေးပြီး တွေ့ဆုံဆွေးနွေးမှုများ ပိုမိုပြုလုပ်သင့်သည်။ ယခုအခြေအနေတွင် ဗဟိုတရားသူကြီးတို့သည် လိုအပ်သလို တွေ့ဆုံဆွေးနွေးရန် လက်တွေ့တွင် မဖြစ်နိုင်ချေ။

- ဖော်ပြပါ တရားရေးဆိုင်ရာကဏ္ဍ၊ တရားရေးဆိုင်ရာပညာပေးရေး ပိုမိုလုပ်ဆောင်မည်ဆိုပါက ဗဟိုတရားသူကြီးအဖွဲ့ (၃)ဦးတို့ကိုကြီးလေးသောအခြားတာဝန်များ၊ များပြားသောတာဝန်များ မပေးသင့်ပေ။

- ပါတီဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၂၊ ၇၃ နှင့် အခြားပုဒ်မများကို ဗဟိုတရားသူကြီးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပါတီဗဟိုကော်မီတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မီတီ၊ အမိပတီကောင်စီအစည်းအဝေးဆုံးဖြတ်ချက်များကို ဗဟိုတရားသူကြီးအဖွဲ့သို့ အပြည့်အစုံမကြန့်ကြာစေဘဲ ပေးပို့ရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

ပူး သောမတ်(စ်)ထန်နီး
ဗဟိုတရားသူကြီးဥက္ကဋ္ဌ
ချင်းအမျိုးသားတပ်ဦး

၀၀၀၀

## ချင်းအမျိုးသားအလံတော် (Chin National Flag) အဓိပ္ပါယ် ဖွင့်ဆိုချက်

### ၁။ ပုံသဏ္ဍာန်

အရွယ်အစားတူညီသော အရောင်သုံးမျိုးဖြစ်သည့် အနီရောင်ကို အလံအပေါ်ပိုင်း၌ လည်းကောင်း၊ အဖြူရောင်ကိုအလယ်ပိုင်း၌လည်းကောင်း၊ အပြာရောင်ကိုအလံအောက်ပိုင်း၌ လည်းကောင်း၊ အလျားလိုက်ပါရှိရမည်။

အလံတော်အလယ်တည့်တည့်တွင် ပါတီအမှတ်တံဆိပ်ဖြစ်သည့်အောက်ချင်းငှက်မောင်နှံပုံပါရှိသောအဖြူရောင်စက်ပိုင်းကို အလံတော်၏ အပေါ်ပိုင်းအနီရောင်နှင့် အောက်ပိုင်းအပြာရောင် ထက်ဝက်တိတိ ထားရှိရမည်။

### ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်

#### (က) အနီရောင်

အနီရောင်သည် ရဲရင့်ခြင်း၊ သတ္တိပြောင်မြောက်ခြင်း၊ ဖွံ့လုံ့လရှိခြင်း၊ စွန့်စားခြင်းကို ဖော်ဆောင်သည်။ ချင်းအမျိုးသားတို့၏ အရည်အချင်းကိုဖော်ကျူးထားခြင်းဖြစ်ပြီး ၎င်းအရည်အချင်းအား ဆက်လက်ထိန်းသိမ်းနိုင်ရေးအလို့ငှါ အမှတ်သင်္ကေတအဖြစ် အသုံးပြုခြင်းဖြစ်သည်။

#### (ခ) အဖြူရောင်

အဖြူရောင်သည် ဖြူစင်သန့်ရှင်းခြင်း၊ ရိုးစင်းခြင်း၊ အစွန်းအထင်းမရှိခြင်းတို့ကို ဖော်ဆောင်သည်။ ချင်းအမျိုးသားတို့၏ ပင်ကိုယ် စိတ်နေစိတ်ထားဖြစ်သည့် စိတ်နှလုံးဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းတို့ကို ဖော်ပြပြီး ဘေးပတ်ဝန်းကျင်၏ မတရားသော ကျူးကျော်လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာမည့် အပြစ်အနာအဆာ၊ အစွန်းအထင်းမရှိအောင် မိမိတို့ကိုယ်ကိုကာကွယ်ရေးအတွက် အသုံးပြုထားသည့် အမှတ်အသား ဖြစ်သည်။

စာမျက်နှာ (၇၂) သို့

# လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် (UPDJC, JMC) အပါအဝင် လက်ရှိနိုင်ငံရေးအခြေအနေများကို တင်ပြခြင်း

## (က) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)

**(ဒေါက်တာ လျန်မှုန်ဆာ ခေါင်း)**

လေးစားအပ်ပါသော သဘာပတိကြီးမှတဆင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား

လက်ရှိရင်ဆိုင်ဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ လက်ရှိနိုင်ငံရေးအခြေအနေတွေကို တင်ပြခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး NCA စာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းဖွဲ့စည်းလိုက်တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးမှု ပူးတွဲကော်မတီ UPDJC နဲ့ ဆောင်ရွက်နေတဲ့ နိုင်ငံရေးဆွေးနွေးမှုအပိုင်း ဖြစ်ပါတယ်။

အဲ့ဒီလုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ချင်းအမျိုးသားတပ်ဦးနဲ့ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့ရဲ့ ညွှန်ကြားချက်အတိုင်း စာတမ်းပြုစုပြီး ညီလာခံကိုအပ်နှံသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်ဟာ အနှစ် (၆၀)ကျော် ပြည်တွင်းစစ်နဲ့ ရင်ဆိုင်နေရပြီး လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ပြည်တွင်းစစ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပြဿနာရဲ့အရင်းခံဟာ စစ်ရေးမဟုတ်ဘဲ နိုင်ငံရေးဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးရဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့တစိုက်မတ်မတ်နဲ့ တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ပါတယ်။ သို့သော် အဆက်ဆက်သော အစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းခြင်းမပြုသည့်အပြင် ကျွန်တော်တို့ တိုင်းရင်းသားတွေကို အခွင့်အရေးတွေ ပိတ်ပင်တဲ့အပြင် စစ်ရေးနဲ့ နှိမ်နင်းခဲ့တဲ့အတွက်ကြောင့် ဒီတိုင်းပြည်မှာရှိတဲ့ လူမျိုးအကြီးအသေးမဟူ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲပြီး ပြည်တွင်းစစ်လည်းဖြစ်ပေါ်လာခြင်းဖြစ်တယ်။အဲ့ဒါကြောင့်ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအားလုံးက ဒီပြဿနာဟာ နိုင်ငံရေးပြဿနာ ဖြစ်တဲ့အတွက် နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအားလုံး အမြဲတမ်းတောင်းဆိုနေတာဖြစ်တယ်။ ဒါပေမဲ့ ပါလီမန်ဒီမိုကရေစီခေတ်တုန်းကလည်း တရားဝင်နိုင်ငံရေးဆွေးနွေးပွဲ မလုပ်ပေးခဲ့ဘူး။ တော်လှန်ရေးကောင်စီတက်လာပြီး ၁၉၆၃ တုန်းက ပြည်တွင်းငြိမ်းချမ်းရေးဆိုတာကို လုပ်ခဲ့တယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီး နေဝင်း ပေါ်လစီက နိုင်ငံရေးပြဿနာကို ဖြေရှင်းဖို့မဟုတ်ပဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အင်အားကို သိချင်တဲ့အတွက်ကြောင့် အဲ့ဒီဆွေးနွေးပွဲဟာ သိပ်မကြာခင်မှာ ပျက်ပြားသွားတယ်။ အဲ့ဒီနောက်ပိုင်းမှာ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်တယ်ဆိုတာ မရှိခဲ့ပါဘူး။ အဆင်ပြေရင်ပြေသလို၊ သင့်တော်ရင်သင့်တော်သလို ဆွေးနွေးပွဲတွေ လုပ်ခဲ့တာတော့ရှိပါတယ်။ ၁၉၆၃ ခုနှစ်မှာ KNU ခွဲထွက် (KNU-PC)အဖွဲ့တွေနဲ့ ဆွေးနွေးချက်ကလွဲပြီး ကျန်တဲ့ဆွေးနွေးချက်တွေ တစ်ခုမှ မအောင်မြင်ခဲ့ပါဘူး။ (KNU-PC)အဖွဲ့ဟာကရင်ပြည်နယ်ကိုကောသူးလေးပြည်နယ်နဲ့ဖွဲ့ပေးရင် လက်နက်ချမယ်လို့ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီနောက်ပိုင်း ၁၉၈၈ ခုနှစ်မှာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးသမားတွေရဲ့ အခန်းကဏ္ဍဟာ တမျိုးပြောင်းလဲသွားပြီး သောင်းကျန်းသူ၊ ခွဲထွက်လိုသူများစသဖြင့် အမျိုးမျိုးစွပ်စွဲပြီးမတရားအသင်း အက်ဥပဒေအောက်မှာထည့်သွင်းခြင်းခံခဲ့ရပါတယ်။ အဲ့ဒီအချိန်တုန်းက ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ တော်လှန်ရေး လက်နက်ကိုင်အသီးသီးမှာအပြောင်းအလဲတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုရင် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီး ကွန်မြူနစ်တိုင်းပြည် တော်တော်များများ ကျဆုံးနေချိန်ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်အေးသွားတဲ့နောက်ပိုင်းမှာတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ Ethnic group ပြဿနာတွေဟာ ဥရောပ၊ အာဖရိက၊ လက်တင်အမေရိက စသဖြင့် တဖြည်းဖြည်းပေါ်လာပါတယ်။ အဲ့တော့ ဟိုတုန်းက ဒီတိုင်းရင်းသားပြဿနာကို ဖိနှိပ်ချုပ်ချယ်ရမယ်ဆိုတာကို ပြောင်းလဲနေတဲ့ နိုင်ငံရေး ရေ

စီးကြောင်းအရ လူ့အခွင့်အရေး၊ လူမျိုးရေး၊ ဝါဒရေး ကမ္ဘာကပဲကြည့်ကြည့် တိုင်းရင်းသားအခွင့်အရေးကို လျစ်လျူရှုလို့မရတော့ဘူးဆိုတာနားလည်လာကြပြီးအဲ့သလိုတကမ္ဘာလုံးက မျက်စောင်းထိုးပြီးကြည့်နေတဲ့ အနေအထားကနေ တကမ္ဘာလုံးကပဲ တိုင်းရင်းသားတွေအတွက် လက်နက်ကိုင်နေတဲ့ တော်လှန်ရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်အားပေးလာကြတယ်။ UN က အားပေးလာတယ်၊ EU က အားပေးလာတယ်၊ အမေရိကတောင်မှ အားပေးလာတယ်။ ဘာကြောင့် အမေရိကတောင်မှ စကားလုံးကို သုံးလာတယ်ဆိုရင် အမေရိကဟာ အရင်က ဒီမိုကရေစီပဲ အရေးကြီးတယ်။ လူမျိုးနွယ်စု ပြဿနာကို ဘယ်တုန်းကမှ အားပေးတာမဟုတ်ဘူး။ အဲ့ဒီအတွက်ကြောင့်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ တကမ္ဘာလုံးအနေအထားနဲ့ ပြောင်းလဲလာတဲ့အပေါ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံတိုင်းရင်းသားလက်နက်ကိုင် အနေအထားလည်း ပြောင်းလဲလာခဲ့ပါတယ်။ အဲ့ဒါကြောင့် NDF ကိုဖွဲ့ပြီး ဦးဆောင်မှုကို အများကြီးလုပ်ခဲ့တယ်။ အဲ့ဒီလိုပဲ ပြည်တွင်းမှာလည်း လုပ်ခဲ့တယ်။ အဲ့ဒီကနေ ၁၉၉၅ မှာ ကုလသမဂ္ဂမှာ နိုင်ငံ ရေးပြဿနာဖြေရှင်းတဲ့နေရာမှာ တိုင်းရင်းသားတွေမပါဝင်ဘဲ မဖြေရှင်းဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ရှစ်လေးလုံးအရေးအခင်းကြီး ဖြစ်ပေါ်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံတော်လှန်ရေးဟာ လုပတဲ့အမျိုးသမီးနဲ့ ရုပ်ဆိုးတဲ့ စစ်တပ်ကြီးပမာ စာရေးဆရာများက တင်စားကြပါတယ်။ ဒါပေမဲ့ အဲ့ဒီမှာ တိုင်းရင်းသားအခန်းကဏ္ဍဟာ မပါလို့မဖြစ်ဘူးလို့ ပြည်တွင်းပြည်ပကနေ ကြိုးစားမှုကြောင့် ဒီတိုင်းပြည်ရဲ့ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ တိုင်းရင်းသားတွေမပါလို့ မဖြစ်ဘူးဆိုပြီး သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနဲ့ ဖြေရှင်းရေးဖို့ ဆုံးဖြတ်ချက်ချနိုင်ခဲ့တာဖြစ်တယ်။ အဲ့ဒီ သုံးပွင့်ဆိုင်ထဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားတွေ၊ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပါတီတွေ၊ အဲ့ဒီတုန်းက နဝတ၊ နအဖ အစိုးရတွေ ပါဝင်တယ်။ အဲ့ဒီဆုံးဖြတ်ချက်ချလိုက်တာနဲ့ စစ်အစိုးရက ကျွန်တော်တို့ကို ထိုးစစ်ဆင်လာပါတယ်။ အဲ့ဒီထိုးစစ်ဟာ ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျွန်တော်တို့မှာ အားအကိုးရဆုံးနဲ့ အခိုင်မာဆုံးလို့ယူဆရတဲ့ တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်း တော်တော်များကို အပစ်အခတ်ရပ်စဲရေး လုပ်ပြီး ကျွန်တော်တို့ရဲ့ သုံးပွင့်ဆိုင်ကို နိုင်ငံရေးအရ ချေဖျက်ချင်တယ်။ အဲ့ဒီချိန် ဗိုလ်ချုပ်ကြီးတွေက ကျွန်တော်တို့မှာ သုံးပွင့်ဆိုင်တွေမလိုဘူး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ရင် ရပါတယ်ဆိုပြီး ကျွန်တော်တို့ရဲ့ ကြိုးစားမှုတွေကို တိုက်ပါတယ်။ အဲ့ဒီချိန်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနက် အပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးတာ CNF နဲ့ KNU ပဲဖြစ်ပါတယ်။ ပထမဆုံး ထိုးတာ KIO, နောက်ပြီး NMSP, KNDU တို့က လိုက်ထိုးကြပါတယ်။ အဲ့ဒီအချိန်ကျတော့ နိုင်ငံရေးပါတီတွေက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အဲ့ဒီလောက်များနေတာ ဘယ်လိုစုစည်းပြီး သုံးပွင့်ဆိုင်ဖြစ်နိုင်မလဲလို့ ဝေဖန်လာကြတယ်။ အဲ့ဒီအတွက်ကြောင့် ပြည်ပက NDF နဲ့ ပြည်တွင်းက UNLD တို့ပူးပေါင်းပြီး ကြိုးစားမှုကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီကို တည်ထောင်နိုင်ခဲ့တယ်။ သို့သော်လည်းပဲ စစ်အစိုးရက တွေ့ဆုံ ဆွေးနွေးရေးကို လုံးဝငြင်းပယ်ခဲ့တယ်။ တစ်ခုရှိတာက နိုင်ငံရေးစားပွဲဝိုင်းမှာ ဆွေးနွေးမယ်ဆိုရင် စစ်တပ်က ပြည်သူထောက်ခံချက်လည်းမရှိဘူး၊ ပြည်သူတွေက စစ်ကို ငြီးငွေ့နေကြပြီဖြစ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနဲ့ ဒီမိုကရေစီအဖွဲ့အစည်းကို ဘယ်တော့မှနိုင်မှာမဟုတ်ပါဘူး။ မိကျောင်းကို သတ်ချင်ရင် ဗိုက်ကိုထိုးရသလို ကျွန်တော်တို့ အနေနဲ့ စစ်တပ်ကို အလဲထိုးနိုင်ဖို့က စစ်မြေပြင်မဟုတ်ဘဲ သူ့ရဲ့ အဓိက အားနည်းချက်ကို ရှာဖို့လိုပါတယ်။ အဲ့ဒါကြောင့် နိုင်ငံရေးစားပွဲပေါ်ကို ခေါ်နိုင်ဖို့ဖြစ်တယ်။ အဲ့ဒါကို သိထားတဲ့စစ်တပ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို (၁၇)နှစ်ကြာစိတ်တိုင်းကျရေးဆွဲကာ ၂၀၁၀ မှာရွေးကောက်ပွဲပြုလုပ်ပြီး သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရသစ်တက်လာတဲ့နောက်ပိုင်း ငြိမ်းချမ်းရေးကမ်းလှမ်းချက်ဟာ သူက စတင်ကမ်းလှမ်းတာမဟုတ်ဘဲ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲအတွက်တစာစာတောင်းဆိုမှုကြောင့်ဖြစ်ပါတယ်။ ဒီဖိအားတွေကိုမခံနိုင်တဲ့အတွက် အာဏာရပြီးတစ်နှစ်ကျော်မှ ၂၀၁၁ သြဂုတ်လမှ ကမ်းလှမ်းတာ ဖြစ်တယ်။

သမ္မတသိန်းစိန်အစိုးရရဲ့ ကမ်းလှမ်းချက်အရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးဟာ မိမိနဲ့သက်ဆိုင်ရာပြည်နယ်များနဲ့ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးဟာလည်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဖြင့် ဆွေးနွေးပြီးစာချုပ်တွေ ချုပ်ခဲ့တယ်။ အဲ့ဒီကနေ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို ဘာကြောင့်ချုပ်ဆိုဖို့ လိုအပ်သလဲဆိုရင် ကျွန်တော်တို့အဖွဲ့အ

စည်းအသီးသီးက လက်မှတ်ရေးထိုးတဲ့ စာချုပ်တွေဟာ ပြီးပြည့်စုံမှုမရှိတဲ့အတွက် ဖြစ်ပါတယ်။ တဖက်မှာ အပစ်အခတ်ရပ်စဲရေးစာချုပ်တွေ လက်မှတ်ရေးထိုးနေတဲ့အချိန်မှာ တဖက်မှာ ထိုးစစ်ဆင် တိုက်ခိုက်မှုတွေရှိတာ တွေ့ရတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ချုပ်ဖို့လိုတယ်ဆိုပြီးတော့ တိုက်တွန်းပြီး ၂၀၁၃ မှာ NCCT ကိုဖွဲ့စည်းပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးနိုင်ဖို့အတွက် ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၆)ဖွဲ့ပါတဲ့ NCCT နဲ့ UPWC တို့ဟာ တရားဝင်ဆွေးနွေးပွဲ (၇)ကြိမ်၊ အလွတ်သဘောဆွေးနွေးပွဲ (၂၀)ကျော်လုပ်ပြီး ၂၀၁၅မတ်လ (၃၁)ရက်နေ့မှာအတည်ပြုမူကြမ်းကို ရရှိခဲ့ပါတယ်။ အဲ့ဒီကနေတဆင့် အဆင့်မြင့်ဆွေးနွေးရေး SD ကိုဖွဲ့စည်းပြီး အဲဒီမှာ အဖွဲ့ခေါင်းဆောင်က နော်စီဖိုးရာစိန်၊ ဒုအဖွဲ့ခေါင်းဆောင်က ဒေါက်တာလှဂျာ၊ CNF အထွေထွေအတွင်းရေးမှူးချုပ် တို့ဖြစ်ပါတယ်။ အဲဒီကနေ တိုင်းရင်းသားလက်နက်ကိုင် ထိပ်သီးခေါင်းဆောင် (၅)ဦးနဲ့ နိုင်ငံတော်သမ္မတတို့ တွေ့ဆုံခဲ့ပါတယ်။ ဤသို့ဖြစ် အောက်တိုဘာလ (၁၅)ရက်နေ့မှာ NCAကို ချုပ်ဆိုနိုင်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီနေ့မှာပဲ NCA အကောင်အထည်ဖော်ရေးကော်မတီ JICM ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နဲ့ အစိုးရနှစ်ဖွဲ့ပဲ ပါဝင်ပါတယ်။ အဲ့ဒီမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က တစ်ဦးစီပါဝင်ပြီး ချင်းအမျိုးသားတပ်ဦးက အထွေထွေအတွင်းရေးမှူးချုပ် ပါဝင်ပါတယ်။ အဲဒီကော်မတီကနေ ကော်မတီနှစ်ခုဖြစ်တဲ့ UPDJC နဲ့ JMC ကို ဖွဲ့စည်းခဲ့ပါတယ်။ UPDJCက NCAစာချုပ်ပါအတိုင်းရက်ပေါင်း (၆၀) အတွင်းမှာ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကိုရေးဆွဲရမှာ ဖြစ်ပါတယ်။ အဲ့ဒီမှာ နိုင်ငံတကာပညာရှင်တွေက NCAတောင် နှစ်နှစ်ကျော် အချိန်ကုန်တယ်ဆိုရင် နိုင်ငံရေးဆွေးနွေးမှု မူဘောင် ရက်ပေါင်း (၆၀)အတွင်း ဖြစ်မြောက်မှာမဟုတ်ဘူးလို့ ပြောကြပါတယ်။ အဲ့ဒီကနေတဆင့် ရေးဆွဲရေးကော်မတီကို တစ်ဖက် (၃)ဦးစီ ပြန်လည်ဖွဲ့စည်းပြီး သုံးရက်အတွင်း အပြီးသတ်ရေးဆွဲနိုင်ခဲ့တယ်၊ ဘာကြောင့် သုံးရက်အတွင်း ရေးဆွဲနိုင်ခဲ့သလဲဆိုရင် NCAစာချုပ်ခိုင်မာတဲ့အတွက်၊ ပါဝင်သင့်ပါဝင်ထိုက်တဲ့ အချက်အလက်တွေ ပါဝင်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ အဲ့ဒါကြောင့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို နိုင်ငံတော်သမ္မတကြီးထံ သတ်မှတ်ရက်အတွင်း အပ်နှံနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီးက ဒီဇင်ဘာလ (၁၅) ရက်မှာ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ကြေညာနိုင်ခဲ့တာဖြစ်တယ်။

အဲ့ဒီအချိန် NCA လက်မှတ်ရေးထိုးပြီးတဲ့အချိန်နဲ့ မူဘောင်ရေးဆွဲနေချိန်မှာ တိုင်းပြည်မှာ ရွေးကောက်ပွဲတွင် ကျင်းပပြီး NLD ကအနိုင်ရရှိတဲ့အတွက် အပြောင်းလဲလေးတွေ ရှိလာပါတယ်။ အဲ့ဒီအတွက်ကြောင့် ကြားထဲမှာ NLD နဲ့လည်း ဆွေးနွေးရပါတယ်။ NLD, CEC အဖွဲ့နဲ့နှစ်ကြိမ် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ ပါတယ်။ အဲ့လိုဆွေးနွေးချက်များအရ NLD အနေနဲ့ လုပ်ဆောင်ချက်အားလုံးကို အပြည့်အဝအားပေးတယ်၊ ဒါပေမဲ့ အစိုးရသစ်တက်လာမှာဖြစ်တဲ့အတွက် နိုင်ငံရေးဆိုင်ရာဆွေးနွေးမှု မူဘောင်ကို ပြင်လွယ်ပြောင်းလွယ်ပြုလွယ် လုပ်ဖို့ တောင်းဆိုထားပါတယ်။ အဲ့ဒီအတွက်ကြောင်း Framework for Political Dialogue ကို ပြင်လွယ်ပြောင်းလွယ်ဖြစ်အောင် အားလုံးသဘောတူညီချက်အရ ရေးဆွဲပြီးတော့ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၂) ရက်မှ (၁၆) ရက်အတွင်း ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

အဲ့ဒီလို ကျင်းပတဲ့အခါမှာလည်း NCA ထဲမှာပါတဲ့လမ်းပြမြေပုံအဆင့်(၇)ဆင့်အတိုင်းကျွန်တော်တို့ဆောင်ရွက်တာဖြစ်တယ်။ အဆင့် (၁) က NCA စာချုပ်လက်မှတ်ရေးထိုးခြင်း (၂) နိုင်ငံရေးဆွေးနွေးမှုမူဘောင်ရေးဆွဲခြင်း (၃) အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှု (၄) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်းဖြစ်ပေမဲ့ နိုင်ငံမြန်မာ့နိုင်ငံရေး အပြောင်းအလဲအကြောင့် နဂိုမူလတင်ပြထားတဲ့ ပထမဆုံးကျင်းပမယ့်ညီလာခံကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံလို့မခေါ်ပဲနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုညီလာခံလို့ သတ်မှတ်ဖို့အတွက် တင်ပြပေမဲ့ အစိုးရ၊ လွှတ်တော်၊ စစ်တပ်ဖက်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအဖြစ်သတ်မှတ်ရအောင် လမ်းပြမြေပုံအဆင့် (၃) နဲ့ (၄) က နိုင်ငံရေးဆွေးနွေးပွဲတွေဖြစ်ပြီး ဆက်စပ်မှုရှိတဲ့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအနေနဲ့ ပြုလုပ်ဖို့တင်ပြလာတဲ့အတွက် သမ္မတဦးသိန်းစိန် ရဲ့ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုများကိုလည်းအသိအမှတ်ပြုတဲ့အနေနဲ့အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပေါင်းပြီးတော့ လုပ်လိုက်ခြင်းဖြစ်တယ်။

အမျိုးသားရေးအဆင့်နိုင်ငံရေးဆွေးနွေးပွဲဆိုတဲ့

နေရာမှာ မြို့နယ်အလိုက်၊ ဒေသအလိုက်၊ အခန်းကဏ္ဍများအလိုက် တစ်နိုင်ငံလုံး ကျင်းပပြုလုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးအနေနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသဘောဆောင်တဲ့ Public Consultation ကို ၂၀၁၃ ခုနှစ်မှာ ပြုလုပ်ထားပြီး ဖြစ်ပါတယ်၊၄င်းကို အခြေခံပြီး အခုအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိုလည်း ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

နောက်ပြီး ကျွန်တော်တို့ဟာ နိုင်ငံရေးဆွေးနွေးပွဲကို တောက်လျှောက်တောင်းဆိုခဲ့ပေမဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ တကယ်နိုင်ငံရေးဆွေးနွေးပွဲလုပ်တဲ့အခါကျတော့ အကြောင်းအရာ (၅)ခုကိုခွဲပြီး ဆွေးနွေးခဲ့ကြတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနဲ့ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စသဖြင့် ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီအကြောင်းအရာ (၅)ခုစီမှာလည်းပဲ ကျွန်တော်တို့ မူဘောင်ထဲမှာပါဝင်တဲ့ အကြောင်းအရာတွေအဖြစ် ဥပမာ-နိုင်ငံရေး ကဏ္ဍမှာပါဝင်တဲ့ နောက်ထပ်ဆွေးနွေးမယ့် ခေါင်းစဉ် (၇)ခု ထပ်မံခွဲထားပြီး အဲ့ဒီထဲက တစ်ခုကိုဆွေးနွေးတယ်၊ လူမှုရေးမှာလည်း ခေါင်းစဉ်ခွဲ (၅)ခုအနက် တစ်ခုကိုဆွေးနွေးပြီး၊ ထိုနည်း၄င်းပဲ အခြား အကြောင်းအရာတွေကိုလည်း တစ်ခုချင်းစီခွဲပြီး ဆွေးနွေးခဲ့ကြတယ်။ အဲ့ဒီဆွေးနွေးမှုတွေမှာ ကျွန်တော်တို့ တိုင်းရင်းသားတွေထက် တပ်မတော်ဘက်က ဆွေးနွေးမှုတွေ ပိုမိုအားကောင်းတယ်ဆိုတာကိုတွေ့ရပါတယ်။ သူတို့က ဆွေးနွေးတဲ့ကဏ္ဍအလိုက် စာနဲ့ပေနဲ့ စာတမ်းနဲ့ တင်သွင်းနိုင်ခဲ့သလို ဆက်ပြီးဆွေးနွေးတဲ့အခါမှာ အချက်အလက်ပြည့်စုံစွာ တင်ပြဆွေးနွေးနိုင်တာကို တွေ့ရပါတယ်။ နိုင်ငံရေးကဏ္ဍမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကနေ ရှိထားပြီး ဖက်ဒရယ်ဖွဲ့စည်းပုံဆိုင်ရာစာတမ်းကို တင်ပြနိုင်ခဲ့ပါတယ်။ အဲ့ဒါကြောင့် ကဏ္ဍအလိုက် ကျွန်တော်တို့ဆွေးနွေးတဲ့နေရာမှာ ပြင်ဆင်မှုရှိရှိဆွေးနွေးနိုင်ဖို့အတွက် ပြင်ဆင်မှုအများကြီး လိုအပ်တယ်ဆိုတာကိုတွေ့ရှိရပါတယ်။ အဲ့ဒါကို ဒီညီလာခံကနေ ဆက်ပြီးဆောင်ရွက်ပေးဖို့လည်း တပါတည်း တင်ပြချင်ပါတယ်။ နိုင်ငံရေးကဏ္ဍမှာ ဖက်ဒရယ်နဲ့ဒီမိုကရေစီစနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံကို ဖွဲ့စည်းရန်ဆိုတဲ့အချက်ကို အားလုံးကထောက်ခံပေမဲ့ မည်ကဲ့သို့သော ဖက်ဒရယ်ဖြစ်ရမယ်ဆိုတဲ့ အပေါ်မှာအခက်ခဲရှိလာပါတယ်။ ကျွန်တော်တို့အဓိကအနေဖြင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည် ထောင်စုစနစ်ကို အခြေခံရမယ်လို့ တင်ပြထားပါတယ်။ အဲ့ဒီမှာ တပ်မတော်ဘက်က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို သဘောမကျဘဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အသုံးပြုဖို့ တင်သွင်းလာပါတယ်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တွေကို ဖွဲ့စည်းတဲ့နေရာမှ ပြည်နယ်များအလိုက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းရန်လိုအပ်တယ်လို့ ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်ကနေ တင်ပြထားပေမဲ့ သူတို့က ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမပါတဲ့ ဖက်ဒရယ် ပြည်ထောင်စုကို ဖွဲ့စည်းဖို့တင်ပြပါတယ်။ ဒီအချက်နှစ်ချက်ဟာ အင်မတန်မှ အရေးကြီးပါတဲ့ နိုင်ငံရေးတိုက်ပွဲဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာကို ခွန်စ်ခွနဲ့သွားဖို့လိုအပ်တယ်လို့ တင်ပြချင်ပါတယ်။ ခွနှစ်ခွထဲမှာ တစ်ခွကကျွန်တော်တို့လိုချင်တဲ့မူနဲ့ပေါ်လစီကို သူတို့လက်ခံအောင် စားပွဲပေါ်မှာ ဆွေးနွေးတဲ့နည်းဖြစ်ပြီးတော့ အခြားခွတစ်ခွကတော့ ကျွန်တော်တို့လိုချင်တဲ့ ဖက်ဒရယ်ကို သူတို့နဲ့မဆွေးနွေးဘဲနဲ့ ကျွန်တော်တို့ ကိုယ်တိုင်က လက်တွေ့ဆောင်ရွက်ရင်းနဲ့ ဖော်ဆောင်တဲ့စနစ် ဖြစ်ပါတယ်။ ဒီနှစ်ခုကို ပြိုင်တူဆောင်ရွက်မှုပဲ ကျွန်တော်တို့အောင်မြင်မှာ ဖြစ်ပါတယ်။

ထို့ကြောင့် ရှေ့ဆက်ဆောင်ရွက်တဲ့ နေရာမှာ ကျွန်တော်တို့ လိုလားသော တန်းတူရေးနဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်တဲ့အတွက် ဒီညီလာခံကနေ မူပေါ်လစီတွေကို ဆွေးနွေးချမှတ်ကြဖို့ အစီရင်ခံ တင်ပြလိုပါတယ်။

## ၂။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)
## (ဒေါက်တာရှွေခါရ်း)

JMCမပြောခင်မှာသမိုင်းကြောင်းလေးကိုအနည်းငယ်ပြောချင်ပါတယ်။ ၂၀၁၁ ဩဂုတ်လ (၁၈)ရက်နေ့မှာ ထုတ်ပြန်တဲ့ နိုင်ငံတော်သမ္မတရဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကိုကြည့်မယ်ဆိုရင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ လုပ်ပါမယ်ဆိုတဲ့ဟာ သူတို့မှာမပါဘူး၊ ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲလုပ်ပါမယ်ဆိုတာပါတယ်။ အဲ့ဒါကို ပြည်ထောင်စုနိုင်ငံရေးတွေ့ဆုံပွဲအထိ ရောက်ရှိသွားအောင် ခေါ်ဆောင်သွားတဲ့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်း

ဆောင်များကိုလည်း အထူးပဲချီကျူးပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်များအနေနဲ့ သဘောတူစာချုပ်တွေ အသီးသီး ရှိကြပေမဲ့ ဘာဖြစ်လို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေး NCA စာချုပ်ကိုချုပ်ရသလဲဆိုရင် ပြည်ထောင်စုအစိုးရ က ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲလို့ မလိမ်တပတ်လုပ် လိုက်တဲ့အရာကို တဖက်မှ ပြည်ထောင်စုနိုင်ငံရေး တွေ့ဆုံ ဆွေးနွေးပွဲလုပ်မယ်ဆိုတဲ့ဟာကြောင့်တပိုင်း သီးခြားစီချုပ် ထားတဲ့စာချုပ်တွေ ပိုပြီးခိုင်မာလာအောင် ဖြစ်စေလိုတဲ့အ တွက်ကြောင့်တပိုင်းကြောင့် NCA ကို လက်မှတ်ရေးထိုးခြင်း ဖြစ်ပါတယ်။

ဒီ NCA ကို ခြုံပြီးကြည့်ရမယ်ဆိုရင် အဓိက ကဏ္ဍ (၄)ခုနဲ့ ခွဲလို့ရပါတယ်။ အဲဒါတွေကတော့

(၁) နိုင်ငံရေးတွေ့ဆုံမှုဆိုင်ရာ အချက်အလက်များ

(၂) စစ်ရေးကဏ္ဍ

(၃) ကြားကာလစီမံခန့်ခွဲမှုကဏ္ဍ

(၄) အထွေထွေကဏ္ဍဆိုပြီးတော့ လေးခုခွဲခြားထားပါ တယ်။

ဘာကြောင့် NCA လက်မှတ်ရေးထိုးဖို့အတွက် နှစ်နှစ်တိုင်အောင်ကြာခဲ့ရသလဲဆိုရင် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲကို ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးလို့ ပြောင်းလဲလိုက်ခြင်းအတွက်ကြောင့်ဖြစ်ပြီး၊ နောက်တချက် ကတော့ စစ်ရေးကဏ္ဍများမှာလည်း ရှင်းရှင်းလင်းလင်း ဖြစ် စေလိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ JMC, UPDJC တို့ ဟာလည်း အထက်က ကဏ္ဍ (၄)ခုကြောင့် ပေါ်လာရခြင်း ဖြစ်တယ်။ JICM ကတော့ NCA တခုလုံးဖြစ်ပေါ်ဖို့အတွက် အစည်းအဝေးလုပ်တဲ့အရာဖြစ်တယ်။ အဲ့ဒါကြောင့် JICM က စာချုပ်အကောင်အထည်ဖော်ရေးမှာသော်လည်းကောင်း၊ စာချုပ်အခိုင်အမာ ဖြစ်ပေါ်စေရေးမှာသော်လည်းကောင်း တာဝန်ရှိပါတယ်။

နောက်ကဏ္ဍတစ်ခုဖြစ်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေး နွေးမှုကတော့ UPDJC ကတာဝန်ယူပြီး လုပ်နေပါတယ်။ စစ် ရေးကဏ္ဍကို JMC ကဆောင်ရွက်နေပါတယ်။ JMC ဆိုပြီး တစ်ခုလုံးကို စောင့်ကြည့်နေတာမဟုတ်ဘဲ ကဏ္ဍများထဲက စစ်ရေးကဏ္ဍကို စောင့်ကြည့်နေခြင်းဖြစ်ပါတယ်။ တစ်ခုလုံး ကို JICM ကစောင့်ကြည့်နေတာ ဖြစ်ပါတယ်။ JICM ကို NCA စာချုပ် ချောချောမောမောသွားနိုင်ဖို့အတွက် ရည်ရွယ်ပြီးဖွဲ့ စည်းခြင်းဖြစ်ပါတယ်။ JMCကိုလည်း NCAကရက်ပေါင်း(၃၀) အတွင်းဖွဲ့စည်းဖို့ အချိန်ကန့်သတ်ချက်ထားပါတယ်။ JMC ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို ချမှတ်ထားဖို့၊ နှစ်ဖက်လိုက် နာရမယ့် Ceasfire Code of Conduct ကိုရေးဆွဲဖို့ဖြစ် တဲ့အတွက် ရက်ပေါင်း (၃၀)အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

JMC ကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသသတ္တရအဆင့် စသဖြင့် အဆင့်သုံးဆင့်နဲ့ခွဲပြီး ဖွဲ့စည်းဖို့ ရည်ရွယ်ထားပါတယ်။

ပြည်ထောင်စုအဆင့်မှာ အစိုးရဘက်က (၁၀)ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က (၁၀)ဦး၊ အရပ်သား(၆) ဦး (အစိုးရဖက်က နှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်ဖက် က နှစ်ဦး) နဲ့ဖွဲ့ပြီးတော့ အပစ်ခတ်ရပ်စဲရေးစောင့် ကြည့်ရေး ဖြစ်တဲ့အတွက် တပ်မတော်ဖက် အဆင့်မြင့်အရာရှိကြီးများ ပြည်ထဲရေးဘက်ကလည်း ပါဝင်လာသလို ဝန်ကြီးဟောင်း တွေ၊ ပညာရှင်တွေလည်း ပါလာတာကို တွေ့ရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဘက်နေ KNU, RCSS ကနှစ်ဦးစီပါဝင်ပြီး အခြားအဖွဲ့မှတစ်ဦးစီပါဝင်ဖွဲ့ထားပါတယ်။ ဥက္ကဋ္ဌအနေနဲ့ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကဦးဆောင်ပြီး၊ ဒုဥက္ကဋ္ဌ- ၁ ကို KNU မှ ဗိုလ်ချုပ်အိုင်ဇက်ခ်၊ ဒုဥက္ကဋ္ဌ- ၂ ကိုအရပ်သားဖက်ကနေ ခြောက်လစီအလှည့်ကျနဲ့လုပ်သွား မှာ ဖြစ်ပါတယ်။ အတွင်းရေးမှူး- ၁ ကကျွန်တော်နဲ့ အတွင်း ရေးမှူး- ၂ ကို တပ်မတော်ဘက်က ဗိုလ်မှူးကြီးဝဏ္ဏအောင် က ဆောင်ရွက်ပါတယ်။

နိုင်ငံတော်တော်များများမှာတော့ ပစ်ခတ်တိုက် ခိုက်မှုစောင့်ကြည့်ရေးကိုပဋိပက္ခမှာမပါဝင်တဲ့ သီးခြားပုဂ္ဂိုလ် များဖြင့် သီးသန့်ဖွဲ့စည်းထားကြပါတယ်။ ဒါပေမဲ့ ကျွန်တော် တို့ အဲ့ဒီလိုမလုပ်ရခြင်းကတော့ တကယ့်ပဋိပက္ခများ ကိုယ် တိုင် ပူးတွဲစောင့်ကြည့်ဖို့အတွက် ဆုံးဖြတ်ထားတဲ့အတွက် ဒီလိုစောင့်ကြည့်တဲ့နေရာမှာ အခြေခံရမယ့်မူ (၆)ချက်ဖြစ် သော လုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်ရာမှာ ဘက်လိုက်မှုကင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားမျှတ မှု၊ တန်းတူညီမျှမှု၊ ဂုဏ်သိက္ခာရှိမှုတို့ကို အခြေခံထားပါ တယ်။ ပဋိပက္ခတွေဖြစ်ပေါ်နိုင်တဲ့ အောက်ခြေတပ်များမှာ ပဋိပက္ခဖြစ်ပေါ်လာပါက စစ်အင်အားကိုအသုံးပြုပြီး ဖြေရှင်း ခြင်းမျိုးမရှိဘဲညှိနှိုင်းဖြေရှင်းခြင်းနည်းလမ်းကိုအသုံးပြုရန်၊ NCA ပါအခြေခံမူများနှင့် ရည်ရွယ်ချက်များအတိုင်း

အကောင်အထည်ဖော်ရန်၊ NCA တွင်ဖော်ပြပါရှိသည့်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို လိုက်နာရန်နှင့် ပစ်ခတ်တိုက်ခိုက်မှု စောင့်ကြည့်ရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိခြင်း၊ ငြိမ်းချမ်းရေးဆွေးနွေး အဖွဲ့များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးစေတနာမှန်ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအရ လူသားချင်းစာနာထောက်ထားသည့် ဥပဒေများကို လေးစားလိုက်နာရန်စ သဖြင့် အခြေခံမူ (၆) ချက်ကို ရေးဆွဲပြဌာန်းပြီး စောင့်ကြည့်ရမှာဖြစ်ပါတယ်။

JMCကနေတာဝန်နဲ့လုပ်ပိုင်ခွင့်တွေ သတ်မှတ်တဲ့အပြင် ပြသာနာတခုခုတက်လာရင် ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့အပေါ်မှာ-

(၁) ပြသနာဖြစ်ပေါ်လာရင် ဘယ်ကိုတိုင်ကြားမလဲ

(၂)တိုင်ကြားမှုပြုလုပ်ပြီး စီစစ်မှုပြုလုပ်လာရင် ဘယ်လိုစီစစ်မလဲ

(၃)ပြသနာဖြစ်ပေါ်လာရင် ဘယ်လိုအရေးယူရမလဲ ဆိုတဲ့အချက်အပေါ်မှာ (သာမန်အဆင့်၊ သာမန်ထက်ပိုတဲ့အဆင့်၊ အရေးကြီးအဆင့်)စသဖြင့် ခွဲခြားထားပါတယ်။ အဲ့ဒီမှာ နစ်ဖွဲ့ဖြစ်တဲ့အတွက် အခက်ခဲနည်းနည်းရှိလာတယ်။ အဓိကကတော့ ကိုယ့်ဥပဒေစီနဲ့အရေးယူဖို့ ဖြစ်လာပါတယ်။ အဲဒါကြောင့် JMCက စောင့်ကြည့်တာတင်မကဘဲပြသနာတစ်ခုခုဖြစ်ပေါ်လာရင် ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ ပြသနာဖြေရှင်းရေးကိုပါလုပ်ဆောင်မည့် Body ဖြစ်လာပါတယ်။ အဲ့ဒါကြောင့် တိုင်တန်းရေး၊ စီစစ်ရေးလုပ်ဆောင်ရမယ့်အပေါ် မူတည်ပြီး ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသအဆင့်ဆိုပြီး အဆင့်ဆင့်ဖွဲ့စည်းဖို့ဖြစ်ပါတယ်။ ပြည်နယ်အဆင့်မှာ အစိုးရဖက်က (၅) ဦး၊ EAO ဖက်က (၅) ဦး၊ အရပ်သားဖက်က (၄) ဦးစသဖြင့် ဖွဲ့စည်းရန် ဖြစ်ပါတယ်။ အစိုးရဖက်က သက်ဆိုင်ရာ တိုင်းမှူး၊ စစ်ဦးစီး (ပထမတန်)၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ ပြည်နယ်ရဲမှူးကြီး၊ ပြည်နယ်နယ်စပ်ရေးရာဝန်ကြီး စသဖြင့်လည်းကောင်း၊ EAO ဖက်က သက်ဆိုင်ရာတပ်မှူးများ၊ အရပ်သား (၄)ဦး တပ်မတော်က ၂ ဦး၊ EAO ဖက်က (၂) ဦး စသဖြင့် အဆိုပြုတင်သွင်းမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အဓိကအခြေခံက အောက်ခြေပြသာနာကို အောက်ခြေက အကုန်လုံးတာဝန်ယူပြီး ဖြေရှင်းဖို့နဲ့ အဲဒါတွေကမရရင် ဖွဲ့စည်းပုံအတိုင်း အဆင့်ဆင့်တက်လာဖို့ဖြစ်ပါတယ်။ နောက်ပြီး NCA သဘောတူစာချုပ်မှာပါတဲ့ ဒေသခံ CBO, CSO များ စောင့်ကြည့်ရေးမှာ ပါဝင်ရေးနဲ့ပတ်သက်ပြီး ဆွေးနွေးရာမှာ ဒေသခံကနေရွေးချယ်မှုအရလုပ်နိုင်မယ့်အဆင့်လောက်သာ ပြေလည်မှုရရှိခဲ့ပါတယ်။ အဲ့ဒါကို ပြည်နယ်အဆင့် စောင့်ကြည့်ရေး ကော်မတီကနေထောက်ခံဖို့လိုအပ်သလို ပြည်နယ်အဆင့် ထောက်ခံချက်ရမှသာ ၄င်းတို့ရဲ့ လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုအဆင့် စောင့်ကြည့်ရေးကော်မတီက တရားဝင်ထည့်သွင်းစဉ်းစားမှာဖြစ်ပါတယ်။ ဒါဟာ သိပ်သိမ့်မွေ့နေတဲ့အချိန်ဖြစ်တဲ့အတွက် လုပ်ငန်းများ ဖရိုဖရဲမဖြစ်အောင် ထိန်းသိမ်းရာလည်းရောက်ပါတယ်။

နောက်ပြီး တစ်ဖက်စစ်တပ်များ လိုက်နာရမည့် Code of Conduct ကိစ္စနဲ့ပတ်သက်ပြီး အဓိအားဖြင့် ရည်ရွယ်ချက်၊ နစ်ဖက်လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ ပြည်သူလူထုကို ကာကွယ်ခြင်း၊ အထွေထွေကဏ္ဍ ဆိုပြီး အပိုင်း (၄) ပိုင်းရှိပါတယ်။ ဒီမှာ အရေးကြီးဆုံး အခန်းကဏ္ဍကတော့ ပြည်သူတွေကို နစ်ဖက်စလုံးက ဘယ်လိုအကာအကွယ်ပေးမလဲဆိုတဲ့အချက် ဖြစ်ပါတယ်။ အသေးစိတ်အချက်အလက်များကတော့ NCA စာချုပ်ပါအချက်အလက်များကို ရည်ညွှန်းထားတာဖြစ်ပါတယ်။

တစ်ခုလုံးကို ခြုံပြီးတင်ပြရမယ်ဆိုရင် NCA တစ်ခုလုံးမှာတာဝန်အရှိဆုံးက JICM ဖြစ်ပါတယ်။ နိုင်ငံရေးဆိုင်ရာကို UPDJC က တာဝန်ယူပြီး၊ စစ်ဖက်ဆိုင်ရာကို JMC က တာဝန်ယူပါတယ်။ JMC က လေ့လာစောင့်ကြည့်တဲ့နေရာမှာ နစ်ဖက်တပ်များတင်မကတော့ဘဲ ပြည်သူလူထုကို ကာကွယ်ဖို့ပါ လုပ်ရမယ့်အတွက်ကြောင့် ပြည်သူတွေဖက်ကနေလည်း ပါဝင်နိုင်ဖို့အတွက် လမ်းဖွင့်ထားခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် ချင်းပြည်နယ်မှာ ဧပြီလမတိုင်ခင် Work shop တစ်ခုပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ အဲ့ဒီ ပြည်နယ်အဆင့် စောင့်ကြည့်ရေးကော်မတီဖွဲ့စည်းပြီးမှသာ AA နဲ့ အခြားတိုင်တန်းချက်များကို ဆောင်ရွက်နိုင်မှာဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။

၀၀၀၀

# ညီလာခံသို့ တင်သွင်းသော စာတမ်းနှင့် အကြံပြုချက်များ

## (က) မင်းတပ်၊ ကန်ပက်လက် ကိုယ်စားလှယ်များမှ တင်သွင်းသည့် စာတမ်း

### နိဒါန်း

လေးစားရပါသော ညီလာခံကိုယ်စားလှယ်ကြီးများအားလုံး ညီလာခံသို့ တက်ရောက်လာနိုင်သည့်အပေါ် ဂါရဝပြုလျက် အထူးကျေးဇူးတင်ရှိကြောင်း ရှေးဦးစွာပြောကြားလိုပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ပင်လုံစာချုပ်အားဖြင့် ရရှိခဲ့သော်လည်း ပင်လုံစာချုပ်ကြီး၏ အနှစ်သာရ ဖယ်ဒရယ်ပြည်ထောင်စုကို ခွဲထွက်ရေးဟု အဓိပ္ပါယ်ဖွင့်ဆို၍ (၁၉၆၂) ခုနှစ်တွင် ပြည်သူလူထု၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ဦးနေဝင်း ဦးဆောင်သည့် စစ်တပ်မှအာဏာသိမ်းလျက် အနှစ် (၆၀) လုံးလုံးအစိပ်စိပ်အမွှာမွှာဖြစ်အောင် ချင်းအမျိုးသားတစ်ရပ်လုံးအုပ်ချုပ်၊ ချုပ်ချယ်မှုကြောင့်အမျိုးသားစည်းလုံးညီညွတ်မှုကို ပျက်ပြားကာ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် ပြည့်နေခြင်းကို အခွင့်အရေးယူပြီး ချင်းအမျိုးသားများ (၅၃) မျိုးအထိ ခွဲခြားသတ်မှတ်ခြင်း ခံခဲ့ရပါသည်။ ထို့အပြင် ချင်းလူထုတို့၏ မတူကွဲပြားသည့် အယူအဆများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဘာသာစကားများ၊ နယ်မြေဒေသများ တည်ရှိနေခြင်းအပေါ် စစ်အာဏာရှင်အစိုးရ၏ နည်းပရိယာယ်များကြောင့် ပို၍ အချင်းချင်းစိတ်ဝမ်းကွဲမှု တည်ရှိနေခြင်း၊ အချင်းချင်း ဆက်သွယ်နိုင်သည့် လမ်းပန်းဆက်သွယ်ရေး အခက်ခဲများရှိနေခြင်း စသည့်အချက်များကြောင့် ချင်းလူမျိုးတို့သည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ မစုစည်းနိုင်ခြင်းကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်မှုကို ယနေ့အထိ တည်တံ့ခိုင်မြဲသည် စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခြင်းများမရှိသည်မှာညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်များအားလုံး အသိဖြစ်ပါသည်။ ထိုအခက်ခဲ အတားအဆီးများကို ကျော်လွှားနိုင်ရန်အတွက် ချင်းအမျိုးသားတပ်ဦး အနေဖြင့် နည်းလမ်းမျိုးစုံကို အသုံးပြုလျက် ချင်းအမျိုးသားတော်လှန်ရေး လက်နက်ကိုင်ကြိုးပမ်းလုပ်ဆောင်ခြင်းအပေါ်၌ လည်းကောင်း၊ ယနေ့ ချင်းလူထုကိုယ်စားလှယ်များတက်ရောက်နိုင်သည့်ညီလာခံကြီးကို ထပ်မံပြင်ဆင်သည့် အပေါ်၌လည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ချင်းအမျိုးသားတပ်ဦး အနေဖြင့်အမျိုးသားတစ်ရပ်လုံး၏စည်းလုံးညီညွတ်မှုကိုပြန်လည်တည်ဆောက်နိုင်မှသာလျှင် ချင်းအမျိုးသား၏ အခြေခံ ရပိုင်ခွင့် ဆုံးရှုံးနေမှုကို ရေရှည်းတည်တံ့ခိုင်မြဲသည့် အခွင့်အရေးစသဖြင့် ပြန်လည်ရရှိနိုင်မှာ ဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦး၏ဖွဲ့စည်းအုပ်ချုပ်ပုံကို အသေးစိတ်ဆန်းစစ်လေ့လာပြီး မြို့နယ်၊ ဒေသရှိပြည်သူလူထုမှ ယုံကြည်လက်ခံနိုင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်နိုင်ရေးသည် အရေးကြီးသော အချက်ဖြစ်ပါသဖြင့် ညီလာခံကိုယ်စားလှယ်များမှ ယခုတင်သွင်းသော အဆိုပြုချက်များကို တွန်းတွန်းတိုက်တိုက် ပါဝင်ဆွေးနွေး ညှိနှိုင်းပေးကြပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

### မှတ်ချက်

ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံသို့ တက်ရောက်သော မင်းတပ်၊ ကန်ပက်လက် ကိုယ်စားလှယ်များ၏ အဆိုပြုချက်များကို ရုံးဖိုင်အဖြစ် မှတ်တမ်းတင်ထားသည်။

**(မှတ်တမ်းကော်မတီ၊ ဆဋ္ဌမအကြိမ် ပါတီညီလာခံ)**

၀၀၀၀

## (ခ) ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ်မြောက် ပါတီညီလာခံသို့ ချင်းအမျိုးသားတပ်ဦး၊ ပလက်ဝ စီးပွားရေး ရုံးမှ တင်သွင်းသည့် စာတမ်း

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်းမှ စတင်ပြီး ရက္ခိုင့်တပ်မတော် (AA) တပ်ဖွဲ့တို့သည် ပလက်ဝမြို့၏အနောက်ဖက် ပီချောင်း ဒေသဖြစ်သည့် ဘင်္ဂဒေ့ရှ်နယ်စပ်တလျှောက်တွင် လှုပ်ရှားမှုများ ပြုလုပ်လာပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ပြင်ငူအုပ်စု၊ပြိုင်စိုကျေးရွာထဲ၌(AA)တပ်ဖွဲ့နှင့်အစိုးရစစ်တပ်များ ရင်ဆိုင်တိုက်ပွဲ စတင်ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲတွင် အစိုးရစစ်တပ်ဘက်မှ ဗိုလ်ကြီးတစ်ဦး ကျဆုံးခဲ့ရပြီး၊ ရဲဘော်နှစ်ဦးအား(AA)တပ်ဘက်မှဖမ်းဆီးခေါ်ဆောင်ခဲ့ပါသည်။ထိုညတွင်ပင်ပြိုင်စိုရွာသားဦးလိန်းမင်သည်လည်း(AA)တပ်ဖွဲ့တို့၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ရက်ပေါင်း (၂၀)ကျော်ခံခဲ့ရပြီး ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ထိုအချိန်မှစ၍ ပြိုင်စိုကျေးရွာသားများသည် ဘေးကင်းလုံခြုံရာသို့ ထွက်ပြေးရင်း တစ်ရွာလုံး ကုလားတန်မြစ်ကမ်းနံဘေး ကြွေသောင်အုပ်စု၊ လောင်းတင် ကျေးရွာအနီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။ အိမ်ခြေအားဖြင့်(၆၂)အိမ်ရှိသည်။ယနေ့အချိန်အထိ စစ်ရှောင် ဒုက္ခသည်အဖြစ် လောင်းတင်ကျေးရွာအနီးတွင် စားဝတ်နေရေး ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ နေရပါသည်။ စစ်ဘေးဒဏ်ခံဒေသမှ တဖြည်းဖြည်းကုလားတန်ဘက်သို့ ပြောင်းရွှေ့လာကြသည်မှာ ယနေ့အချိန်ထိ ရှိနေလျက်ရှိပါသည်။ လက်လှမ်းမီစာရင်းအရ အိမ်ခြေ (၂၀) ကျော်ရှိနေပြီဖြစ်သည်။ ဆက်လက်၍ နှစ်ဖက်သောတပ်များ စစ်ရေးလှုပ်ရှားမှုများရှိနေမည်ဆိုပါက ၎င်းဒေသမှ ပြည်သူများသည် မိမိနေရပ်ကိုစွန့်ခွာပြီးဘေးကင်းလုံခြုံသည့်နေရာသို့ပြောင်းရွှေ့လာကြကုန်မည် ဖြစ်ပါသည်။

ပလက်ဝမြို့နယ်၊ ပီချောင်းဒေသတွင် အုပ်စု (၁၀) အုပ်စု၊ ကျေးရွာ (၄၄) ရွာ၊ အိမ်ခြေ (၁၅၆၇) အိမ်၊ လူဦးရေ (၈၅၁၂) ကျော် နေထိုင်လျက်ရှိပြီး လူမျိုးအားဖြင့် ခူမီး(ချင်း) လူမျိုးများဖြစ်ကြပါသည်။ ၎င်းဒေသတွင် နေထိုင်သောပြည်သူများသည် ရွှေ့ပြောင်းတောင်ယာကို အဓိကမှီခိုလုပ်ကိုင်လျက်ရှိကြပါသည်။ ရက္ခိုင့်တပ်မတော် (AA) နှင့် အစိုးရစစ်တပ်များအကြား စစ်ရေးလှုပ်ရှားမှု အရှိန်မြင့်တက်လာမှုကြောင့် ဒေသခံပြည်သူများ ယနေ့အချိန်ထိ တောင်ယာလုပ်ငန်းများ လုပ်ကိုင်ရာတွင် အချိန်မှန် မဆောင်ရွက်နိုင်ခြင်း၊ ကြောက်လန့်ခြင်းတို့ကြောင့် တစ်ချို့ကျေးရွာများမှာ စားရေးအတွက် အခက်ခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ပီချောင်းအနောက်ဖက်ခြမ်းတွင်အဓိက(AA)တပ်ဖွဲ့များလှုပ်ရှားရှိသည့်အတွက် အစိုးစစ်တပ်များက ဒေသခံပြည်သူများအား ၎င်းဒေသဖက်သို့ သွားလာလှုပ်ရှားမှုများ မပြုရန် သတိပေးတားမြစ်ထားပါသည်။ နှစ်ဖက်သောတပ်များမှ မြေမြုပ်မိုင်းများ ထောင်ထားခြင်းကြောင့် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို အလွန်စိုးရိမ်ရသည်။ အစိုးရစစ်တပ်များက ရှင်မဒိန်အုပ်စု၊ လန်ဒန် (ခ) လားဘာဝ ကျေးရွာနေ ဦးရန်တန်းနှင့်အဖော်နှစ်ဦးတို့အားလမ်းပြအဖြစ်ခေါ်ဆောင်ရာ နယ်စပ်တစ်နေရာတွင် မြေမြုပ်မိုင်းနင်းမိ၍ ဦးရန်းတန်းဆိုသူမှာ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် သေဆုံးခဲ့ရသည်။ ကျန်တစ်ဦးမှာ ဒဏ်ရာရကာ ဆေးကုသမှု ခံခဲ့ရသည်။ပလက်ဝမြို့နယ် လေမြို့ဒေသ ခါအိမ်အုပ်စု၊ သပြုတ်ချောင်းကျေးရွာနေ ဦးမောင်သန်း မှာလည်း အစိုးရတပ်မှ လမ်းပြအဖြစ်ခေါ်ဆောင်ရာတွင်တိုက်ပွဲပြင်းထန်စွာရင်ဆိုင်နေရသဖြင့် ဒဏ်ရာရရှိကာ ယနေ့အချိန်အထိ ရခိုင်ပြည်နယ်ဆေးရုံတွင် ဆေးကုသမှု ခံယူနေဆဲဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၁-၁၂-၁၃) ရက်များတွင် ရှင်မဒိန် အုပ်စုအတွင်း ရက္ခိုင့်တပ်မတော် (AA) အင်အား (၈၀) ခန့်ရှိသည့်အဖွဲ့များသည် ကျေးရွာထဲတွင် ဝင်ရောက်ပြီး ကြက်(၁၀) ကောင်၊ ဆန် (၆) အိတ်၊ ဆိတ် (၁) ကောင်နှင့် ဆိုင်ရှင်ထံမှ ကျပ်(၈၇၀၀၀)ဖိုးရှိသည့်ပစ္စည်းမျိုးစုံကိုလည်းအဖိုးမပေးဘဲ ယူဆောင်သွားသည်။ (AA) တပ်ဖွဲ့မှ လမ်းပြအဖြစ် ခေါ်ဆောင်သူနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် လူဦးရေမှာ (၄၀)ဦးထက်မနည်းရှိပါသည်။ ၎င်းဖမ်းဆီး ထိန်းသိမ်းခံထဲတွင် အမျိုးသား၊ နို့စို့ကလေးအမေနှင့် ကျောင်းသားများလည်းပါဝင်နေသည်။

(AA) တပ်ဖွဲ့များက ဒေသခံလူထုများထံပလက်ဝမြို့နယ်သည် ရခိုင်ပြည်နယ် နယ်နိမိတ်အတွင်းတွင် ပါဝင်ကြောင်း၊ ကျေးရွာထဲတွင် အစိုးရတပ်များအား ထားရှိပါက အချိန်မရွေး ပစ်ခက်တိုက်ခိုက်မည်ဖြစ်ကြောင်း၊ မိမိတို့ယူ

ထားသည့် ပစ္စည်းတန်ဖိုးများကိုလည်း ရခိုင်ပြည်နယ်ရမှ တန်ရာတန်ကြေးကို ပေးမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုခဲ့သည်။ ယခုအချိန်မှာပီချောင်းဒေသရှိပြည်သူလူထုတို့သည် စားဝတ်နေရေးထက် အသက်လုံခြုံရေးအတွက် အလွန်စိုးရိမ်နေရသည်။ တစ်ချို့ကျေးရွာများမှာ မိမိနေအိမ်အောက်တွင် ကတုတ်ကျင်းများ တူးထားကြပါသည်။ ပလက်မြို့နယ်၊ ပီချောင်းဘက် ရက္ခိုင့်တပ်မတော် (AA) တပ်ဖွဲ့များ စစ်ရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စာဖြင့်တင်ပြခြင်း၊ ပလက်ဝမြို့နယ်ရှိ ခူမီးလူငယ်များအသင်း(KYA)၊ ခူမီးအမျိုးသမီးများအဖွဲ့(KWO)၊ Paletwa Khumi Community-Malaysia (PKC) တို့ပူးပေါင်းပြီး သဘောထားထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သည်။ ☛

သို့ဖြစ်၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၏ယခုလက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသော လုံခြုံရေးနှင့် စားဝတ်နေရေးအခက်ခဲများကို ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ်မြောက်ပါတီညီလာခံတွင် ဆွေးနွေးပေးပါရန်နှင့်သက်ဆိုင်ရာလူကြီးများမှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ဤစာတမ်းအား တင်သွင်းအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦး၊ စီးပွားရေးရုံး
ပလက်ဝမြို့

၁၁၁၁

## (ဂ) ဆဋ္ဌမအကြိမ် ချင်းအမျိုးသားတပ်ဦး ပါတီညီလာခံသို့ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်(၁) မှ တင်သွင်းသော ဖွဲ့စည်းပုံဆိုင်ရာ အကြံပြုချက်

### အကြံပြုချက် (၁)

<u>လက်ရှိ ပါတီဖွဲ့စည်းပုံကိုဆက်လက်ကျင့်သုံးမည်ဆိုပါက -</u>

(၁) CEC နှင့် CC အဖွဲ့ဝင်အများစု (ထက်ဝက်ခန့်) အလွယ်တကူတွေ့ဆုံနိုင်သည့် အမေရိကန် သို့မဟုတ် နယ်စပ်တစ်နေရာရာ သို့မဟုတ် ပြည်တွင်းတစ်နေရာရာကို ပါတီဗဟိုပြုရာနေရာအဖြစ်သတ်မှတ်ရန်။

(၂) ဥက္ကဋ္ဌ သို့မဟုတ် အထွေထွေအတွင်းရေးမှူးသည် သတ်မှတ်ထားသည့် ပါတီဗဟိုဌာနချုပ်တွင် အချိန်ပြည့်နေထိုင်နိုင်သူ မဖြစ်သည့်တိုင် မကင်းမကွာနေထိုင်နိုင်သူများကို ရွေးချယ်တင်မြှောက်ရန်။

(၃) အရေးပေါ်၊ အရေးကြီး၊ သာမန် စသည့်ကိစ္စများကို အထွေထွေအတွင်းရေးမှူးမှ ဆုံးဖြတ်ချက်ချပြီးလိုအပ်သလိုအစည်းအဝေးခေါ်ယူခြင်း၊ တိုင်ပင်ညှိနှိုင်းခြင်းများ ပြုလုပ်ရန်။

(၄) ဆွေးနွေးဆုံးဖြတ်ချက်များပြုလုပ်ပြီးနောက်ဆုံးအတည်ပြုချက်ကို ဥက္ကဋ္ဌထံ ရယူသည့်စနစ်မျိုးဖြင့်အတည်ပြုသင့်ကြောင်း တင်ပြလိုပါသည်။

(၅) အဓိပတိကောင်စီကို ယခင်ပုံစံအတိုင်း ဆက်လက်ထားရှိပြီး၊ ပြည်တွင်းတွင် အဖွဲ့ဝင်များကို တိုးချဲ့ရန်။

(၆) အဓိပတိကောင်စီဝင်များအား အုပ်ချုပ်တာဝန်များ မပေးအပ်ဘဲ၊ မိမိတို့ ကိုယ်စားပြုနယ်မြေနှင့် ဒေသများအတွင်းရှိလူထုအတွင်း ပါတီ၏ မူဝါဒလစီနှင့် တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး ရေစီးကြောင်းတွင် ပြည်သူများနှင့် အတူလက်တွဲပူးပေါင်းရေးကို အသားပေးလုပ်ဆောင်ရန်။

## အကြံပြုချက် (၂)

<u>ပါတီဖွဲ့စည်းပုံအသစ်</u>

(၁) ပါတီဖွဲ့စည်းပုံကို Executive Body နှင့် Policy Making Body ဟူ၍ (၂) ပိုင်း ခွဲခြားထားပြီး၊ Executive Body ကို အချိန်ပြည့်၊ ခြေစုံပစ်ပါတီဝင်များမှ ထမ်းဆောင်ရန်။

(၂) အဖွဲ့အစည်းအတွက် အချိန်ပြည့် အချိန်ပေးနိုင်ခြင်းမရှိသည့် ပါတီဝင်များအား မူနှင့်ပေါ်လစီပိုင်းတွင် အလေးပေး တာဝန်ခန့်အပ်ရန်။

(၃)အလှည့်ကျဥက္ကဋ္ဌစနစ်အားဖျက်သိမ်း၍ဥက္ကဋ္ဌဦးစီးစနစ်ကို ကျင့်သုံးရန်။

(၄) အုပ်ချုပ်ရေးနှင့် ပါတီ၏ နေ့စဉ်လုပ်ငန်းများ ထမ်းဆောင်မည့် ဗဟိုကော်မတီဝင် ဦးရေကို အများဆုံး(၁၁)ဦး သတ်မှတ်ပြီး အချိန်ပြည့်ခြေစုံပစ် တာဝန်ထမ်းဆောင်နိုင်မည့်သူများသာ ထမ်းဆောင်စေရန်။

(၅) ချင်းတမျိုးသားလုံးအရေး၊ တမျိုးသားလုံးနှင့်စပ်ဆိုင်သည့်မူနှင့်ပေါ်လစီများချမှတ်ရန်၊လိုအပ်ပါကအဓိပတိကောင်စီဝင်များ၊ ဗဟိုကော်တီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီများနှင့် အကြံပေးပုဂ္ဂိုလ်များ ပါဝင်သည့် အစည်းအဝေးခေါ်ယူ ဆုံးဖြတ်ရန်။

(၆) ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဦးရေကို (၁၃) ဦးအထိ သတ်မှတ်ရန်။

(၇) ဥက္ကဋ္ဌ မှလွဲ၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံးသည် အဖွဲ့အစည်းအတွက် အချိန်ပြည့် အချိန်ပေး တာဝန်ထမ်းဆောင်နိုင်သူများသာ ရွေးချယ်ခန့်အပ်ရန်။

ပေါလ်ဆီထာ

လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် (၁)

ချင်းအမျိုးသားတပ်ဦး

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဖွဲ့စည်းမှု

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၅-၁၇) ရက်နေ့များတွင်ကျင်းပသော ပထမအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)သည်နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်စွာကျင်းပသွားနိုင်ရေးအတွက် ရည်ရွယ်သည်။

### ၁။ ဖွဲ့စည်းမှု

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ကို နိုင်ငံတော်အစိုးရဖက်မှ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်၊ NCA လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီတို့မှကိုယ်စားလှယ်များ အချိုးတူ ပါဝင်စေကာ ဖွဲ့စည်းသွားမည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ကို ဥက္ကဋ္ဌ (၁)ဦး၊ ဒု-ဥက္ကဋ္ဌ (၃) ဦး၊ အတွင်းရေးမှူး (၃) ဦး၊ အဖွဲ့ဝင်များ စသဖြင့် ဖွဲ့စည်းသည်။

### ၂။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)သည်နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကိုကြီးကြပ်လမ်းညွှန် တာဝန်ခံရမည်။

(ခ) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အား NCAလက်မှတ်ရေးထိုးပြီးရက်ပေါင်း(၆၀)အတွင်းရေးဆွဲရန် တာဝန်ရှိသည်။

(ဂ) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများကို NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း စတင်ကျင်းပရန် တာဝန်ရှိသည်။

**စာမျက်နှာ (၃၈) သို့**

## (ဃ) ချင်းအမျိုးသားတပ်ဦး ပါတီရေးရာအတွင်းရေးမှူးမှ ညီလာခံသို့ တင်သွင်းသော အကြံပြုတင်ပြချက်

၁။ ချင်းအမျိုးသားတပ်ဦးအတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံအရ ထက်/အောက် ဆက်ဆံရေးအပိုင်းတွင် သော်လည်းကောင်း၊ ဆင့်ကဲအုပ်ချုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှုအပေါ်တွင်လည်းကောင်း အားနည်းချက်များစွာရှိသည်ဟုထင်မြင်တွေ့ရှိပါသည်။ ဤအချက်ပေါ်မူတည်၍ယခုညီလာခံသက်တမ်းအတွင်း လုပ်ငန်းပိုင်းဆိုင်ရာ အားနည်းချက် အခက်ခဲများကိုလည်း များစွာတွေ့ရှိရပါသည်။ သို့ဖြစ်၍ ဤချွတ်ယွင်းချက်များကို လျစ်လျူရှုမထားဘဲအရေးကြီးသည့်အခန်းကဏ္ဍတစ်ခုအနေဖြင့် သတ်မှတ်ဆောင်ရွက်ရန် တင်ပြလိုပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိသည့်နောက်ပိုင်း ဒီမိုကရေစီဟူသည့်အနှစ်သာရကို နားမလည်ဘဲ ဒီမိုကရေစီဟူသည့်အမည်နာမတွင်သာပြည်သူကျေနပ်မိကြမည်ကို စိုးရိမ်ရပါသည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို အမှန်တကယ်ဦးတည်သည့် အမျိုးသားနိုင်ငံရေးစိတ်ဓါတ် ရှင်သန်ရေးအတွက်မူပေါ်လစီများ ချမှတ်သင့်သည်ဟု တင်ပြလိုပါသည်။

၃။ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေအရ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်အညီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးလည်း စတင်နေပြီဖြစ်သည်။ ဤသို့သော နိုင်ငံရေးဆွေးနွေးပွဲများတွင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ကိုယ်စားလှယ်များ ကဏ္ဍအလိုက်ဆွေးနွေးနိုင်မည့် ကျွမ်းကျင်သူကိုယ်စားလှယ်များအား စနစ်တကျရွေးချယ်စေလွှတ်ရန် လိုအပ်ပါသည်။ သို့မှသာ ချင်းနိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအား တစုတစည်းတည်း ခေါ်ဆောင်သွားနိုင်မည်ဖြစ်၍ ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံမူကို စနစ်တကျ ချမှတ်သင့်ပါသည်။

၄။ ဘဏ္ဍာရေးနှင့်ပတ်သက်၍ တစ်နှစ်အတွက် စီမံချမှတ်ထားသော ရဘတ်ဂျပ်ငွေ မပြည့်မီနိုင်ခြင်းကြောင့် အချို့သောဌာန၏လုပ်ငန်းများ လည်ပတ်မှုအားနည်း ကျဆင်းသည်ကိုတွေ့ရသည်။ ယခုအနေအထားကဲ့သို့ဆက်ဖြစ်ပါက ချင်းအမျိုးသားတပ်ဦး၏လက်နက်ကိုင်တော်လှန်ရေးအရှိန်အဟုန်သည်လည်းပိုမို၍ကျဆင်းသွားနိုင်သဖြင့် ဘဏ္ဍာရေးဆိုင်ရာ မူပေါ်လစီများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု တင်ပြလိုပါသည်။

၁၁၁၁

(ဃ) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များကို ပြည်ထောင်စု လွှတ်တော်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(င) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အနေနှင့် မဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ၊ အခက်အခဲများရှိလာပါကတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM) သို့ တင်ပြ၍ ဆုံးဖြတ်ချက် ရယူရမည်။

(စ) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာလုပ်ငန်းများအတွက်လိုအပ်ပါက ကော်မတီဝင်ကိုယ်စားလှယ်များ ဖြည့်စွက်ခန့်အပ်ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM) သို့တင်ပြ၍ အတည်ပြုချက်ရယူကာ ဆောင်ရွက်နိုင်သည်။

(ဆ) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)သည် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လိုအပ်သည့် ဆပ်ကော်မတီများ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို ချမှတ်ပေးရမည်။

(ဇ) ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏အတွင်းရေးမှူးများသည်အစည်းအဝေးတခုနှင့်တခုကြားကာလတွင် ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းရပ်များကို ညှိနှိုင်းအကောင်ထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။

# ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်မှ ကောက်နုတ်ချက်များ

## (၁) ချင်းအမျိုးသားတပ်ဦး၊ ဗဟိုကော်မတီမှ ညီလာခံသို့ တင်သွင်းသော အစီရင်ခံစာအပေါ် မေးမြန်း၊ ဆွေးနွေး၊ ရှင်းလင်းချက်များ

### Pu Thang Nai

ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအစိုးရတို့ သဘောတူစာချုပ်ပါ ချင်းအမျိုးသားနေ့အား တရားဝင်ရုံးပိတ်အဖြစ် သတ်မှတ်ရေးကိစ္စတွင် ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော်မှုမရှိသည်ကို တွေ့ရသဖြင့် ၎င်းအပေါ် ချင်းအမျိုးသားတပ်ဦးက မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါတယ်။

### Pu Sai Kho Lian

ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအစိုးရတို့ ဆွေးနွေးသဘောတူညီချက် (၅၁) ချက်ပါပတ်ဝန်းကျင်ထိန်းသိမ်းရေး အကျိုးသက်ရောက်မှု လေ့လာရေးကော်မတီဖွဲ့စည်းရေးကို အခုထိ အကောင်အထည်မဖော် သေးတာကို တွေ့ရတယ်။ အခုလက်ရှိ မတူပီနဲ့ မင်းတပ် ကားလမ်းတလျှောက်မှာ သဘာဝပတ်ဝန်းကျင်နှင့် အရင်းမြစ်များပျက်စီးမှုဟာ စိုးရိမ်ဖွယ်ဖြစ်နေပြီ၊ ချင်းအမျိုးသားတပ်ဦးအနေနဲ့ အဲ့ဒါကို မသိတာလား၊ ဂရုမစိုက်မိတာလား၊ ဘာကြောင့် ကော်မတီကို အခုထိ မဖွဲ့စည်းသေးသလဲ။

နောက်ပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုကို ပြည်နယ်များနှင့် အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းရေးကို ချင်းပြည်သူ ၇၆.၃၂ ရာခိုင်နှုန်းက လက်ခံသည်ဟူသည့်အချက်က ဘာကို အခြေခံပြီး သတ်မှတ်သလဲဆိုတာ သိချင်ပါတယ်။

### မေးမြန်းချက်များအပေါ် ပူး ဇင်ကျုံး ၏ဖြေကြားချက်

၁။ ဤကိစ္စနှင့်ပတ်သက်၍ ၂၀၁၄ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦး ခေါင်းဆောင်များနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်တို့ ဟားခါးတွင် တွေ့ဆုံဆွေးနွေးချက်အရပြည်နယ်အစိုးရလွှတ်တော်ကိုယ်စားလှယ်များနှင့်ဒီဇင်ဘာလ (၁၉-၂၀)ရက်နေ့များတွင် ဆွေးနွေးခဲ့ပြီး ချင်းအမျိုးသားနေ့အား တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရေးကို နိုင်ငံတော်သမ္မတက အတည်မပြုနိုင်သေးကြောင်းနှင့် ပြည်နယ်အစိုးရတွင် လုပ်ပိုင်ခွင့်မရှိသည့်အတွက် အကောင်အထည်ဖော်နိုင်ခြင်းမရှိဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သဖြင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ (မင်းတပ်)တွင် အထွေထွေအတွင်းရေးမှူး မိန့်ခွန်း၌ ချင်းအမျိုးသားတပ်ဦးကိုယ်စား နိုင်ငံတော်အစိုးရကို ပန်ကြားခဲ့သလို တိုက်တွန်းမှုများလည်း ပြုလုပ်လျက်ရှိသည့်အပြင် ချင်းအမျိုးသား တပ်ဦးအနေဖြင့် အစိုးရသစ်ကိုလည်း ဆက်တိုက်ဖိအားပေးသွားမှာ ဖြစ်ပါတယ်။

၂။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ချင်းအမျိုးသားတပ်ဦးအနေဖြင့် အခြားအရေးကြီးတဲ့ ကိစ္စရပ်များကြောင့် ယနေ့အထိ ကော်မတီဖွဲ့စည်း၊ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်နယ်နှင့်အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းရေးကို ချင်းပြည်သူများက ထောက်ခံသည်ဟု သတ်မှတ်ရခြင်းမှာ ချင်းအမျိုးသားတပ်ဦးမှ ၂၀၁၃ ခုနှစ်၊ မေလမှနိုဝင်ဘာလအထိပြုလုပ်သော ချင်းပြည်သူလူထုနှင့်တွေ့ဆုံပွဲပါ မေးခွန်း (၄၀) အပေါ် ပြည်သူများ၏ ဖြေကြားချက်များကို ချုပ်၍ ၎င်းရလဒ်အားဖြင့် သတ်မှတ်အတည်ပြုခြင်းဖြစ်တယ်။

## (၂) ချင်းအမျိုးသားတပ်ဦး၏ တရားစီရင်ရေးကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ပူး သောမတ်(စ်) ထန်နီး ၏ ရှင်းလင်းချက်

ချင်းအမျိုးသားတပ်ဦး/တပ်မတော်အတွင်း သေဒဏ်ပေးစီရင်ခြင်းနဲ့ပတ်သက်ပြီး ချင်းအမျိုးသားတပ်မတော်၏ စစ်ဥပဒေကိုအခြေခံခြင်း ဖြစ်ပါတယ်။ စစ်ဥပဒေပါ ပြစ်မှု

အပေါ်အခြေခံပြီး စွဲချက်ကို တင်ရပါတယ်။ စီရင်မှုပိုင်းမှာ တပ်မှူးက တရားစီရင်ခွင့်ရှိပြီး၊ ပြစ်မှုကြီးငယ်အပေါ် မူတည်၍ လိုအပ်သလို ခုံရုံးများဖွဲ့စည်း စီရင်ရပါတယ်။ တရားစီရင်မှုကို ကြည့်ရှုနားထောင်နိုင်ပြီး တရားခံက စွဲချက်ကို ဝန်ခံပါက အကြမ်းနည်းဖြင့် စစ်ဆေးမေးမြန်းခြင်းများကို လုံးဝတားမြစ်ပါတယ်။

ချင်းအမျိုးသားတပ်ဦးရဲ့ တရားစီရင်ရေးမှာ ပြင်ပရှေ့နေများငှားရမ်းနိုင်သော်လည်း မိမိတို့တော်လှန်ရေး အခြေအနေအရ လက်ရှိအချိန်အထိ ရှေ့နေငှားရမ်းခြင်းမျိုး မရှိသေးပါ။တရားခံကစီရင်ချက်အပေါ် မကျေနပ်ပါကအယူခံဝင်ပိုင်ခွင့်ရှိတယ်။ ၎င်းအယူခံချက်အပေါ် ဗဟိုတရားသူကြီးဥက္ကဋ္ဌက အမှုတွဲများအား သေချာစွာပြန်လည် စီစစ်လေ့လာပြီး အယူခံခြင်းကို ခွင့်ပြု/ပယ်ချနိုင်သည်။

သေဒဏ်ပေးခြင်း/မပေးခြင်းကိစ္စနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံတော် တော်တော်များများမှာလည်း အငြင်းအခုံဖြစ်နေကြတယ်။ဒါပေမဲ့ချင်းအမျိုးသားတပ်ဦးရဲ့တရားစီရင်ရေးဟာ ချင်းအမျိုးသားတပ်ဦးရဲ့ မူပေါ်လစီအပေါ်မှာပဲ မူတည်ပါတယ်။အပြစ်ပေးရာမှာ တရားခံအား ကောင်းမွန်လာအောင် ပြုပြင်ခြင်းဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားပေးရပါတယ်။ဒါပေမဲ့တရားခံဟာလူ့အဖွဲ့အစည်းအသိုင်းအဝိုင်းတွင် ဆက်လက်နေထိုင်ပါက ဒုက္ခများ ဆက်လက်ပေးနိုင်မည့် အနေအထားမျိုးအပေါ်မှာလည်း များစွာမူတည်ပါသည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ Geneva Call ပါ Military Code of Conduct ကိုလည်း အတည်ပြုပြဋ္ဌာန်းထားပါသည်။ စစ်ဥပဒေကိုလည်း ကိုလိုနီခေတ် အင်္ဂလိပ်စစ်တပ်၏ စစ်ဥပဒေကို ကိုးကားပြီး ရေးဆွဲပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

**Pu Lalramlawma ၏ ထပ်မံရှင်းလင်းချက်**

သေဒဏ်စီရင်ခြင်းဟာ ကျမ်းစာထဲက ဟောကြားချက်တွေကနေစတင်ပြီး တရားစီရင်ရေးဘောင်တွင်းကို ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းကောင်းမွန်လာဖို့အတွက် လူတစ်ဦးတစ်ယောက်ကို သေဒဏ်စီရင်ခြင်းဟာ လူ့အခွင့်အရေးနဲ့ လုံးဝဆန့်ကျင်ပါတယ်။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်း လူမှုအသိုင်းအဝိုင်းမှာ Right and Leave ရှိတယ်။ အဲဒါကြောင့် သေဒဏ်ဖျောက်ခြင်းမဖျောက်ခြင်းဟာ မိမိတို့လူ့အဖွဲ့အစည်းက ဘယ်လောက်ထိ ယဉ်ကျေးသိမ်မွေ့တယ်ဆိုတဲ့အပေါ်မှာ သိပ်မူတည်ပါတယ်။

ချင်းအမျိုးသားတပ်ဦးရဲ့ တရားစီရင်ရေးမှုအပေါ် ပြည်ထောင်စုအစိုးရ သို့မဟုတ် နိုင်ငံတကာအဆင့်မှာ အယူခံဝင်လို့မရပါ။ အယူခံဝင်ခြင်းဟာ ဆက်စပ်မှုရှိပြီး ပိုပြီးအာဏာမြင့်တဲ့ ခုံရုံးမှာဝင်ခြင်းဖြစ်ပြီး ချင်းအမျိုးသားတပ်ဦး ရဲ့ ဗဟိုတရားရုံးနဲ့ ပြည်ထောင်စုအစိုးရ သို့မဟုတ် နိုင်ငံတကာ တရားရုံးတွေဟာ လုံးဝဆက်စပ်မှုမရှိတဲ့အတွက် အယူခံ ဝင်လို့ မရပါ။

**Pu Sai Kho Lian**

Chinland Club က ချင်းအမျိုးသားတပ်ဦးမှလွဲ၍ ပြည်တွင်းမှာ အခြားအကူအညီတွေပေးဖို့အတွက် ကန့်သတ် ဘောင်ခတ်ထားခြင်းများ ရှိပါသလား။

**Pu Caw Uk**

Chinland Clubကိုခက်ခက်ခဲခဲဖြင့်ဖွဲ့စည်းထားပြီး ရံပုံငွေကိုလည်း ခက်ခဲစွာရရှိထားခြင်းဖြစ်သဖြင့် လက်ရှိအခြေအနေအရ ချင်းအမျိုးသားတပ်မတော်သားနှင့် မိသားစုများ ထောက်ပံ့ကြေးမထုတ်ပေးနိုင်ခြင်းကိစ္စများသည် ချင်းလဲန်းကလပ်ဝင်များ၏ စိတ်ဓါတ်ကို များစွာ ကျဆင်းစေသည်။

**Pu Pa Hmun**

Chinland Clubရဲ့ ဝင်ငွေတွေဟာ ချင်းအမျိုးသားတပ်ဦးကိုပဲ ပေးပို့ခြင်းဖြစ်ပြီး၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ဖြစ်ပေါ်သော ပလက်ဝရေဘေးကယ်ဆယ်ရေး ရံပုံငွေများကိုလည်း ချင်းအမျိုးသားတပ်ဦး ပလက်ဝစီးပွားရေးရုံးမှ တဆင့် လှူဒါန်းခြင်းဖြစ်သည်။

**Pu Thang Ling Kee**

နော်ဝေ နိုင်ငံ Chinland Club တွင် မင်းတပ်-ကန်ပက်လက်မြို့နယ်မှ memberအနည်းငယ်သာရှိပြီး၊ဒိန်းမတ်နိုင်ငံတွင်မူ ၂၀၁၃-၁၄ ခုနစ်မှစပြီး မင်းတပ်-ကန်ပက်လက် ပါဝင်မှုတိုးလာပြီး၊ဖလမ်းမြို့နယ်ပါဝင်မှုကောင်းသော်လည်း Chinland Club တွင် တီးတိန်၊ တွန်းဇံမြို့နယ်ပါဝင်မှုမှာ နိုင်ငံတိုင်းတွင် အားနည်းသည်ကို တွေ့ရတဲ့အတွက် စည်းရုံးရေးလုပ်ငန်းကို ယခုထက်တိုး ဆောင်ရွက်စေချင်တယ်။

**Salai Sui Uk Lian**

ကနေဒါနိုင်ငံ Chinland Club မြို့နယ်စုံ၊ ဒေသစုံ ပါဝင်မှု အားကောင်းပါသည်။ သို့သော် ပါတီဝင်စာရင်းကို မြို့နယ်ဒေသအလိုက် ပြုစုမထားဘဲ ချင်းဟူသည့်အမည်နာမဖြင့်သာ စာရင်းပြုစုထားပါသည်။

**Salai Ceu Bik Thawng**

လက်ရှိ ပြည်တွင်းနိုင်ငံရေး အခြေအနေအရ NCA ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည့်အတွက် Chinland Club ကို ပြည်ပမှာသာမကပဲ ပြည်တွင်းမှာပါ ဖွဲ့စည်းပြီး ရံပုံငွေရှာပါက ဘဏ္ဍာရေးအခက်ခဲကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်လိမ့်မည်ဟု အကြံပြုလိုပါသည်။

**Pu Zing Cung**

၂၀၀၇ မှစပြီး ချင်းပြည်အတွင်း Mautam ပြဿနာကြောင့် ပြည်သူများ၏ စားဝတ်နေရေးအခက်ခဲအပေါ် လေ့လာသုံးသပ်ပြီး အိမ်ခွန်နှင့် နယ်စပ်ဂိတ်ခွန်များကို ၂၀၀၈ ခုနစ် ဗဟိုကော်မတီအစည်းအဝေးမှစပြီး ရပ်ဆိုင်းထားပြီး ဘဏ္ဍာငွေပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် ချင်းလဲန်းကလပ်ကို ၂၀၁၀ မှစတင်ဖွဲ့စည်းခဲ့ပါတယ်။

Chinland Club ဝင်ငွေကို မဟာမိတ်ဆိုင်ရာအစည်းအဝေးနှင့် လူကြီးများသွားရေးလာရေးတွင် အသုံးပြုခြင်းမပြုဘဲ တပ်နှင့်ပါတီအတွက်သာ အသုံးပြုခြင်းဖြစ်ပါတယ်။ ယခုလို ငွေရေးကြေးရေးအခက်ခဲကြုံတွေ့ရခြင်းဟာ တစ်နှစ်ဝင်ငွေအတွက်ရံထားသည့်ဘတ်ဂျပ်ငွေလုံးဝမပြည့်မီခြင်းအတွက်ကြောင့်သာဖြစ်တယ်။ ၂၀၁၅ခုနှစ်၊တစ်နှစ်အတွက် ရံထားသည့် ဝင်ငွေနှင့် ရရှိငွေမှာ ရူးပီးသိန်းပေါင်း ၆ ထောင်ကျော် ကွာဟနေခြင်းကြောင့်ဖြစ်သည့်အပြင် စီးပွားရေးဌာနမှ ရရှိမည့်ခန့်မှန်းချက်များလည်း မပြည့်မီသည့်အတွက် ချင်းလဲန်းကလပ်ဝင်တစ်ဦး၏ နှစ်စဉ်ကြေးကိုလည်း ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပြီဖြစ်တယ်။

## (၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် ချင်းအမျိုးသားတပ်ဦး၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အခြေခံမူများနှင့် မဟာဗျူဟာချမှတ်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးချက်များ

**Dr. Sui Khar**

UPC ဆွေးနွေးချက်ပါ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ အထွေထွေကဏ္ဍ စသည့် အကြောင်းအရာ (၅) ခုစလုံးတွင် ချင်းတစ်မျိုးသားလုံး၏ ဘုံရပ်တည်ချက်များကို ရရှိရန် ကြိုးပမ်းသင့်တယ်။ လာမည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ဤအရာအား အကောင်အထည်ဖော်နိုင်မည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် CNF အနေဖြင့် လာမည့်ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်မည့် ကိုယ်စားလှယ်များနှင့် စပ်လျဉ်း၍ (ထိရောက်စွာဆွေးနွေးနိုင်သူများ တက်ရောက်ရေး) မူချထားသင့်တယ်။

ညီလာခံမှရရှိလာတဲ့ ဆွေးနွေးချက်များကို ပြည်သူလူထုထံသို့ အချိန်နှင့်တပြေးညီ ချပြနိုင်မယ့် ယန္တရားများကိုလည်း တည်ဆောက်သွားသင့်တယ်လို့ တင်ပြလိုပါတယ်။

**Pa Hmun**

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ချင်းအမျိုးသားတပ်ဦးအနေဖြင့် ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံ ဆုံးဖြတ်ချက်များကို ယူဆောင်သွားသင့်တယ်လို့ မြင်ပါတယ်။

ကိုယ်စားလှယ်များ ရွေးချယ်ရာမှာ သက်ဆိုင်ရာ

ကဏ္ဍအလိုက်အမှန်တကယ်ဆွေးနွေးနိုင်သူများကိုသာရွေး ချယ်သင့်တယ်လို့ တင်ပြလိုပါတယ်။

**Pu Nang Lian Thang**

ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံနဲ့ပတ်သက်ပြီး အားလုံးလက်ခံနိုင်တဲ့ အနေအထားတွေရှိနေတဲ့အပြင် မပါဝင်တဲ့ ချင်းအစုအဖွဲ့တွေ ရှိနေသေးတဲ့အတွက် ညီလာခံရဲ့ဆုံးဖြတ်ချက်တွေဟာ အားလုံးကို မလွှမ်းခြုံဘူး၊ အဲ့ဒါကြောင့်အားလုံးပါဝင်နိုင်ရေးအတွက်ဂရုစိုက်ပြီးဆောင်ရွက်စေလိုပါတယ်။

**Dr. Lian Hmung Sakhong**

၂၀၁၃ ချင်းအမျိုးသားညီလာခံက အင်မတန်မှ ကောင်းမွန်တယ်၊ ဒါပေမဲ့ ချင်းအမျိုးသားတပ်ဦးဟာ အခုမတရားအသင်းက ထွက်လိုက်ပြီးနောက်ပိုင်း လက်ရှိနိုင်ငံရေးအခြေအနေအရချင်းအမျိုးသားညီလာခံထက်ပိုပြီးပြည့်စုံတဲ့ လူထုတွေ့ဆုံပွဲမျိုး ပြုလုပ်သင့်တယ်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကိုလည်းမဖြစ်မနေလုပ်သင့်တယ်။အဲ့ဒီကနေ ပါဝင်သင့်ထိုက်သူတွေကိုလည်း ရွေးချယ်အတည်ပြုပေးဖို့လိုမယ်လို့ ဆွေးနွေးလိုပါတယ်။

**Sayama Chin Chin**

ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီး ချင်းလူမျိုးများရှိတဲ့ နေရာဒေသများမှာ Peace Support Fund ကို တောင်းခံသင့်တယ်လို့ မြင်ပါတယ်။

နောက်ပြီး CNC ကဖွဲ့တဲ့ (၄၅) ဦးကော်မတီမှာ Zo ကိုယ်စားပြုများ မပါဝင်တဲ့အပေါ် အားလုံးပါဝင်ပြီး လုပ်ငန်း ပြန်လည်လည်ပတ်နိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦးက ဦးဆောင်ပြီး ဖိတ်ကြားမှုများပြုလုပ်ရန် လိုအပ်တယ်လို့ တင်ပြလိုပါတယ်။

**Pu Victor Biak Lian**

နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးကိစ္စမှာ ၂၀၁၃ Chin National Conference က ချမှတ်ပြီးသား နိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍမှာလည်း ပါဝင်ပြီးသားဖြစ်တယ်။ NLD ကလည်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အတိအလင်းဖော်ပြထားတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စနဲ့ပတ်သက်ပြီး လမ်းကြောင်းနှစ်ခုရှိတယ်။ ပထမက အစိုးရသစ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မင်းအောင်လှိုင် ပြေလည်ရင် လွှတ်တော်အတွင်းမှာလည်း များစွာပြင်ဆင်နိုင်သလို နောက်တစ်ခုက ငြိမ်းချမ်းရေး ဆွေးနွေးရေးလုပ်ငန်းအရ နိုင်ငံရေးဆွေးနွေးပွဲတွေကနေ ပြင်ဆင်ဖွဲ့စည်းရေး လမ်းကြောင်းတွေ ဖြစ်ပါတယ်။

အဓိကကတော့ ပြည်နယ်ကိုအခြေခံပြီး ဖွဲ့စည်းရေးကို ဦးတည်ထားတယ်၊ ဒါပေမဲ့ ပြည်နယ်ဥပဒေတွေ ပြဋ္ဌာန်းနိုင်မယ်/မနိုင်ဘူးဆိုတာ မသေချာသေးပါ။ Chin Forum ကရေးဆွဲထားတဲ့ Chinland Constitution Fifth Draft ပါ အခြေခံမူ များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး ၂၀၁၃ ချင်းအမျိုးသားညီလာခံက ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးကော်မတီတွေလည်းရှိနေတဲ့အတွက် အားလုံးပြန်လည်ခြုံငုံပြီး သုံးသပ်သင့်တယ်လို့ မြင်ပါတယ်။

**Salai Bawi Lian Mang**

ငြိမ်းချမ်းရေးဆွေးနွေးရေးနဲ့ ပတ်သက်ပြီးနိုင်ငံတကာ၊ ပြည်တွင်းပြောပြချက်များအရ အားရဖွယ်ကောင်းသလိုလာမယ့် ဆွေးနွေးပွဲများမှာလည်း စည်းရုံးမှုအသွင်ဆောင်ပြီး ဖောင်းပွမှု အသွင်မဆောင်ဖို့ အရေးကြီးတယ်။

ငြိမ်းချမ်းရေးလက်မှတ်ကိုအကောင်အထည်ဖော်ဖို့လိုတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုပိုင်းမှာ ပေါ်လစီအပေါ်မူတည်ပြီး တတ်သိပညာရှင်များဖြင့် လုပ်ငန်းကိုအကောင်အထည်ဖော် ဆောင်ရွက်သင့်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။

☞

## (၄)တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ကသာ NCAလက်မှတ်ရေးထိုးခြင်း မေးမြန်းချက်အပေါ် ပူးဇင်ကျုံး၏ ရှင်းလင်းချက်

NCA ကိုလက်မှတ်ရေးထိုးသော အဖွဲ့ (၈)ဖွဲ့သည် Bi-literal agreement ကို ရေးထိုးပြီးသည့် အဖွဲ့များဖြစ်ပြီး NCA ကိုလည်း လက်ခံမည်ဟု ယုံကြည်ထားတယ်။ NCA ကိုသေချာစွာလေ့လာရင်အင်မတန်နိုင်မာတဲ့သဘောတူညီချက်ဖြစ်ပါတယ်။ ဒါကြောင့် KIO ကိုလည်း ပါဝင်လာရန် ဖိတ်ကြားခဲ့ပြီး၊ LDU, WNO and ANC များဟာ မြန်မာ့တပ်မတော်နဲ့ တိုက်ခိုက်မှုများ ပြုလုပ်တဲ့အဖွဲ့မဟုတ်တဲ့အတွက် လွတ်လပ်စွာ သွားလာနိုင်တဲ့ အဖွဲ့များဖြစ်တယ်။

၂၀၁၅ ဩဂုတ်လ (၂၀) ရက်မှ (၂၄) ရက်နေ့ NCA အပြီးသတ်ဆွေးနွေးရာမှာ ဤ (၃)ဖွဲ့အား နိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်ဖို့ လက်ခံမယ်ဆိုရင် လက်မှတ်ရေးထိုးဖို့ သဘောတူထားပြီးဖြစ်တယ်။ TNLA ကို Bi-literal ပြုလုပ်ပြီး NCAလက်မှတ်ရေးထိုးရန်အစိုးရဖက်မှလက်ခံထားပြီးPSLF မှ Bi-literal ကို လက်ခံရင် NCA လက်မှတ်ထိုးဖို့ သဘောတူဆုံးဖြစ်ခဲ့တယ်။ AA ကတော့KIOနယ်မြေမှာအခြေစိုက်နေတဲ့အဖွဲ့ ဖြစ်တဲ့အတွက်ကြောင့် KIO နဲ့အတူ နိုင်ငံရေးဆွေးနွေးပွဲ တက်ရောက်နိုင်တယ်လို့ အစိုးရဖက်မှ ပြောကြားခဲ့သလို ALP နှင့်လည်း ပူးတွဲပြီး နိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်နိုင်တယ်လို့လည်း လမ်းဖွင့်ထားပါတယ်။ ရခိုင်ပြည်နယ်မှာမည်သည့်လက်နက်ကိုင်အဖွဲ့အစည်းများကိုမျှနေရာချထားခြင်းမရှိရ ဆိုတဲ့အချက်ကတော့ မြန်မာ့တပ်မတော်ရဲ့ policy ဖြစ်သည်။

လက်မှတ်မထိုးတဲ့အဖွဲ့များ လက်မှတ်ရေးထိုးလာဖို့အတွက်အားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို NCA ဟာ ကမ္ဘာ့သိဖြစ်လာခြင်း၊ လွှတ်တော်ကအတည်ပြုလက်ခံတဲ့ စာချုပ်ဖြစ်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲမှာလည်း NLD ကိုယ်စားလှယ်များ တက်ရောက်လာတဲ့အတွက် အစိုးရအပြောင်းအလဲကြောင့် စိုးရိမ်စရာမရှိဘူးလို့ သုံးသပ်ပါတယ်။

### Pu Bawi Lian Mang

JMC တွင် အငြင်းပွားမှုဖြေရှင်းသည့် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အများစုဖြင့် ဖွဲ့စည်းထားခြင်းဟာ ထူးဆန်းပြီး ဘာကြောင့်အခုလိုဖြစ်သွားသလဲ။

NCA စာချုပ်မှာ အာမခံချက် များစွာရှိမယ်လို့ အတိအကျမပြောနိုင်တဲ့အတွက် အချင်းချင်းပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာနှင့်စပ်လျဉ်းပြီး ဖြစ်နိုင်ရင် JMC ကို အားဖြည့်မယ့် နည်းလမ်းများ၊ မူဝါဒများ ချမှတ်ဆောင်ရွက်ဖို့လိုအပ်တယ်။ UNရဲ့ပုံစံမျိုးကို အတုယူပြီးဖွဲ့စည်းသင့်တယ်။

### Mai Chin Chin Pek Thang

CNFအနေနဲ့ AAကိစ္စကို ဘယ်လိုဆောင်ရွက်မလဲ၊ ပြည်သူကို ဘယ်လိုအကြောင်းပြန်မလဲ၊ ပြည်သူအချို့က CNF ဟာ ငြိမ်းချမ်းရေးကိုပဲ ပြုလုပ်နေမလား၊ ပြည်သူကို မကာကွယ်တော့ဘူးလား၊ ပြည်သူကို ကာကွယ်ဖို့အတွက် ဘယ်လိုအရေးယူဆောင်ရွက်မှုများ ပြုလုပ်မလဲ။

JMC ကိုသာ စောင့်နေရင် နောက်ကျမလေား?၊ AA အနေနဲ့ လှုပ်ရှားမှုများ မပြုလုပ်ရန် 2015 July လောခီးလာညီလာခံမှာ ပြောကြားခဲ့သော်လည်းပဲ လက်တွေ့မှာ လိုက်နာမှုမရှိတာကို တွေ့နေရတယ်။

## UPC သို့ တက်ရောက်သည့် အုပ်စုအရေအတွက်အပေါ် ပူးထလှာပေါး ၏ မေးမြန်းချက်

ကျွန်တော်တို့ တိုင်းရင်းသားများ ပြောနေသော နိုင်ငံရေးသုံးပွင့်ဆိုင်ဆွေးနွေးရေးကို နိုင်ငံရေးဆွေးနွေးရေးမူဘောင်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ UPC ကို တက်ရောက်တဲ့ အုပ်စုများဟာ (၇) ဖွဲ့ပုံစံနဲ့ ပြောင်းလဲသွားခြင်းဟာ သုံးပွင့်ဆိုင်မဟုတ်တဲ့သဘော သက်ရောက်နေတဲ့အတွက် ဒီမူကို အားလုံးကလက်ခံနိုင်ခြင်း ရှိမရှိ ရှင်းလင်းစေလိုပါတယ်။

## မေးမြန်းချက် ဒေါက်တာလျန်မှုန်းဆာခေါင်း၏ ဖြေကြားချက်

သုံးပွင့်ဆိုင် ခုနစ်ပွင့်ဆိုင်ကိစ္စနဲ့ပတ်သက်ပြီး NCA အပိုဒ် ၂၀ အပိုဒ်ခွဲ (ဂ၊ဃ) မှာ အစိုးရ၊ တိုင်းရင်းသားလက်နက်

ကိုင်၊ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများလို့ ဖော်ပြတဲ့အတွက် သုံးပွင့်ဆိုင်ပြုတ်သွားတဲ့ သဘောတွေ့နိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိငြိမ်းချမ်းရေးကိစ္စမှာ တိုင်းရင်းသားလက်နက်ကိုင်နှင့် တပ်မတော်က အဓိကအခန်းကဏ္ဍဖြစ်သလို တပ်မတော်ဘက်က ဦးစားပေးရန် တင်ပြလာတဲ့အတွက် NLD ကလည်း လွှတ်တော်နဲ့ အစိုးရကိုခွဲတက်ဖို့ တင်ပြလာခဲ့ခြင်းဖြစ်ပြီး အစိုးရပြောင်းလဲလာခြင်း အပေါ် တပ်၊ လွှတ်တော်၊ အစိုးရ ဦးရေကို လျော့လိုက်ခြင်းဖြစ်သည်။

ဒါပေမဲ့ ကျွန်တော်တို့ဖက် အားသာချက်တစ်ခုကတော့ ဆုံးဖြတ်ချက်ချရမည့်နေရာတွင် တိုင်းရင်းသားများအခွင့်အရေးကို ထိပ်ဆုံးကထားရမယ်လို့ပါရှိတဲ့အပြင် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရာတွင် အဖွဲ့အစည်းအတွင်းတွင် အရင်ဆုံး ထောက်ခံချက်ရရှိရမည်ဟု တဘက်မှ ကန့်သတ်ထားခြင်းဖြစ်ပါတယ်။

## (၄) ချင်းအမျိုးသားတပ်ဦး၏ မဟာဗျူဟာ ချမှတ်ခြင်း

ပဥ္စမအကြိမ် ပါတီညီလာခံသက်တမ်းအတွင်း ချင်းအမျိုးသားတပ်ဦး၏ မဟာဗျူဟာဖြစ်တဲ့

"**တွေ့ဆုံဆွေးနွေးခြင်းဖြင့် ချင်းအမျိုးသားတပ်ဦးရည်မှန်းချက်များ အကောင်ထည်ဖော်ဆောင်ရွက်ရန်**" ကို ပြန်လည်ဆွေးနွေးသုံးသပ်ခြင်း

**Dr. Lian Hmung Sakhong**

ချမှတ်ပြီးသား မဟာဗျူဟာဟာ တွေ့ဆုံပွဲဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားတာဖြစ်တယ်။ အခု နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်အထိ ရောက်ရှိနေပါပြီ။ ဒါကြောင့် ပြင်ဆင်ရန်လိုအပ်တယ်လို့ ယူဆပါတယ်။ တပ်ဦးပန်းတိုင် (၃) ချက်ကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ NCA စာချုပ်၊ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တို့မှာပါဝင်နိုင်အောင်ကြိုးစားထည့်သွင်းထားပြီးဖြစ်တဲ့အတွက် လေးနှစ်အတွင်း ဖြစ်ပေါ်လာနိုင်တဲ့ ဖြစ်စဉ်များအပေါ် သုံးသပ်စဉ်းစားပြီး ပြင်ဆင်သင့်ပြီလို့ တင်ပြလိုပါတယ်။

ဆွေးနွေးချက်များအရ ချင်းအမျိုးသားတပ်ဦး၏ မဟာဗျူဟာအဖြစ်-

**ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဖြင့် ရရှိရေး လုပ်ဆောင်သွားရန်၊** ဟူ၍ ချမှတ်အတည်ပြုခဲ့ကြသည်။

x x x x x x x x x

## (၅) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးချက်များ

**Dr. Sui Khar**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုလုံး တမျိုးသားလုံးကိုလွှမ်းခြုံဖို့၊ တိုင်းရင်းသားအားလုံးစည်းလုံးခြင်းကိုဦးတည်ဖို့ လိုပါလိမ့်မယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ချင်းအမျိုးသားညီလာခံထက်ကျယ်ပြန့်တဲ့ တွေ့ဆုံမှုမျိုး ပြုလုပ်နိုင်ဖို့အတွက် အသေးစိတ်ချမှတ်ဖို့ လိုအပ်တဲ့ Issue ဖြစ်လာတယ်။ အဲ့ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုပိုင်းကို-

(၁)Road map အရ အမျိုးသားအဆင့် ဆွေးနွေးရေးအပေါ် ဒီညီလာခံကနေမူကိုချမှတ်ပြီးအစုအဖွဲ့(၇)ခုအသီးသီးတွင် ပါဝင်မည့် ပုဂိုလ်များရွေးချယ်ရေး

(၂) စည်းရုံးရေးအသွင်ဆောင်ပြီး အကြောင်းအရာအလိုက် ထိထိရောက်ဆွေးနွေးနိုင်မည့်ပုဂ္ဂိုလ်များ ရွေးချယ်ခြင်း

(၃)ငြိမ်းချမ်းလုပ်ငန်းစဉ်တခုလုံးကိုပြည်သူများထံအချိန်နှင့်တပြေးညီ အသိပေး၊ အကြံယူနိုင်မယ့် နည်းလမ်းရှာရန်

(၄) ငြိမ်းချမ်းလုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်နိုင်ရေးအတွက် Peace Fund ရနိုင်အောင် ထူထောင်ဖို့ စတဲ့အချက်တွေအပေါ်မှာအခြေခံပြီး မူချမှတ်ဖို့လိုအပ်မယ်လို့ လမ်းဖွင့်ဆွေးနွေးလိုပါတယ်။

**Pu Deniel Sakhong**

Peace Fund နဲ့ပတ်သက်ပြီး US မှာ Chin PeaceFundဖြင့်မှတ်ပုံတင်ထားပြီးသားကိုဆက်ပြီးအသုံးပြုသွားဖို့နဲ့ ဒီနေ့ဟာ နိုင်ငံရေးရဲ့ အဓိကအခန်းကဏ္ဍကို ရောက်နေပြီဖြစ်တဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲ ကိုယ်စားလှယ်များ စေလွှတ်တဲ့နေရာမှာ ခွဲတမ်းစနစ်ကို အခြေမခံပဲ အရည်အချင်းအပေါ် အခြေခံပြီး ရွေးချယ်မှု ပြုလုပ်စေလိုပါတယ်။

**Pu Bawi Lian Mang**

ဘုံရပ်တည်ချက်နဲ့ပတ်သက်ပြီး ချင်းအမျိုးသားညီလာခံနဲ့ချင်းအမျိုးသားတပ်ဦးရဲ့ လူထုတွေ့ဆုံပွဲရလဒ်များအရ ချမှတ်ထားခဲ့တာရှိပေမဲ့ ပြောင်းလဲရန် လိုအပ်နေပြီဖြစ်တဲ့အတွက် ချင်းအမျိုးသားညီလာခံကို နောက်တစ်ကြိမ်ယူဖို့ တင်ပြလိုပါတယ်။

**Pu Thang Ning Kee**

UPC ဆွေးနွေးပွဲမှာ ကျွန်တော်တို့ ချင်းအမျိုးသားများက Chin Hills Regulation Act, Chin National Conference, Paanglong Agreement အပေါ်အခြေခံပြီး ဆွေးနွေးသွားခြင်းအားဖြင့် အားသန်ချက်များရရှိခဲ့တယ်။

အရည်အချင်းဟာ ကျွန်တော်တို့ကို ပံ့ပိုးပေးသူအတွက်သာဖြစ်ပြီး အဓိကမှာ ပေးဆပ်မှုဖြစ်တဲ့တယ်။ အဲ့ဒါကြောင့် နေရာဒေသအလိုက် အားလုံးပါဝင်ရေးမှုကို အခြေခံသင့်တယ်။ ဒါမှသာ အမျိုးသားရေးမှာ အောင်မြင်မှုရှိမယ်။

**Pu Lian Uk**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဆွေးနွေးရမည့်အချက် (၇)ချက်အပေါ် ချင်းလူမျိုးများဘုံရပ်တည်ချက်ချမှတ်နိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦးက ကြိုးစားသွားမယ့်အပေါ် ခိုင်ခိုင်မာမာလုပ်နိုင်ဖို့အတွက် ချင်းအမျိုးသားညီလာခံ ကျင်းပသင့်တယ်လို့ တင်ပြလိုတယ်။

**Pu Thang Ling Kee**

ချင်းလူမျိုးများ ဘုံရပ်တည်ချက် ချမှတ်ရေးမှု ချမှတ်ရေးကိုထောက်ခံသလို EAOs နဲ့လည်း သီးခြားပြုလုပ်ဖို့လိုတဲ့အတွက် ဘုံရပ်တည်ချက်ကို ဆွေးနွေးတဲ့အပိုင်းတွေမှာ မိမိတို့ဘုံရပ်တည်ချက်အတိုင်း မအောင်မြင်ပါကဘယ်လို ဆောင်ရွက်ရမလဲဆိုတာ ထည့်စဉ်းစားစေလိုပါတယ်။

ငြိမ်းချမ်းရေး ဆွေးနွေးရေးအတွက် ကိုယ်စားလှယ်ရွေးချယ်မှုပိုင်းမှာ ကျွမ်းကျင်သူများကိုသာ စေလွှတ်ခြင်းမျိုးမဟုတ်ဘဲ ချင်းအမျိုးသားများအတွင်း စည်းရုံးရေးအသွင်ဖြင့် အားလုံးပူးပေါင်းပါဝင်ရေးမှုကို အခြေခံပြီး ရွေးချယ်စေလွှတ်သင့်တယ်လို့ မြင်ပါတယ်။

**Pu Thet Ni**

အခုကျွန်တော်တို့ ဆွေးနွေးနေတာ အခြေခံမူချမှတ်နိုင်ဖို့ဖြစ်တယ်။ ကိုယ်စားလှယ်ရွေးချယ်ရေးနဲ့ပတ်သက်ပြီး ဘုံသဘောတူညီချက်အပေါ် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲကို သွားဆွေးနွေးတဲ့နေရာမှာ ကျွမ်းကျင်နားလည်ထားသူကသာ ရှင်းလင်းနိုင်မှာ ဖြစ်တဲ့အတွက် ကျွမ်းကျင်သူဖြစ်ဖို့ လိုအပ်တယ်။

**Salai Ram Kulh Cung**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကွက်ကွက်ကွင်းကွင်းမြင်တတ်ဖို့ လိုအပ်တယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ တင်သွင်းလာတဲ့ Proposal များကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲက တူညီတာကို စုစည်းပေးရမှာဖြစ်တယ်။

ကိုယ်စားလှယ် ရွေးချယ်ရေးမှာ စည်းရုံးရေးအသွင်ထက် (တပ်ဦးရဲ့မူဝါဒ) ကပိုအရေးကြီးသလိုပေါ်လစီကို အကောင်အထည်ဖော်နိုင်သူဖြစ်ဖို့ အရေးကြီးမယ်လို့ ယူဆတယ်။ ဒီ့အပြင် ဆုံးဖြတ်ချက်ချနိုင်မယ့် ပုဂ္ဂိုလ်များဖြစ်ဖို့လည်း လိုအပ်တယ်။

ငြိမ်းချမ်းရေး ဘဏ္ဍာငွေနဲ့ပတ်သက်ပြီး ချင်းအမျိုးသားများရဲ့ ပါဝင်ပံ့ပိုးမှုကို ပေါ်လွင်ဖော်ပြစေချင်တဲ့သဘောမျိုးကိုဆောင်တဲ့ လုပ်ဆောင်ချက်မျိုး ဖြစ်စေချင်ပါတယ်။

**Sayama Chin Chin Pek Thang**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ တစ်နိုင်ငံလုံးအရေးဖြစ်တဲ့အတွက် ဦးရေအပေါ်မဟုတ်တော့ဘဲ ခေါင်းစဉ်တိုင်းမှာ ပါဝင်မှုက အဓိကဖြစ်သလို၊ (၄)လတစ်ကြိမ် ပြုလုပ်ရမှာဖြစ်ပြီး၊ တစ်ကြိမ် (၁) လအထိတောင် ကြာမြင့်နိုင်တဲ့အတွက် ဆွေးနွေးမှုမှာ ကျွမ်းကျင်သူဖြစ်ဖို့ အရေးကြီးတယ်။ ဆုံးဖြတ်ချက်ချမှုမှာ တာဝန်ယူနိုင်မှုအပိုင်းလည်း အင်မတန်အရေးကြီးသလို အချိန်ပေးနိုင်မယ့် ပုဂ္ဂိုလ်များဖြစ်ဖို့လည်း အရေးကြီးပါတယ်။

**ဆွေးနွေးချက်များအရ ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒကို အောက်ပါအတိုင်းသဘောတူဆုံးဖြတ်ခဲ့ကြသည်။**

(၁) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ အစုအဖွဲ့အသီးသီးတွင်ပါဝင်သော ချင်းအမျိုးသားများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ တင်သွင်းမည့် အဆိုပြုလွှာများနှင့်ပတ်သက်ပြီး ချင်းအမျိုးသားတို့၏ ဘုံရပ်တည်ချက်ရရှိနိုင်ရေးအတွက် CNF ဦးဆောင်မှုဖြင့် လုပ်ဆောင်ရန်၊

(၂) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ စေလွှတ်မည့် တပ်ဦး၏ ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် တပ်ဦး၏မူဝါဒကိုအခြေခံပြီးအဆိုပြုလွှာများအပေါ် ထိရောက်စွာဆွေးနွေးဆုံးဖြတ်နိုင်မည့်ပုဂ္ဂိုလ်များကို ရွေးချယ်စေလွှတ်ရန်၊

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ပြည်သူလူထုထံသို့ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေးနှင့် အဆိုပြုချက်များ ရယူနိုင်ရေးအတွက် ယန္တရား တည်ဆောက်ရန်၊

(၄) ချင်းအမျိုးသားတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဘဏ္ဍာရေး အထောက်အပံ့ပေးနိုင်ရန်အလို့ငှာ The Chin Peace Fund ကို တည်ထောင်သွားရန်၊

**(၆) စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်နှင့်ပတ်သက်၍ ဆွေးနွေးချက်မှ ကောက်နုတ်ချက်များ**

**Rev. Mana Thang**

ချင်းအမျိုးသားများဟာ ဘာသာစကားကွဲပြားမှုကြောင့် ကျွန်တော်အမြင်အရ မျိုးနွယ်စုထက် အမျိုးသားရေးကို အားလုံးက ပိုပြီးအားပေးကြဖို့ လိုချင်ပါတယ်။

ကျွန်တော်တို့ဒေသမှာ CNA ရှိနေချိန်က စည်းရုံးရေးပိုကောင်းတာကို တွေ့ရပြီး၊ စည်းရုံးရေးကို တကယ်လုပ်မယ်ဆိုရင်အချိန်တိုတိုအတွင်းမလုပ်ပဲအချိန်ယူပြီးလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ဒေသမှာ လွန်ခဲ့တဲ့ ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲများကို ကြည့်မယ်ဆိုရင် လူမျိုးခြားက ကျွန်တော်တို့ မဲဆန္ဒနယ်မှာ ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်လာတဲ့အထိ ဖြစ်လာတယ်။ ဒါကြောင့် စည်းရုံးရေးလုပ်တဲ့နေရာမှာ ဒေသခံပုဂ္ဂိုလ်တွေပါဝင်ဖို့ အင်မတန်မှ အရေးကြီးတယ်။

**Pu Lian Uk**

နိုင်ငံတကာမှာ သမိုင်းကိုကျောင်းသင်ခန်းစာမှာ ပြဌာန်းသင်ကြားခြင်းဟာ မျိုးချစ်စိတ် နိုးကြားရှင်သန်ရေးအတွက် ဖြစ်ပါတယ်။ ဒါကြောင့် ချင်းသမိုင်းကို စနစ်တကျ ပြုစုပြဌာန်းပြီး အထက်တန်းကျောင်းအထိ သင်ကြားစေရမယ်။ ချင်းစာကိုလည်း ဒေသအလိုက်ပြုစုသင်ကြားစေဖို့ လိုအပ်ပါတယ်။ ယဉ်ကျေးမှုကျောင်းများကို အစိုးရနှင့်ညှိနှိုင်းဖွင့်လှစ်ပြီး ဆရာအဖြစ် ပြန်လည်သင်ကြားစေလိုတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပံ့ပျောက်သွားတဲ့ ရာသီပွဲတော်များကိုလည်း ပြန်လည်ကျင်းပသင့်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။

**Pu Deniel Sakhong**

စည်းရုံးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမျိုးကို လုပ်သင့်ပါတယ်။ နိုင်ငံတကာစည်းရုံးရေးမှာ အစပိုင်းမ အောင်မြင်ခဲ့ပေမဲ့ နောက်ပိုင်းမှာ အောင်မြင်လာခြင်းဟာ ကျွန်တော်တို့လုပ်ဆောင်ချက်တွေဟာအားလုံးအတွက်ဖြစ် တယ်ဆိုတဲ့အချက်ကြောင့်ပဲ ဖြစ်ပါတယ်။ နောက်ပြီး ဘာ သာရေးခေါင်းဆောင်များရဲ့ ပံ့ပိုးကူညီမှုကြောင့်လည်း ပါဝင် တယ်။ အဲ့ဒါကြောင့် အဲ့ဒီဖျူဟာက ပထမ အထိရောက်ဆုံး ဖြစ်မယ်လို့ မြင်ပါတယ်။ Social Network ကိုလည်း စည်း ရုံးရေး လက်နက်ကိရိယာတစ်ခုအနေဖြင့် အသုံးပြုတတ်ဖို့ လည်း အရေးကြီးပါတယ်။

**Pu Sai Kho Lian**

ချင်းလူမျိုးတိုင်း စည်းလုံးချင်ကြသည်ချည်းသာ ဖြစ်တယ်၊ ဒါပေမဲ့ စည်းလုံးနိုင်ခဲ့မှုမရှိခြင်းရဲ့ အရင်းခံဟာ ချင်းမျိုးနွယ်စုအားလုံးက ချင်းလူမျိုးစုတစ်စုတည်းသာ ဖြစ် ကြောင်းကို အားလုံးကလက်မခံနိုင်ခြင်းကြောင့် ဖြစ်တယ်။

အဲ့ဒါကြောင့် ချင်းအမျိုးသားများဟာ လူမျိုးတမျိုး တည်းဖြစ်ကြောင်း အားလုံးက သဘောပေါက်ဖို့ လိုအပ် တယ်။ ဒါ့အပြင် ချင်းလူမျိုးများဟာ လူမျိုးခြားကို အထင်ကြီး တတ်တဲ့စိတ် ရှိတဲ့အတွက် ချင်းအမျိုးသားတပ်ဦး ခေါင်း ဆောင်များအနေနဲ့ အနည်းဆုံး တစ်နှစ်တစ်ကြိမ် နယ်လှည့် စည်းရုံးရေးခရီးလှည့်ပေးဖို့ တင်ပြလိုပါတယ်။

**Joseph Sui Uk Lian**

တပ်ဦးရဲ့ ညီလာခံ (သို့မဟုတ်) အစည်းအဝေးမျိုး မှာ ဒေသကော်မတီ တစ်ခုတည်းကိုသာ ဖိတ်ကြားခြင်း၊ အားလုံးပါဝင်နိုင်မယ့် အနေအထားကို အခြေခံပြီး ပြည်တွင်း ပြည်ပ လူငယ်၊ ဘာသာရေးခေါင်းဆောင်များစသဖြင့် တရား ဝင်အသိပေးဖိတ်ကြားရန်နဲ့ ဒေသဆိုင်ရာ အခြေစိုက်လုပ် ငန်းများဆောင်ရွက်ရာမှာ တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းများ ကိုလည်း ပိုမိုလုပ်ဆောင်ပေးကြဖို့ တောင်းဆိုလိုပါတယ်။

**Victor Biak Lian**

ချင်းပြည်နယ်အတွင်း သိသိသာသာပြောင်းလဲ လာသည်မှာ မြို့ရွာ၊ ရပ်ကွက်၊ လမ်းတံတားစတဲ့ စိုင်းဘုတ် များကို ဗမာစာဖြင့် ရေးသားထားခြင်းဟာ Political Awareness နည်းပါးမှုကြောင့်ဖြစ်တယ်လို့ မြင်ပါတယ်။အဲ့ဒါ ကြောင့် လူထုစည်းရုံးရေးလုပ်ငန်းကို ကချင်ကျောင်းသား လူငယ်များထံ NGO တစ်ခုက ကဏ္ဍပေါင်းစုံ ပို့ချပေးခဲ့သလို မျိုးပြုလုပ်သင့်တယ်။ အဲ့ဒီလိုမဟုတ်ရင် ၂၀၁၃ ခုနှစ်မှာ ချင်း အမျိုးသားတပ်ဦးက ပြုလုပ်သွားတဲ့ Public Consultation လိုမျိုး နောက်ထပ်ပြန်လုပ်သင့်လို့ ဆွေးနွေးတင်ပြလိုပါ တယ်။

**Pu Thang Nang Lian Thang**

ပြည်တွင်း ပါတီဒေသကော်မတီများကို တိုးချဲ့ဖွဲ့ စည်းဖို့နဲ့ ဒေသဆိုင်ရာအသီးသီးမှာ ပါဝင်တဲ့အင်အားကို လည်း ပိုမိုတိုးမြှင့်နိုင်အောင် ကြိုးပမ်းသွားဖို့ လိုအပ်တယ်။

ဒီ့အပြင် ချင်းမျိုးနွယ်စုတွေကို အခြေခံတဲ့ စည်းရုံး ရေးမှု ချမှတ်သင့်တယ်။ ချင်းလူမျိုးများဟာ အကြောင်းအမျိုး မျိုးကြောင့် နိုင်ငံရပ်ခြားကို ရောက်ရှိခဲ့ကြပြီး Community များဖွဲ့စည်းကာ လှုပ်ရှားမှုအားလည်းကောင်းလာတာကိုချင်း အမျိုးသားတပ်ဦးက အသုံးချပြီး တစုတစည်းတည်း ဖြစ်စေ ရေးအတွက် စနစ်တကျဆောင်ရွက်တတ်ဖို့ လိုအပ်တယ် လို့ ဆွေးနွေးတင်ပြလိုပါတယ်။

**ဆွေးနွေးချက်များအရ ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒ အချက် (၆) ချက်ကို အားလုံး သဘောတူ ချမှတ်ခဲ့သည်။**

---

### (၇) ဘဏ္ဍာရေးဆိုင်ရာကိစ္စများ ဆွေးနွေးချက်မှ ကောက် နုတ်ချက်များ

**Sayama Chin Chin Pek Thang**

လက်ရှိအခြေအနေအရ CNF အနေဖြင့် Local Economic Project ကောင်းမွန်စွာ စနစ်တကျရေးဆွဲထား

သင့်တယ်။ အစိုးရရဲ့ လုပ်ဆောင်ချက်အပေါ်မှာလည်း စိန်ခေါ်မှုလုပ်နိုင်မယ့် Project မျိုးရှိထားဖို့ သိပ်အရေးကြီးတယ်။ ပြည်တွင်း ဂရိုနီကြီးများ ဝင်ရောက်လာနိုင်တဲ့အပေါ် ကာကွယ်တဲ့သဘောလည်း ဖြစ်မယ်။ ဒါမှပဲ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ နေရာမှာဖြစ်ဖြစ်၊ ကုမ္ပဏီများနဲ့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာလည်း အားသာချက် ရှိနိုင်မယ်လို့ ဆွေးနွေးလိုပါတယ်။

**Victor Biak Lian**

အစိုးရနဲ့ သီးသန့်ချုပ်ဆိုတဲ့ စာချုပ် (၃)ခုရှိသလို NCA လက်မှတ်ထိုးပြီး တရားဝင်အဖွဲ့အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတဲ့ လုပ်ငန်းများကိုအစိုးရနှင့်ပူးတွဲလုပ်ဆောင်ရန်အခွင့်အလမ်း ရရှိပြီးသားဖြစ်တယ်။ အဲ့ဒါကြောင့် အဲ့ဒီအခွင့်အရေးတွေကို အသုံးချတတ်ဖို့ လိုအပ်တယ်။

အခွန်ငွေများကိုလည်း စာချုပ်များအပေါ် လုပ်နိုင်တဲ့အပိုင်းများကိုကြည့်ပြီးဖန်တီးနိုင်အောင်မှုချမှတ်ဖို့လိုအပ်တယ်လို့ ဆွေးနွေးလိုပါတယ်။

**Pu Bawi Lian Mang**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်နဲ့အညီ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စတဲ့ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရအဆင့်ဆင့်နဲ့ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်တယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

**Joseph Sui Uk Lian**

Chinland Club ကဲ့သို့သော တပ်ဦးရဲ့အဖွဲ့အစည်းအစိတ်အပိုင်းမျိုးကို ပြည်တွင်းမှာလည်း ဖွဲ့စည်းသင့်တယ်။ နောက်ပြီး မွေးမြူရေး၊ စိုက်ပျိုးရေးစတဲ့ လုပ်ငန်းများကိုလည်း ချင်းအမျိုးသားတပ်ဦး/တပ်မတော်က ကိုယ်ထူကိုယ်ထ လက်တွေ့ ဆောင်ရွက်သင့်တယ်။

**Rev. Mana Thang**

ကျွန်တော်တို့နယ်မြေအတွင်းမှာ မြေယာပိုင်ဆိုင်ခွင့်အပေါ်မှာအငြင်းပွားမှုများမကြာခဏဖြစ်ပေါ်နေတာ တွေ့ရတယ်။ အဲ့ဒါကြောင့် အဲ့ဒီလိုကိစ္စများဖြေရှင်းဆောင်ရွက်နိုင်မယ့် အခြေခံမူဝါဒမျိုး (သို့မဟုတ်) နည်းလမ်းများကို ချမှတ်သင့်တယ်လို့ တင်ပြလိုပါတယ်။

**Dr. Sui Khar**

CNF စီးပွားရေးဌာနကနေ ၂၀၁၃ - ၁၄ ခုနှစ်အတွင်း ဝင်ငွေသိန်းပေါင်း ထောင်ကျော်ရှိခဲ့တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဝင်ငွေလုံးဝကျဆင်းသွားခဲ့ခြင်းဟာ အလုပ်လုပ်တဲ့နေရာမှာ အစပိုင်းမှာ စည်းရုံးရေးသဘောမျိုးနဲ့ လုံးဝ မရဘူး။ ဖိအားတွေအနည်းငယ်ပေးလိုက်ခြင်းအားဖြင့် သူတို့ တွေဆီကပဲ Conplain တွေ ထွက်လာပြန်တယ်။ တရားဝင်နဲ့ တရားမဝင်တဲ့ တင်သွင်းခြင်းမှာ တရားမဝင်တဲ့နည်းကို ထိန်းချုပ်မယ်ဆိုရင် ဘယ်လိုခံယူကြမလဲဆိုတာ အင်မတန်မှအရေးကြီးတယ်။

မြေပေါ်မြေအောက်သံယာဇာတ ထုတ်လုပ်ရေးဟာ အစိုးရကပဲ လုပ်နိုင်တယ်။ အစိုးရက လက်လှမ်းမမီတဲ့ အပိုင်းတွေမှာ ကုမ္ပဏီတွေကို ငှားရမ်းပြီး လုပ်ခိုင်းတယ်။ အဲ့ဒီတော့ ပြည်သူက အစိုးရကို မမြင်နိုင်တော့ဘူး။ ခိုင်းခပဲ ကျွန်တော်တို့ကရတယ်။ အဲ့ဒါကြောင့် အစိုးရရောင်းတာကို ကျွန်တော်တို့ကို ပေးဖို့တောင်းပန်ပြီး အပြင်ကို သွားရောင်းရတယ်။ ဒါကိုတောင် ကျွန်တော်တို့က မလုပ်နိုင်ဘူး၊ လုပ်နေတဲ့သူတွေကိုကော ဘယ်လိုလုပ်ရမလဲဆိုတာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်တယ်။ ချင်းပြည်ကထုတ်တဲ့ သစ်မာ၊ ကျွန်းသစ်တွေ မနည်းတော့ဘူး။

ကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်မှုမှာ ကျွန်တော်တို့ကုမ္ပဏီရဲ့ပိုင်ဆိုင်မှုနဲ့ လုံးဝမမှီဘူး။ အဲ့ဒီအတွက်ကြောင့် မြေပေါ်မြေအောက်သံယာဇာတထုတ်လုပ်ရေးကိုကျွန်တော်တို့အနေနဲ့ မလုပ်မဖြစ် လုပ်ဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။

**Pu Thang Nang Lian Thang**

CNF နှင့် အစိုးရကြား အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို အသိအမှတ်ပြုတယ်။ အဲ့ဒီ အဆင့်ဆင့် သဘောတူညီထားတဲ့ (၅၁) ချက်အပြင် NCA အပိုဒ် (၂၅) ပါ သဘောတူညီချက်တွေကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်တယ်။

စီးပွားရေးနဲ့ ဘဏ္ဍာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာမှာ တပ်ဦးရဲ့ မူဝါဒကို ထောက်ခံသူများနှင့် အစိုးရနဲ့လက်တွဲပြီး ပူးပေါင်း ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ဆွေးနွေးလိုပါတယ်။

**ဆွေးနွေးချက်များအရ ချင်းအမျိုးသားတပ်ဦးရဲ့ ဘဏ္ဍာရေးဆိုင်ရာ အခြေခံမူ (၇) ချက်ကို အားလုံးသဘောတူ ချမှတ်ခဲ့သည်။**

## (၇) ချင်းအမျိုးသား အလံကိစ္စ ဆွေးနွေးခြင်း

**Pu Thang Nai**

ချင်းအမျိုးသားအလံနှင့် စပ်လျဉ်းပြီး လက်ရှိပြည်တွင်းတွင် အစိုးရအသုံးပြုနေတာဟာ ၁၉၇၄ ခုနှစ်မှာ နိုင်ငံတော်အစိုးရက အတည်ပြုခဲ့တဲ့ ပြည်နယ်အလံဖြစ်ပါတယ်။ ဒါဟာ ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်နေ့အဖြစ် သတ်မှတ်စေလိုတဲ့ သဘောဖြစ်တယ်။

ချင်းအမျိုးသားနေ့ကျင်းပတိုင်း ပြည်နယ်အလံကို ထောင်ခြင်းကို တချို့လုံးဝမနှစ်မြုပ်ကြဘူး။ အဲ့ဒါကြောင့် ၂၀၁၃ ချင်းအမျိုးသားညီလာခံ၊ (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ မင်းတပ်မြို့ လုပ်ငန်းသုံးသပ်ပွဲမှာလည်း တင်ပြခဲ့တယ်။ မြေပြန့်ချင်းတွေက ယခု ပြည်နယ်အလံကို လုံးဝလက်မခံနိုင်ဘူး။ အဲ့ဒါကြောင့် ပြည်နယ်လွှတ်တော်မှတဆင့် အတည်ပြုပြဌာန်းတဲ့ အမျိုးသားအလံဖြစ်ဖို့ အကြံပြု တင်ပြလိုပါတယ်။

**Pu Zing Cung**

ချင်းအမျိုးသားတပ်ဦးက အသုံးပြုနေတဲ့ ဒီအမျိုးသားအလံကို ပါတီအလံလို့ သတ်မှတ်မထားပဲ ချင်းအမျိုးသားအလံလို့ သတ်မှတ်ထားပါတယ်။ ဒီအလံတော် ထွက်ပေါ်လာဖို့အတွက် အကြံဉာဏ်ရယူမှုများ ပြုလုပ်ပြီး ထွက်ပေါ်လာတာဖြစ်တယ်။ ဒီအခြေအနေ ရောက်ဖို့အတွက် အသက်ပေးသွားကြတဲ့ အာဇာနည်ရဲဘော် (၈၀) ကျော်ကို ရည်စူးပြီး ရေးဆွဲထားခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့အတွက် တန်ဖိုးရှိပါတယ်။ ဒီအလံကိုပဲ အသုံးပြုဖို့ သတ်မှတ်ချက်လည်း မလုပ်ခဲ့ဖူးပါဘူး။ ဒီအလံမှာ ကျွန်တော်တို့ အာဇာနည်တွေရဲ့ ပုံရိပ်ဟာ အမြဲထင်နေပါတယ်။ ဒါကြောင့် ဒီအလံကြောင့်ဝိဝါဒကွဲပြားစရာများဖြစ်လာရင် မသုံးတာအကောင်းဆုံးဖြစ်ပါတယ်။

ဒီအလံကို တိုင်းပြည်ကောင်းလာတဲ့ တစ်နေ့နေ့မှာ သုံးရမယ်/သုံးပါလို့ ပြောလာမှာလည်း မဟုတ်သလိုတော်လှန်ရေးပြီးဆုံးသွားတဲ့ တစ်နေ့ဟာ ဒီအလံတော်ရဲ့ သက်တမ်းကုန်ဆုံးတဲ့နေ့လည်းဖြစ်ချင်ဖြစ်နိုင်ပါတယ်။ တစ်နေ့နေ့ကျရင် ချင်းပြည်သူတွေက တညီတညွတ်တည်းရေးဆွဲထားတဲ့ ချင်းအမျိုးသားအလံတော် တစ်ခုခုတော့ ပေါ်လာမယ်လိမ့်လို့ ယုံကြည်ပါတယ်။

**Pu Hung Maung**

ဤ ချင်းအမျိုးသားတပ်ဦး အလံသည် ချင်းတော်လှန်ရေးအလံ၊ ချင်းတစ်မျိုးသားလုံး၏ အလံလို့ မိမိခံယူပါတယ်။

**Pu Thet Ni**

ဒီ ချင်းအမျိုးသားတပ်ဦးရဲ့ အမျိုးသားအလံမှာ သွေးစစ်စစ်ပါတယ်။ ဒီအလံဟာ ကျွန်တော်တို့ ချင်းအမျိုးသား တော်လှန်ရေးအလံ ဖြစ်တဲ့အတွက် တော်လှန်ရေးမအောင်မချင်း ဒီအလံကိုပဲ အသုံးပြုသွားမှာပါ။

## (၈) အထွေထွေကဏ္ဍ ဆွေးနွေးချက်မှ ကောက်နုတ်ချက်များ

**Victor Biak Lian**

ယနေ့ အခြေအနေအရ ချင်းအမျိုးသားတပ်ဦးဟာတရားမဝင်အဖွဲ့အဖြစ်ကနေနိုင်ငံရေးစားပွဲဝိုင်းမှာ/ပြည်သူများရှေ့မှာ ရပ်တည်နိုင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့ပါပြီ။ ကမ္ဘာ့တိုက်ကြီး (၄)တိုက်၊ အကောင်းဆုံးနိုင်ငံ (၁၀)ခုကျော်မှာ ချင်းလူမျိုးများ (၈၀,၀၀၀)ကျော် ရောက်ရှိနေပြီဖြစ်သည်။ မကောင်းတဲ့အစိုးရကို တိုက်ခိုက်ရင်းနဲ့ ဤအခြေအနေကို ရောက်ရှိလာတာဖြစ်တယ်။ CNF ရဲ့ ငြိမ်းချမ်းရေးကို ချင်းပြည်နေပြည်သူလူထု(၁၀,၀၀၀)ခန့်ကသောင်းသောင်းဖျဖျကြိုဆိုခဲ့ကြသည်။

တချို့ရဲဘော်များသည် ယနေ့ မိမိတို့နှင့်အတူ ပါဝင်လာနိုင်ခြင်း မရှိတော့ပါ၊ နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရေးမှုကိုကိုင်ဆောင်ပြီး NCA ကိုလည်း လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်တယ်။ အဲ့ဒါကြောင့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရင်း ကျဆုံးသွားကြတဲ့ အာဇာနည်ရဲဘော်များရဲ့ အမှတ်တရအဖြစ် memorial stone ကဲ့သို့သော၊ ပန်းခြံကဲ့သို့သော အထိမ်းအမှတ်တစ်ခုခုကို ပြုလုပ်ဖို့ တောင်းဆိုလိုပါတယ်။

**Pu Hau Kang**

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကိစ္စနဲ့ ပတ်သက်ပြီး CNF အနေနဲ့ ပါဝင်နိုင်မှု များစွာအားနည်းတာကို တွေ့ရတယ်။မူးယစ်ဆေးဝါးဆိုတဲ့နေရာမှာဘိန်းတင်မကပဲအရက်ရဲ့ဘေးထွက်ဆိုးကျိုးများကိုလည်း သတိပြုသင့်တယ်၊ အဲ့ဒါကြောင့် Bi-literal နှင့် NCA စာချုပ်များမှာ ပါဝင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စများကို လက်တွေ့အကောင်အထည်ဆောင်ရွက်ဖို့ညီလာခံကနေမူဝါဒများချမှတ်နိုင်ဖို့တင်ပြဆွေးနွေးပါတယ်။

**Salai Tial Bawi Ling**

US မှာရှိတဲ့ ချင်းလူငယ်တစ်ချို့ဟာ ချင်းပြည်မှာ Volunteer အဖြစ် အလုပ်လုပ်ရန် ဆန္ဒရှိကြတဲ့အပေါ်မှာ ချင်းအမျိုးသားတပ်ဦးက လိုအပ်ချက်များအပေါ် တာဝန်ယူပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဂရုပြုအားပေးတဲ့အနေနဲ့ (Victoria camp) ဧရိယာအတွင်း သား၊ ငါး၊ ငှက်များ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ပိတ်ပင်တားမြစ်ဖို့ တင်ပြတောင်းဆိုလိုပါတယ်။

**Sayama Chin Chin Pek Thang**

ချင်းပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကြုံတွေ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် အရေးပေါ်အခြေအနေမှာပဲ တည်ရှိနေဆဲဖြစ်ပါတယ်။ ဤလုပ်ငန်းများကို International donors များနဲ့ အစိုးရက တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် transparency မရှိဘူး။အချို့ရွာများဟာမိုးမကျမီမြေနေရာပြောင်းရွှေ့ရမယ့်အဆင့်အထိရှိတဲ့အတွက်ပြည်သူများစိုးရိမ်နေရတယ်။ အဲ့ဒီအခြေအနေများမှာ CNF အနေဖြင့် မည်ကဲ့သို့သော အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်မလဲ၊

လမ်း၊ တံတားများကို JICA အကူအညီနဲ့သာ ဆောင်ရွက်တာဖြစ်တဲ့အတွက် နိုင်ငံတကာအကူအညီများ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာနဲ့ ညှိနှိုင်းတောင်းဆိုဖို့ လိုအပ်တယ်လို့မြင်တယ်။

**Pu Hlah Htun**

ရက္ခိုင့်တပ်မတော် AA မှ တာဝန်ရှိခေါင်းဆောင်များရဲ့ အကြောင်းပြန်မှုတွေဟာ ဖြေရှင်းချက်တွေ ပိုများတယ်လို့ပဲကျွန်တော်မြင်ပါတယ်။အကြောင်းကတော့နယ်နိမိတ်ကျောက်တိုင်မှတ် ၇၄ - ၇၅ မှာပဲ ယခုအထိ စခန်းချ အခြေပြုနေဆဲဖြစ်တယ်။ အဲ့ဒါကြောင့် AA ကိစ္စနဲ့ပတ်သက်ပြီး ဤညီလာခံကကနေ မူတစ်ခု ချမှတ်ပေးစေလိုပါတယ်။

**Pu Mang Lai**

ပလက်ဝအရေးကို ထပ်မံဖြည့်စွက်ပြီး ဆွေးနွေးလိုပါတယ်။ ပြည်သူလူထုဟာ CNF အပေါ်မှာ အများကြီး မှီခိုအားထားမှုရှိနေတဲ့အတွက် CNF က အရေးယူဆောင်ရွက်ပေးရန် အထူးလိုအပ်ပါတယ်။

ပလက်ဝမြို့နယ်ဟာ အခြားမြို့နယ်များနဲ့မတူဘဲ (ရခိုင်၊ ချင်း၊ ကုလား၊ ဗမာ) လူမျိုး (၄) မျိုး ရောနှောနေထိုင်ကြတဲ့ နယ်မြေဖြစ်တဲ့အတွက် ၎င်းတို့အကြားမှာ နိုင်ငံရေး၊ စီးပွားရေးအရ အားပြိုင်မှုတွေရှိပြီး လူဦးရေအားဖြင့် ထူထပ်တဲ့ နယ်မြေလည်းဖြစ်တဲ့အတွက် CNF အနေနဲ့ ပိုပြီးအလေးထားဖို့ လိုအပ်တယ်လို့ တင်ပြလိုပါတယ်။

**Rev.Mana Thang**

Pu Victor Biak Lian တင်ပြတဲ့ အာဇာနည်ရဲဘော်များ အောက်မေ့ဘွယ်ရာ အထိမ်းအမှတ်တစ်ခုခု ပြုလုပ်ဆောက်လုပ်ရေးကို ထောက်ခံအားပေးတယ်။

နိုင်ငံရေးမှာ အမျိုးသားနိုင်ငံရေးကို ဦးစားပေးဆောင်ရွက်သင့်တယ်၊ ချင်းအမျိုးသားတပ်ဦးဟာ မိမိတို့ချင်းအမျိုးသားနိုင်ငံရေးရဲ့ အဓိက Background ဖြစ်တယ်။

ပြန်လည်ထူထောင်ရေးနဲ့ စပ်လျဉ်းပြီး ကူညီထောက်ပံ့မှုများကို ဘယ်လို ပြုလုပ်ဆောင်ရွက်သွားမယ်ဆိုတာကို အဓိကထားပြီး ဆွေးနွေးဆုံးဖြတ်စေလိုပါတယ်။

**Pu Lian Uk**

Unity in Diversity ကို မြန်မာလို ဘာသာပြန်လျှင် ကွဲပြားမှုကိုပြန်လည်စုစည်းခြင်းဖြစ်ပါတယ်။ ချင်းရိုးရာဝတ်စုံနဲ့စပ်လျဉ်းပြီး ချင်းယဉ်ကျေးမှုသင်တန်းကျောင်းကို တည်ဆောက်ဖို့ လိုအပ်တယ်။ မျိုးချစ်စိတ်နဲ့ ယဉ်ကျေးမှုကို ဆက်စပ်တတ်ရမှာဖြစ်သလို သမိုင်းနဲ့ယဉ်ကျေးမှုနှစ်ခုဟာလည်း အမြဲတမ်း ဆက်စပ်နေတဲ့အရာဖြစ်ပါတယ်။

**Pu Thang Nang Lian Thang**

ပြည်တွင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် Resource persons များနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်သင့်တယ်။

လက်ရှိ နိုင်ငံရေးအပြောင်းအလဲမှာ မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ပြင်ဆင်မှုအားနည်းတဲ့အတွက် ဤညီလာခံကနေ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ စပ်လျဉ်းပြီး ထင်ရှားပြတ်သားတဲ့ မူဝါဒ ချမှတ်သင့်တယ်။

ပလက်ဝအရေးကို ချင်းအမျိုးသားတပ်ဦးအနေနဲ့ သတိရှိရှိဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်တယ်၊ ပါတီမှ ခေါင်းဆောင်များအနေနဲ့ပြည်တွင်းသွားလာရာမှာမိမိ၏ကိုယ်ရေးကိုယ်တာကိစ္စနဲ့ လုပ်ငန်းတာဝန်ကိစ္စစသဖြင့် လုံခြုံရေးအရ သေချာသတ်မှတ်ဖို့ လိုအပ်ပါတယ်။

**Salai Ram Tin Thei**

ဒုတိယနိုင်ငံမှာရှိနေတဲ့ Refugee ချင်းလူမျိုးများ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်လာနိုင်ရေး CNF မှ ကူညီရေးမူဝါဒ ချမှတ်သင့်တယ်။

ဒုတိယနိုင်ငံရောက် ချင်းလူမျိုးများဟာ ပညာရေးပိုင်းဆိုင်ရာမှာလည်း အားနည်းတဲ့အပြင် ချင်းပြည်နယ်လူဦးရေရဲ့ ၅၀၀၀၀ ခန့်ဟာ မလေးရှား ရောက်နေကြတယ်။ ဒါကြောင့် ယင်းကိစ္စကို ချင်းအမျိုးသားတပ်ဦးမှ အလေးပေးဆောင်ရွက်ရန် တောင်းဆိုပါတယ်။

**Pu Thang Ning Kee**

National Security နှင့် ပတ်သက်ပြီး မိမိတို့ရဲ့ အိမ်ယာခြံမြေများကို လူမျိုးခြားများထံ ရောင်းချမှုမပြုလုပ်ကြဖို့နဲ့ ချင်းပြည်နယ်အတွင်း မြေယာများ လုံးဝရောင်းချခြင်း မပြုလုပ်ရန် အလွန်အရေးကြီးတယ်။ နိုင်ငံခြားရောက် ချင်းလူမျိုးများအနေဖြင့်လည်း မင်းတပ်၊ ကန်ပက်လက် တို့မှာ မြေယာများ ဝယ်ယူထားသင့်တယ်။

အိမ်ထောင်စုစာရင်းမှာလည်း လူမျိုးခြားများ ဝင်ရောက်နေရာယူခြင်းမရှိအောင်ပြုလုပ်သင့်ပြီး လူထုကိုလည်း ပညာပေးဟောပြောခြင်းများ ချင်းအမျိုးသားတပ်ဦးက ဦးဆောင်ပြုလုပ်ပေးသင့်တယ်လို့ တင်ပြလိုပါတယ်။

**Pu Zing Cung**

ချင်းပြည်ဆိုတာ ချင်းလူမျိုးများအားလုံး တဆက်တစပ်တည်းနေထိုင်ရာ နေရာများကို ဆိုလိုတာဖြစ်တယ်။ ပလက်ဝကိစ္စနဲ့စပ်လျဉ်းပြီး တရားဥပဒေအရ/နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပြုလုပ်ရန်လိုအပ်တဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲကနေတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကာကွယ်ဖို့ လိုအပ်တဲ့အရေးကိစ္စကြီးဖြစ်တယ်။ အဲ့ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်တော်တို့အတွက် ခိုင်မာတဲ့အဝန်းအဝိုင်းဖြစ်တယ်ဆိုတာကို အားလုံးနားလည်ထားစေချင်ပါတယ်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် ဤကိစ္စကို လုံးဝဥပက္ခာထားလို့မရသလို ဖိအားပေး ချည်းကပ်တဲ့နေရာမှာလည်း သံတမန်နည်းနဲ့ စတင်ချည်းကပ်သွားဖို့ လိုအပ်ပါလိမ့်မယ်။ ပြဿနာတစ်ခုကနေ နောက်ထပ်ပြဿနာတွေ မဖြစ်အောင်လည်း ထိန်းသိမ်းထားဖို့ လိုအပ်တယ်လို့ တင်ပြဆွေးနွေးလိုပါတယ်။

ဝဝဝဝဝ

**ချင်းအမျိုးသားတပ်ဦး ဆက်ဆံရေးရုံးနှင့် စီးပွားရေးရုံး တာဝန်ခံများ**

| | |
|---|---|
| (၁) ပူး ဟောင်ကန် | တီးတိန်ဆက်ဆံရေးရုံး |
| (၂) ပူး အိတ်ချ်စီရာလ်နင်း | ထန်တလန်ဆက်ဆံရေးရုံး |
| (၃) ပူး ထန်ယဲန်း | မတူပီဆက်ဆံရေးရုံး |
| (၄) ပူး အောင်လိန်းထန် | မင်းတပ်စီးပွားရေးရုံး |
| (၅) ပူး ဘွေဆုမ်း | ဖလမ်းစီးပွားရေးရုံး |
| (၆) ပူး လုထွန်း | ပလက်ဝစီးပွားရေးရုံး |
| (၇) ဗိုလ်မှူးဂျေဆီး | ရိဒ်ခေါဒါရ်စီးပွားရေးရုံး |

**ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ပါတီညီလာခံမှ အောက်ဖော်ပြပါ အခြေခံမူဝါဒ (၆) ချက်အား တပ်ဦး၏ မူဝါဒအဖြစ် ချမှတ်ခဲ့သည်။**

(၁) ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံမူဝါဒ

(၂) ချင်းအမျိုးသားတပ်ဦး၏ ကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒ

(၃) ချင်းအမျိုးသားတပ်ဦး၏ စည်းရုံးရေးဆိုင်ရာ အခြေခံမူဝါဒ

(၄) ချင်းအမျိုးသားတပ်ဦး၏ ဘဏ္ဍာရေးဆိုင်ရာ အခြေခံမူဝါဒ

(၅) ချင်းအမျိုးသားတပ်ဦး၏ စီးပွားရေးဆိုင်ရာ အခြေခံမူဝါဒ

(၆) ချင်းအမျိုးသားတပ်ဦး၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ အခြေခံမူဝါဒ

**(United Chin Christian Fellowship- UCCF) ကော်မီတီ**

| | |
|---|---|
| - ပူး ဒေနီယဲလ် ဆာခေါင်း | ( ဥက္ကဋ္ဌ ) |
| - ဗိုလ်မှူးကြီး ဆော်လမွန် | ( အတွင်းရေးမှူး ) |
| - ဒု အရာခံဗိုလ် ဗျက်လျန်ထန် | ( အဖွဲ့ဝင် ) |
| - ပူး ရှိခေါမာ | ( အဖွဲ့ဝင် ) |
| - ဂျိုးဇက် ရွှေအုပ်လျန် | ( အဖွဲ့ဝင် ) |
| - ပူး တလွန်ပဲန် | ( အဖွဲ့ဝင် ) |
| - ပူး သောခ့်ကျဲအို | ( အဖွဲ့ဝင် ) |
| - ဆလိုင်း ပါမွန် | ( အဖွဲ့ဝင် ) |
| - ပူး မန်လိုင်း | ( အဖွဲ့ဝင် ) |
| - ပီး လဲန်ကီး | ( အဖွဲ့ဝင် ) |
| - လျာ ကျင်ဇမ်ဝုန် | ( အဖွဲ့ဝင် ) |
| - ပီး လာလ်မှတ်ဒိုက်ဖွာလ်အီး | ( အဖွဲ့ဝင် ) |

# ဆဋ္ဌမအကြိမ် ပါတီညီလာခံအပေါ် သုံးသပ်ချက် အမြင်တချို့

Pu HC. Ral Hnin

ချင်းအမျိုးသားတပ်ဦး သည် တော်လှန်ရေးသက်တမ်း ၂၈ နှစ်တာကာလအတွင်း ပါတီညီလာခံ (၆)ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပါသည်။ ထိုသို့ ကျင်းပလာနိုင်ခဲ့သည်မှာ အသက်၊ သွေး၊ ချွေး စတေးကာ ပါတီကို နှစ်ပေါင်းများစွာ အခက်အခဲပေါင်းစုံကြားက ဦးဆောင်ဦးရွက်ပြုနေသော ပါတီခေါင်းဆောင်ကြီးများနှင့် ပါတီဝင်ထုများ၏ မှန်ကန်သော မျိုးချစ်စိတ်ဓါတ်၊ အနစ်နာခံမှု၊ ကိုယ်ကျိုးမဖက် ပါတီကို တကယ်ကောင်းစားစေချင်သော မှန်ကန်သည့် စေတနာများကြောင့်သာလျှင် ဖြစ်ပါသည်။ ဤသည်မှာ တပ်ဦး၏ နှစ်ဆယ့်ရှစ်နှစ်ကြာ အခက်အခဲပေါင်းစုံကြားက မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ခြင်း၏ အဓိကအကြောင်းရင်းခံလည်း ဖြစ်သည်ဟု သုံးသပ်မိပါသည်။

တပ်ဦးသည် ပါတီညီလာခံကျင်းပတိုင်း ပါတီညီလာခံတစ်ခုနှင့်တစ်ခုအကြားပါတီလုပ်ငန်းလုပ်ဆောင်ချက်များအပေါ် သုံးသပ်ခြင်း၊ လက်ရှိနိုင်ငံရေးနှင့် ပေါ်လစီအပေါ် သုံးသပ်ခြင်းနှင့် ပါတီဦးဆောင်မှုကို လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်လေ့ရှိပါသည်။ ဤနှစ် ဆဋ္ဌမအကြိမ်ပါတီညီလာခံတွင် အဓိကအားဖြင့် လေးနှစ်တာကာလအတွင်း ပါတီ၏ အဓိကအားနည်းချက်များကို သုံးသပ်ပြီး ပါတီကို ဥက္ကဋ္ဌ ဦးဆောင်စနစ်ဖြင့် ပြန်လည် ဖွဲ့စည်းပါသည်။ ထိုနည်းတူ စစ်တပ်ဖွဲ့စည်းမှုကိုလည်း ပါပုံစံသစ်ဖြင့် ပြန်လည် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ဤသည်မှာ ဒီနှစ် ပါတီညီလာခံကျင်းပရခြင်း၏ ရလဒ်များစွာထဲက အဓိကရလဒ်တခုဖြစ်သည်ဟုဆိုလျှင် သိပ်မှားမည် မထင်ပေ။

## ပါတီ ဦးဆောင်မှု ပြန်လည်ပြုပြင်ခြင်းအပေါ် သုံးသပ်ချက်

ပါတီ၏ ဦးဆောင်မှုကို ဥက္ကဋ္ဌ ဦးဆောင်စနစ်ဖြင့် ပုံမှန်သွားနေရာမှ ၂၀၁၁ ခုနှစ် အရေးပေါ် ပါတီညီလာခံမှ စတင်ပြီး တပ်ဦးအတွင်း မျိုးနွယ်စုံ၊ ဒေသစုံမှ ချင်းအမျိုးသားများပါဝင်နိုင်ရေးကို ဦးတည်လျက် ဗဟိုကော်မီတီ ကိုယ်ထည်တွင် အဓိပတိကောင်စီ နေရာတစ်ခု ဖန်တီးပြီး ပါတီယန္တရားကို အထွေထွေအတွင်းရေးမှူးချုပ် ဦးဆောင်စနစ်ဖြင့် မောင်းနှင်စေခဲ့ပါသည်။

အဓိပတိကောင်စီကို မြို့နယ် (၉) မြို့နယ်မှ(၁)ဦးစီ၊ ပေါင်း (၉)ဦး၊ ချင်းအမျိုးသားတပ်ဦးမှ (၃) ဦး၊ မီဇို၊ ထာဒို၊ အရှိုချင်းဒေသမှ (၁) ဦးစီ (၃)ဦး၊ တတ်သိပညာရှင်မှ (၁) ဦး၊ အမျိုးသမီးမှ (၁)ဦး နှင့် ချင်းအမျိုးသားတပ်ဦးမှ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် (၃)ဦး၊ ပေါင်း(၄)ဦး၊ အားလုံး (၂၁) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအပြင် ဥက္ကဋ္ဌကို အဓိပတိကောင်စီဝင်ထဲမှ (၄)ဦးကို အလှည့်ကျစနစ်ဖြင့် ရွေးချယ်လျက် ပါတီကို ဦးဆောင်ခဲ့ပါသည်။ ၎င်းအပြင် ပါတီကို နေ့တဓူဝဦးဆောင်မှုပြုပေးသော အထွေထွေအတွင်းရေးမှူးချုပ်ထံတွင် ပါတီ၏ အလွန် အင်မတန်အရေးကြီးသည့် အာဏာဖြစ်သော ဗီတိုအာဏာ နှင့်စစ်သေနာပတိချုပ်အာဏာများကိုပါ ပေးအပ်ခဲ့ခြင်းမဟုတ်ဘဲ အလှည့်ကျဥက္ကဋ္ဌထံတွင် ပေးအပ်ခဲ့ပါသည်။ ဤသည်မှာ ပါတီ၏ အဓိကအားနည်းချက် ဖြစ်ပါသည်။ သို့သော် တဖက်တွင် အဓိပတိကောင်စီ ဖွဲ့စည်းခြင်းဖြင့်ပါတီစည်းရုံးရေးများစွာအောင်မြင်လာခဲ့သည်မှာမည်သူမျှ ငြင်းပယ်၍ ရမည်မဟုတ်ပေ။

ဤနှစ် ပါတီညီလာခံတွင် ဦးဆောင်မှု ပိုမိုအားကောင်းပြီး ထိထိရောက်ရောက်ရှိသည့် ပါတီဦးဆောင်မှု ဖန်တီးနိုင်ရေးကို ဦးတည်လျက် အဓိပတိကောင်စီဝင် အနေအထားကိုလည်း မထိခိုက်စေဘဲ၊ ပါတီအတွင်း ဒေသစုံ၊ မျိုးနွယ်စုံပါဝင်ရေးကိုလည်း မပျက်ပယ်စေဘဲ ပါတီကို ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၀၀၀၀၀

## အလှည့်ကျသဘာပတိများ၏ မိန့်ခွန်းများ

### အရံသဘာပတိ Rev. Biak Cawm ၏ ညီလာခံ ပထမနေ့ အပိတ်မိန့်ခွန်း

ရက်စွဲ၊ ၂၆ - ၁ - ၂၀၁၆

လေးစားအပ်သော သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား-

ချင်းအမျိုးသားတပ်ဦးရဲ့ ဆဋ္ဌမအကြိမ် ပါတီလာခံမှာ ပထမနေ့အစည်းအဝေးမှာ အပိတ်မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်လို့ ဦးစွာပြောကြားလိုပါတယ်။

ဒီညီလာခံမှာ ဖလမ်းမြို့နယ်ကိုယ်စား ဖိတ်ကြားခံရတဲ့အတွက်လည်း အထူးပဲကျေးဇူးတင်ရှိကြောင်း ဖလမ်းမြို့နယ် ကိုယ်စားလှယ်များကိုယ်စား ပြောကြားလိုပါတယ်။ ဒီကနေ့ သဘာပတိကြီးရဲ့ အဖွင့်မိန့်ခွန်းမှာ ပြောကြားထားသလို ကိုယ့်အမျိုးသားရေးအတွက် ပြောရေးဆိုခွင့်ရှိတဲ့နေရာမှာ ချင်းအမျိုးသားတပ်ဦးဟာ အင်မတန်မှ အရေးကြီးပါတယ်။ မြို့နယ်၊ ဒေသအသီးသီးက ကိုယ်စားလှယ်တော်ကြီးများ၊ ချင်းအမျိုးသားတပ်ဦး/တပ်မတော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးတင်ပြမှုများအပေါ်မှာလည်း အထူးပဲ အားရကျေနပ်မိပါတယ်။ နောက်နောင်မှာလည်း မြို့နယ်/ဒေသအသီးသီးက ပုဂ္ဂိုလ်များကို ဆက်လက်ပြီး ဖိတ်ကြားဖို့၊ ပြည့်ပြည့်စုံစုံ တက်ရောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ပထမနေ့အတွင်း ဆွေးနွေးချက်များ၊ အစီရင်ခံချက်၊ မေးမြန်းချက်၊ အတည်ပြုချက်နဲ့ အကြံပေးသုံးသပ်ချက်များ အားလုံးအပေါ်မှာလည်း အားရကျေနပ်ဘွယ် ကောင်းပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ဒီညီလာခံကြီးဟာ ချင်းအမျိုးသားများအတွက် တကယ့်ကို အရေးကြီးတဲ့ ညီလာခံဖြစ်တဲ့အတွက်ကြောင့် ကျန်ရှိသေးတဲ့ ညီလာခံကာလပတ်လုံး ကိုယ်စားလှယ်တော်ကြီးများ ပြည့်ပြည့်စုံစုံတက်ရောက်၊ ဆွေးနွေး၊ အကြံပြုကြဖို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

၀၀၀၀၀

# အလှည့်ကျသဘာပတိ ပူးလျန်အုပ် ၏ ညီလာခံ ဒုတိယနေ့ အဖွင့်မိန့်ခွန်း

ရက်စွဲ၊ ၂၇- ၁-၂၀၁၆

ဒီကနေ့ အေးချမ်းတဲ့နံနက်မှာ ညီလာခံကိုယ်စားလှယ်တော်များ စုံစုံညီညီတက်ရောက်နိုင်တဲ့အတွက် အထူး ကျေးဇူးတင်ရှိပါတယ်။

ကျွန်တော်တို့ ချင်းအမျိုးသားများဟာ Unity in Diversity ကို ကျင့်သုံးတတ်ဖို့ အင်မတန်မှ လိုအပ်ပါတယ်။ အင်္ဂလိပ်တွေက ကျွန်တော်တို့ တိုင်းပြည်ကို သိမ်းပိုက်တဲ့အချိန်မှာ သုတေသနပြုလုပ်ပြီး တွေ့ရှိတာက ကျွန်တော်တို့ရဲ့ အနက်နဲဆုံးအရာဖြစ်တဲ့ "ချင်း" ဆိုတာကို တွေ့ရှိပါတယ်။ အေဒီ ၇၅၀ လောက်ကနေစတင်တဲ့ ကျောက်စာမှာပါတဲ့အရာကို တွေ့ရှိပြီးတဲ့နောက်မှာ အဲ့ဒါကို အစွဲပြုပြီး The Chin Hills Regulation Act ကိုရေးဆွဲပြီး အဲ့ဒီဥပဒေနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ အဲ့ဒီ "ချင်း" ဆိုတဲ့ စကားလုံးကို မင်းတပ်-ကန်ပက်လက်က ချိုး၊ တီးတိန်-တွန်းဇံက ဇိုမီး၊ ဟားခါး-ထန်တလန်-မတူပီက လိုင်မီး၊ ပလက်ဝ ကလည်း ခူမီး စသဖြင့် မိမိတို့ ဘာသာစကားအလိုက် ကွဲပြားခေါ်ဝေါ်ကြခြင်း ဖြစ်ပါတယ်။ အဲ့ဒါကြောင့် တီးတိန်က ဇိုမီးလို့ခေါ်ရင် ကျွန်တော်တို့လည်း ဇိုမီးဖြစ်ပြီး၊ မင်းတပ်-ကန်ပက်လက်က ချိုး လို့ခေါ်ရင် ကျွန်တော်တို့လည်း ချိုး ဖြစ်တယ်ဆိုတာကို အားလုံးက သဘောပေါက်ပြီး အသိအမှတ်ပြုကြဖို့ လိုအပ်ပါတယ်။ အဲ့ဒါကို Unity in Diversity လို့ခေါ်ပါ တယ်။

အမေရိကန်လူမျိုးတွေမှာ လူမည်းမပါရင် လူမျိုးမစုံသလို ချင်းလူမျိုးများမှာလည်း မိမိတို့ဘာသာစကား မတူညီမှုကြောင့် ကွဲပြားတဲ့ နာမည်များဟာလည်း "ချင်း" ဆိုတဲ့ လူမျိုးတခုတည်းကနေ ပေါက်ဖွားလာတဲ့ လူမျိုးတွေပဲ ဖြစ်ကြပါ တယ်။ ဒါကြောင့် ဘယ်ဘာသာစကားပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံးရဲ့ စကားသာလျှင် ဖြစ်ပါတယ်။

အဲ့ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်သွားကြတဲ့အခါမှာ Unity in Diver-sity ဆိုတဲ့အရာကို နှလုံးသွင်းပြီး ကျွန်တော်တို့တတွေဟာ ချင်းလူမျိုးတစ်မျိုးတည်းဖြစ်တယ်ဆိုတာကို နှလုံးသွင်း ထားကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

၀၀၀၀၀

# အရှိသဘာပတိ ပူးထန်းနိုင်း ၏ ညီလာခံ ဒုတိယနေ့ အပိတ်မိန့်ခွန်း

**ရက်စွဲ၊ ၂၇-၁-၂၀၆**

အားလုံး မင်္ဂလာပါလို့ ရှေ့ဦးစွာ နှုတ်ခွန်းဆက်လိုပါတယ်။

ဤနေရာ၊ ဤအချိန်မျိုးမှာ အမှာစကားပြောကြားဖို့ အခွင့်အခါပေးတဲ့ ဘုရားရှင်ရဲ့ နာမတော်ကိုလည်း ချီးမွမ်းပါတယ်။ အမှာစကားပြောကြားဖို့ အချိန်ပေးတဲ့ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအပေါ်မှာလည်း အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော် ဒီနေရာမှာ ရောက်ရှိပါဝင်နိုင်ခြင်းရဲ့ အရင်းခံအကြောင်းရင်းကို အနည်းငယ်ပြောကြားလိုပါတယ်။ ကျွန်တော်ဟာ အစိုးရဝန်ထမ်းကနေ ပင်ဆင်ယူထားပြီးနောက်ပိုင်း အစိုးရရဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ အစိုးရရဲ့လုပ်ရပ်တွေကို မကျေနပ်တဲ့အတွက် နိုင်ငံရေးကဏ္ဍကိုရှောင်ပြီး လူမှုရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ ၁၉၇၉ ခုနှစ်မှာ ဗုဒ္ဓဘာသာကနေ ခရစ်ယာန်ဘာသာကို အစစ်အမှန်ကူးပြောင်းခဲ့ပြီးနောက်ပိုင်းမှာ ဆုံးသွားပြီဖြစ်တဲ့ ကျွန်တော့်အစ်ကို ဆရာဟန်ကီးက ကျွန်တော့်ကို စိတ်ဆိုပြီး စိန်ခေါ်တဲ့အတွက် ကျွန်တော့်ရဲ့အစ်ကိုရှေ့မှောက်မှာ ဒူးထောက်ပြီး နေ့စဉ် နှစ်နာရီပုံမှန် သူ့ရဲ့ဩဝါဒကို သုံးညတိတိ နာခံခဲ့ပါတယ်။ သူ့ရဲ့ အဓိကစွပ်စွဲချက်ကတော့ ဘာကြောင့် ဗုဒ္ဓဘာသာကနေ ခရစ်ယာန်ဘာသာကို ပြောင်းသွားသလဲဆိုတာ ဖြစ်တယ်။ အဲ့ဒါကို လေးရက်မြောက်မှာ ကျွန်တော်က သူ့ခွင့်ပြုချက်အရ ပြန်ဖြေခဲ့ပါတယ်။ အင်္ဂလိပ်၊ ဂျပန်တော်လှန်ရေးမှာ ကျွန်တော်တို့ဘိုးဘွားတွေပါသလားလို့ မေးလိုက်ချိန်မှာ သူကရှေ့တန်းကနေ ပါဝင်တယ်လို့ ဖြေပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ ကျွန်တော်တို့က အင်္ဂလိပ်-ဂျပန်တွေကို တော်လှန်တဲ့နေရာမှာပါသလဲလို့ ထပ်မေးတဲ့အခါမှာ "သူတို့ လက်အောက်မှာ မရောက်ချင်လို့ပါ" လို့ပြန်ဖြေပါတယ်။ ကျွန်တော်က အဲ့ဒီအဖြေကို တကယ်သဘောကျတယ်၊ ကျွန်တော်တို့ ဘိုးဘွားတွေဟာ သူတပါးလက်အောက် မကျရောက်ချင်လို့၊ သူတပါးကို မရှိခိုးချင်လို့ တော်လှန်တယ်။ အဲ့ဒါကြောင့်မလို့ ကျွန်တော်လည်း ဗုဒ္ဓဘာသာမှာ ဆက်မနေချင်ဘဲ ခရစ်ယာန်ဘာသာကို ပြောင်းခြင်းဖြစ်တယ်လို့ ပြန်ပြောလိုက်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ သူဆုံးသွားတဲ့အထိ စကားမပြောဘဲ ဖြစ်ခဲ့ကြပါတယ်။

အဲ့ဒါကြောင့် ကြုံ့ကြုံ့ခံတဲ့ ဘဝကနေ လွတ်မြောက်ဖို့အတွက် ကျွန်တော်ဒီနေရာကို ရောက်လာရခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး ဆွေးနွေးတဲ့အခါမှာ ဆွေးနွေးတဲ့အကြောင်းအရာများအပေါ် အလေးအနက်ထားပြီး၊ ဆုံးဖြတ်ချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့တတွေ လက်တွဲမဖြုတ်ဘဲ ရှေ့ကို ချီတက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

၀၀၀၀၀

## အလှည့်ကျသဘာပတိ Pu Thomas Thang Nou ၏ ညီလာခံ တတိယနေ့ အဖွင့်မိန့်ခွန်း

**ရက်စွဲ၊ ၂၈-၁-၂၀၁၆**

၂၀၁၆ ခုနှစ်၊ ဆဋ္ဌမအကြိမ် ချင်းအမျိုးသားတပ်ဦးရဲ့ ပါတီညီလာခံ သုံးရက်မြောက်မှာ အဖွင့်မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်၊ ပါတီညီလာခံကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ လေ့လာသူများ၊ ပြည်ပ ဒေသကော်မတီဝင်မှ ပုဂ္ဂိုလ်များ၊ ချင်းအမျိုးသားတပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ ရဲဘော်များ၊ ပါတီထုမှ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနှင့် အထူးဖိတ်ကြားထားသူများအားလုံး အမျိုးသားနိုင်ငံရေးအတွက် ဆွေးနွေးကြတဲ့အပေါ် ကိုယ်စားလှယ်တော်ကြီးများကို အထူးလေးစားပါတယ်။

ကျွန်တော်တို့ ဒီညီလာခံကြီးမှာ တက်ရောက်လာခြင်းဟာ ချင်းအမျိုးသားများ မျိုးချစ်စိတ်ဓါတ်ရှိမှုကြောင့် အချိန်အကုန်ခံပြီး ရောက်လာကြခြင်းဖြစ်တယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဒီညီလာခံဖြစ်မြောက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ကျင်းပရေးကော်မတီများအပေါ်မှာလည်း အထူးကျေးဇူးတင်ရှိပါတယ်။ နောက်ပြီး အိမ်ရှင်အနေနဲ့ တာဝန်ယူဆောင်ရွက်ပေးတဲ့ ချင်းအမျိုးသားတပ်မတော်သားအားလုံး အပေါ်မှာလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ဆွေးနွေးမယ့် ပေါ်လစီပိုင်း၊ မူဝါဒနဲ့ မဟာဗျူဟာပိုင်းဆိုင်ရာတွေဟာ အင်မတန်မှ အရေးကြီးတဲ့ အချက်တွေဖြစ်တဲ့အတွက် ဆွေးနွေးတဲ့အခါမှာလည်း တိုရှင်းလိုရင်းနဲ့ ဆွေးနွေးလိုတဲ့အကြောင်းအရာကို ထိထိရောက်ရောက် ဆွေးနွေးစေလိုတဲ့အပြင် အမျိုးသမီးဘက်ကလည်း တတ်နိုင်သလောက် ဆွေးနွေးစေလိုပါတယ်။ ချင်းလူမျိုး ချင်းနိုင်ငံရေးအတွက် မိမိရဲ့ထင်မြင်ခံယူချက်တွေကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါ။

နောက်ပြီး ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးရဲ့ ပါတီဖွဲ့စည်းပုံနည်းဥပဒေ အပိုဒ် (၁၃) ပါ အချက်ကို အနည်းငယ်ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပါတီဟာ ပါတီစည်းရုံးရေးအမြင်အနေနဲ့ ဗဟိုဦးစီးစနစ်ကို အသုံးပြုပါတယ်။ အဲ့ဒီထဲမှာ အရေးကြီးဆုံးကတော့ အနည်းစုက အများစုဆန္ဒကို လိုက်နာရမယ်၊ လူများစုကလည်း လူနည်းစုဆန္ဒကို လေးစားရမယ်။ အဲ့ဒါကြောင့် ကိုယ်စားလှယ်အားလုံးက ညီလာခံရဲ့အမိန့်ကို နာခံကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

၀၀၀၀၀

## အလှည့်ကျသဘာပတိ Pu Thomas Thang Nou ၏ စတုတ္ထနေ့ ညီလာခံ အဖွင့်မိန့်ခွန်း

**ရက်စွဲ၊ ၂၉-၁-၂၀၁၅**

၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၂၉) ရက် ဆဋ္ဌမအကြိမ်မြောက် ချင်းအမျိုးသားတပ်ဦးရဲ့ ပါတီညီလာခံအဖွင့်မိန့်ခွန်း ပြောကြားခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းမြောက်ပါတယ်။ ပြီးခဲ့တဲ့ သုံးရက်လုံးလုံး ညီလာခံအတွင်း ကိုယ်စားလှယ်တော်များရဲ့ဆွေးနွေးချက်တွေကိုကြည့်မယ်ဆိုရင်အင်မတန်မှအားရဖွယ်ကောင်းပါတယ်။ကြွရောက်လာကြတဲ့ကိုယ်စားလှယ်တော်ကြီးများကိုလည်း အထူးပဲလေးစားပါတယ်လို့ ပထမဦးဆုံး ပြောချင်ပါတယ်။ အထူးသဖြင့် ကိုယ်စားလှယ်တော်များ လူကြီးလူငယ်မဟူ တက်တက်ကြွကြွဆွေးနွေးကြတာကို တွေ့ရတဲ့အတွက် အထူးပဲ အားရမိပါတယ်။

လက်ရှိ နိုင်ငံရေးအခင်းအကျင်းဟာ ယခင်က စစ်အစိုးရက သတ်မှတ်ထားတဲ့ သူ့ပုန်၊ မတရားအသင်းအဆင့်ကို ကျော်လွှားခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာတာနဲ့အညီ ကျွန်တော်တို့ရဲ့ တွေးခေါ် မျှော်မြင်မှုတွေလည်း ခေတ်နဲ့အညီ ပြောင်းလဲဖို့ လိုအပ်လာပြီဆိုတာကို ပြန်လည်ပြီး အသိပေးချင်ပါတယ်။

မြန်မာ့နိုင်ငံရေးမှာ အဓိကကြည့်ဖို့က တိုက်ပွဲဟာ ဘယ်နေရာမှာ ဖြစ်ပွားနေသလဲဆိုတာ ဖြစ်ပါတယ်။ အရင်က ကျွန်တော်တို့အင်အားဟာ နိုင်ငံတကာမှာပဲ ရှိခဲ့ပါတယ်။ တိုက်ပွဲများလည်း များများဖန်တီးလေလေ ရန်သူထိ ခိုက်နစ်နာမှုများလေလေ၊ ကုန်ကျဆုံးရှုံးမှုများလေလေ ဖြစ်တဲ့ အခြေအနေမျိုးကနေ NCA လက်မှတ်ရေးထိုးအပြီး နိုင်ငံရေးဆွေးနွေးပွဲစင်မြင့်ပေါ် ရောက်လာပြီဖြစ်တဲ့အတွက် တိုက်ပွဲအသွင်သဏ္ဍာန်ဟာလည်း ပြောင်းလဲသွားပါတယ်။ လက်ရှိနိုင်ငံရေးတိုက်ပွဲဟာ NCA ကနေ UPC အဆင့်အထိ ရောက်နေပြီဖြစ်တဲ့အတွက် မဟာဗျူဟာများကို ဆွေးနွေးရင်း နိုင်ငံရေးဆွေးနွေးပွဲများကနေ တပ်ဦးရဲ့ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်ရေးကို ကြိုးစားဖို့ လိုအပ်ပါတဲ့အပြင် ကျွန်တော်တို့တိုက်ပွဲဟာလည်း အတွင်းပိုင်းကို ရောက်နေပြီဆိုတာကို အားလုံး နားလည်စေချင်ပါတယ်။

အဲ့သလိုပဲ မဟာဗျူဟာ၊ မူဝါဒ၊ လုပ်ငန်းစဉ်များဆိုင်ရာ ဆုံးဖြတ်ချက်များကိုလည်း ချမှတ်နေပြီဖြစ်ပါတယ်။ အဲ့ဒါကြောင့် အတွင်းတိုက်ပွဲကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ မမှားမိအောင် အလေးအနက်ထား စဉ်းစားဆွေးနွေးကြစေလိုတယ်။ ဒီနေရာမှာ မှားသွားမယ်ဆိုရင် အမျိုးသားရေးအတွက် များစွာသော ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရမှာဖြစ်သလို မှန်မှန်ကန်ကန် ချမှတ်နိုင်မယ်ဆိုရင် အမျိုးသားနိုင်ငံရေးအတွက် အင်မတန်မှ အကျိုးအမြတ်ရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အမျိုးသားကံကြမ္မာဟာ ဒီညီလာခံအပေါ်မှာ များစွာမူတည်တယ်။ အဲ့ဒီအတွက်ကြောင့် အလေးအနက်ထား ဆွေးနွေးကြစေလိုပါတယ်။

အချိန် ကန့်သတ်ချက်များအပေါ်မှာလည်း နားလည်ကြပါ။ ရောက်လာသော ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဆွေးနွေးမည့်အချက်များအပေါ် တိုရှင်းလိုရင်းဆွေးနွေးဖို့နဲ့ ဆွေးနွေးမယ့်အချက်အလက်အကြောင်းအရာများအပေါ်မှာလည်း တတ်နိုင်သလောက် လေ့လာထားကြပါလို့ အနူးအညွတ် တိုက်တွန်းရင်း အချိန်ကန့်သတ်ချက်များအပေါ်မှာလည်း နားလည်ပေးကြဖို့ ထပ်မံ တိုက်တွန်းလိုပါတယ်။

နိုင်ငံရေးဟာ အင်မတန်ကျယ်ဝန်းတဲ့အတွက် ရိုးရှင်းစွာဖြင့် လူမျိုးနဲ့တိုင်းပြည်ကောင်းစားရေးနဲ့ လူမျိုးတစ်မျိုးအဖြစ် မားမားရပ်တည်ပြီး စည်းလုံးမှုရှိအောင် ဆွေးနွေးတဲ့နေရာမှာ စကားလုံး အသုံးအနှုန်းများကိုလည်း သတိထားကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ ဆုံးဖြတ်ချက်များဟာ အမျိုးသားအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရအောင်၊ ဒီမိုကရေစီ အသိုင်းအဝန်းဟာလည်း ဒီညီလာခံအခန်းထဲမှာ ဖြစ်ပါစေလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

၀၀၀၀၀

## အရံသဘာပတိ Pu Pa Hmun ၏ ညီလာခံ စတုတ္ထနေ့ အပိတ်မိန့်ခွန်း

ရက်စွဲ၊ ၂၉-၁-၂၀၁၆

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား-

ဒီနေ့ကျွန်တော်တို့ရဲ့ စတုတ္ထမြောက်နေ့ညီလာခံကြီးမှာအပိတ်မိန့်ခွန်းပြောကြားခွင့်ရရှိတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ညီလာခံအတွင်း ဆွေးနွေးချက်များဟာ အင်မတန်မှ အားရဖွယ်ကောင်းသလို ချင်းအမျိုးသားများရဲ့ စည်းလုံးညီညွတ်မှုလည်း ပေါ်လွင်တာကို တွေ့ရှိနိုင်ပါတယ်။

နောက် လေးနှစ်တာကာလအတွင်း ချင်းအမျိုးသားတပ်ဦးကို ဦးဆောင်မယ့်ခေါင်းဆောင်များ ရွေးချယ်တဲ့နေရာမှာလည်း တညီတညွတ်တည်း ရွေးချယ်တာကို တွေ့ရှိခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အနာဂတ်ဟာလည်း အင်မတန်မှ လှပပါလိမ့်လို့ယုံကြည်ပါတယ်။ လာမယ့် လေးနှစ်ဟာ ချင်းအမျိုးသားများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် နိုင်ငံရေးစားပွဲပေါ်မှာ ဆွေးနွေးရမှာဖြစ်တဲ့အတွက် အင်မတန်မှ အရေးကြီးပါတယ်။ အဲ့ဒါကြောင့် အသစ်ရွေးချယ်လိုက်တဲ့ ခေါင်းဆောင်များကိုလည်း ကျရာကဏ္ဍအသီးသီးကနေ ဝိုင်းဝန်းပံ့ပိုးကြပါလို့ တိုက်တွန်းလိုပါတယ်။

အင်္ဂလိပ်တွေကဖြစ်လာနိုင်မယ့်စွမ်းအင် Potential Energy လို့ပြောပါတယ်။ (ဥပမာ-လမ်းဘေးမှာရှိတဲ့ သုံးပိသာလေးတဲ့ ကျောက်တုံးတစ်ခုရဲ့ စွမ်းအင်ဟာ သူ့နေရာအလိုက် ပြောင်းလဲနိုင်ပါတယ်။ မြေကြီးမှာရှိတဲ့ အချိန်နဲ့ စားပွဲ၊ အိမ်ခေါင်မိုးပေါ်တင်ပြီးနောက် သူ့ရဲ့စွမ်းအင်တွေဟာ သူ့ရဲ့အနိမ့်အမြင့်အပေါ် မူတည်ပြီး စွမ်းအင်ထုတ်လုပ်နိုင်မှုဟာ မတူပါဘူး။ အလုပ်လုပ်တဲ့နေရာမှာလည်း ရနိုင်ခြေရှိတဲ့ အလုပ်အပေါ်မူတည်ပြီး လုပ်ရင် တကယ်လည်း အကျိုးအမြတ်ရမှာ ဖြစ်ပါတယ်။ (ဥပမာ- ဘုံတလာရေတံခွန်ဟာ MW-1000 ထုတ်နိုင်မယ်ဆိုတဲ့ လေ့လာမှုအပေါ်မှာ အမှန်တကယ် ထုတ်လုပ်ရင် အဲ့ဒီ စွမ်းအင်ကို ရရှိမှာဖြစ်ပြီး၊ ရေအားလျှပ်စစ်ကို မထုတ်ဘူးဆိုရင် အဲ့ဒီ MW- 1000 ဟာ ဘယ်တော့မှ ရမှာမဟုတ်ပါဘူး။ အဲ့ဒီလိုပဲ ကျွန်တော်တို့ ချမှတ်တဲ့ စီမံချက်တိုင်းဟာ ဖြစ်နိုင်ချေ၊ လုပ်နိုင်ချေအပေါ်မှာ ချမှတ်ခြင်း ဖြစ်ပါတယ်။

အဲ့ဒါကြောင့် ကျွန်တော်တို့မှာ သယံဇာတတွေ မကြွယ်ဝပေမဲ့ လူအင်အားကို အသုံးချတတ်ဖို့ လိုတယ်၊ လူတိုင်းလူတိုင်းက ကိုယ်ကထုတ်လုပ်နိုင်တဲ့ စွမ်းအင်ကို ထုတ်လုပ်ကြဖို့ အရေးကြီးပါတယ်။ အဲ့လို ထုတ်လုပ်တဲ့နေရာမှာ အားလုံးရိုးသားပွင့်လင်းစွာနဲ့ စည်းစည်းလုံးလုံး ဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီ၊ ဖက်ဒရယ်ပြည်ထောင်စုနဲ့ ကိုယ့်ကြမ္မာဖန်တီးခွင့်တွေကို အမှန်တကယ် ရရှိပါလိမ့်မယ်။

အဲ့ဒီလို လုပ်နိုင်ဖို့အတွက် အယောက်တိုင်းက အမျိုးသားရေးစိတ်ဓါတ်အပြည့်ဖြင့် အတူလက်တွဲပြီး ရှေ့ကို ဆက်လက်ချီတက်ကြရအောင်လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ooooo

## အလှည့်ကျသဘာပတိ Salai Kip Kho Lian ၏ ညီလာခံ ပဥ္စမနေ့ အဖွင့်မိန့်ခွန်း

**ရက်စွဲ၊ ၃၀-၁-၂၀၁၆**

လေးစားအပ်ပါသော ခေါင်းဆောင်ကြီးများ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ယခုလို ညီလာခံကြီးရဲ့ ပဥ္စမနေ့မြောက်မှာ အဖွင့်မိန့်ခွန်း ပြောကြားခွင့်ရရှိတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ပါတယ်။

အလေးထားအနေနဲ့ အဓိကပြောချင်တဲ့အရာကတော့ အခုပူပူနွေးနွေးပဲ ကြုံတွေ့ခဲ့ရတဲ့၊ လွန်ခဲ့တဲ့ နိုဝင်ဘာလ ရွေးကောက်ပွဲမှာ ချင်းပါတီတွေအားလုံး ကျဆုံးသွားတာဟာ ကျွန်တော်တို့ ချင်းအမျိုးသားတွေအတွက် အင်မတန်မှကြီးမားတဲ့ ဆုံးရှုံးတစ်ခုဖြစ်တဲ့အပြင် အနာဂတ်အတွက်လည်း မကောင်းတဲ့ အကြာရာတစ်ခုဖြစ်တယ်။ အကြောင်းကတော့ ချင်းလူမျိုး၊ ချင်းပါတီတွေရဲ့ အသံဟာ မပေါ်လွင်နိုင်တော့ခြင်းကြောင့် ဖြစ်ပါတယ်။ အဲ့ဒီချိန်မှာ ချင်းအမျိုးသားတပ်ဦးအနေနဲ့ လက်နက်ကိုင်တိုက်ပွဲကို ဆင်နွဲနေခြင်းအားဖြင့် မိမိတို့အသံဟာ ကျယ်လောင်စွာ မြည်နေသေးတယ်ဆိုတာကို တွေ့ရပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ဟာ ချင်းတမျိုးသားလုံးရဲ့အသံကို မူလပြုသင့်ပါတယ်။ ဒါကြောင့် အားလုံးက အလေးအနက်ပြုကြဖို့ လိုအပ်ပါတယ်။

နောက်တချက်ကတော့ ဆရာမချင်းချင်းပြောတဲ့အထဲမှာ သိပ်သဘောကျသွားတဲ့ အချက်ဖြစ်ပါတယ်။ "ချင်းအမျိုးသားတပ်ဦးကို ကြည့်လိုက်ရင် အင်မတန်မှ သဘောကျ အားရစရာကောင်းတယ်" ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ အဲ့ဒါတွေနဲ့ ကျေနပ်နေလို့ မဖြစ်ပါဘူး၊ အမှန်တကယ်ပဲ လူမှန်နေရာမှန်ဖြစ်အောင် ကြိုးစားပြီး အလုပ်လုပ်နေစေချင်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်သက်တမ်းအတွင်းမှာကြုံတွေ့ခဲ့ရတဲ့အတွေ့အကြုံများအရအားရစရာကောင်းတဲ့အချက်တွေရှိသလို သိပ်ပြီးအားမကျတဲ့ အရာတွေလည်း တွေ့ရတဲ့အတွက် နောက်လာမယ့် လေးနှစ်အတွင်းမှာ အဲ့ဒါမျိုးတွေမရှိအောင် ကြိုးစားသွားစေချင်ပါတယ်။

နံပါတ် (၁) ကတော့ Transparency ပိုင်းအားနည်းတယ်၊ အရင်ကတော့ တော်လှန်ရေးကာလဖြစ်တဲ့အတွက် သိပ်ပြီး ပွင့်လင်းမြင်သာမှုမရှိနိုင်တဲ့ အပိုင်းတွေရှိတယ်။ ဒါပေမဲ့ အခုဆိုရင် အဲ့ဒီအနေအထားကို ကျော်လွှားသွားပါပြီ။ အခုကတော့ပြည်သူနဲ့ထိတွေ့ရမယ့်ကာလဖြစ်တဲ့အတွက် ပွင့်လင်းမြင်သာမှုအပြည့်အဝရှိဖို့ကြိုးပမ်းသွားကြရအောင်လို့တိုက်တွန်းလိုပါတယ်။

အခု ကျွန်တော်တို့ရဲ့ ရှေ့တန်းဟာ စစ်မြေပြင်မှာမဟုတ်တော့ဘဲ နိုင်ငံရေးတိုက်ပွဲပုံစံ ဖြစ်လာပါပြီ။ အဲ့တော့ ရှေ့တန်းကို တိုက်ပွဲဝင်မယ့်အုပ်စုရှိမှာဖြစ်သလို နောက်တန်းကနေ ပံ့ပိုးပေးမယ့် နောက်ခံသမားများလည်းရှိမယ်။ ဒါကြောင့် အုပ်စုတစ်ခုနဲ့တစ်ခုအချိတ်အဆက်ရှိဖို့လိုတယ်။ အဆက်အစပ်မရှိဘဲ ပုဂ္ဂိုလ်အရေးလို သဘောမထားဘဲ ပါတီရဲ့ မူပေါ်လစီအရ အလုပ်လုပ်ဖို့ အရေးကြီးပါတယ်။ မူပေါ်လစီအရ ထိန်းချုပ်မှုတခုခုရှိထားဖို့လည်း လိုအပ်တယ်။ အဲ့လိုမဟုတ်ရင် ထက်၊ အောက်၊ အလယ် ချိတ်ဆက်မှုမရှိဘဲ နိုင်ငံရေးတိုက်ပွဲမှာ ကျဆုံးသွားမှာ စိုးရိမ်စရာ ဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒါမျိုး နောက်ထပ်မဖြစ်ရလေအောင် ကြိုးစားဆောင်ရွက်ကြဖို့နဲ့ ထိန်းချုပ်မှု Machanism ကို အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် မပြောရဲမဆိုရဲနဲ့ ကွဲမှာလည်းကြောက်ကြရ၊ မိတ်ဆွေဖြစ်ချင်တာလည်း ရန်သူဖြစ်တတ်တဲ့အတွက် ကျွန်တော်တို့ဟာ အချင်းချင်း အရမ်းကိုချစ်ကြပြီး Gentleman အဖွဲ့အစည်း လိုဖြစ်နေတယ်။ အဖွဲ့အစည်းမှာ အဲ့ဒါမျိုးနဲ့ အလုပ်လုပ်လို့မရဘူး။ ကျွန်တော့်အနေနဲ့ တကယ့်တော်လှန်ရေးအဖွဲ့အစည်းဖြစ်ဖို့အတွက် ယဉ်ကျေးမှုအသစ်တစ်ခု သွတ်သွင်းရမယ်လို့ မြင်ပါတယ်။ အဲ့ဒါကြောင့် ပွင့်လင်းမှု၊ ပြတ်သားမှု၊ ရိုးသားမှုနဲ့ အပြန်အလှန် ယုံကြည်အသိအမှတ်ပြုမှုရှိကြဖို့ ထပ်ပြီး တိုက်တွန်းလိုပါတယ်။ ဗီယက်နမ်တို့ တိုက်ပွဲအောင်နိုင်ခြင်းဟာ သူတို့အတွင်းမှာ တိုက်ပွဲတွေ အကြိတ်အနယ် တိုက်ခိုက်အောင်မြင်လို့ အပြင်တိုက်ပွဲတွေလည်း အောင်မြင်တာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီနေ့ အပြောင်းအလဲတစ်ခုကို ရင်ဆိုင်နေရတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ အဲဒါထက် ကမ္ဘာမှာ ပြောင်းလဲမှုဖြစ်နေတာကတော့ ကမ္ဘာ့လူသားတိုင်းမှာဖြစ်နေတဲ့ Information Revolution ဖြစ်ပါတယ်။ အဲ့ဒါတွေကို အသုံးချပြီး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတွေ၊ စနစ်တွေမှာ တော်လှန်ရေးလက်နက်တွေဖြစ်တယ်။ ယခု အမေရိကန် လူငယ်တွေမှာ တော်တော်ကိုပြောင်းလဲနေပြီ၊ အရင်ကအတွေး အခေါ်ဟောင်းတွေ သူတို့မှာ မရှိတော့ဘူး။ ဥရောပမှာလည်း ထိုနည်းလည်းကောင်းပဲ။ ဘာကြောင့်လည်းဆိုရင် အသစ်သော Information tool, Communication tool လက်နက်ကိရိယာတွေကြောင့် အသစ်သော လုပ်ပုံလုပ်နည်းတွေ၊ Management ပုံစံတွေ ပေါ်လာရာကနေ အသစ်သော အတွေးအခေါ်၊ အုပ်ချုပ်ပုံအုပ်ချုပ်နည်းတွေ၊ နိုင်ငံရေးစနစ်တွေကို တွေးခေါ်လာကြတယ်။ ဒါတွေဟာ ကျွန်တော်တို့ ချင်းပြည်၊ ချင်းလူမျိုးတွေမှာလည်း ဖြစ်နေတယ်။ ခေတ်က Network revolution ခေတ်ကို ရောက်လာချိန်မှာ ဘာမဆိုဖုံးထားလို့မရတဲ့အဆင့် Sharing ခေတ်ရောက်နေပြီဖြစ်တဲ့အတွက် ဘာမဆိုအရင်ကလို လျှို့ဝှက်ချက်တွေထားလို့ မရတော့ဘူး။ ဒါကြောင့် ချင်းပြည်နယ်တစ်ခုလုံး Information Society, Knowlegde Society ဖြစ်အောင် ချင်းအမျိုးသားတပ်ဦးကနေ ဦးဆောင်ပြီး အမြန်ဆုံးလုပ်ဖို့ လိုအပ်ပါတယ်၊ အဲ့လိုမဟုတ်ရင် တိုးတက်နေတဲ့ Information ခေတ်ကြီးက ကျွန်တော်တို့တစ်ခုလုံး ဆုတ်ပြဲသွားအောင် တိုက်ခိုက်ခံနိုင်တဲ့အတွက် အားလုံးနိုးကြားကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

၀၀၀၀၀

## အရုံသဘာပတိ Pu Zo Tum Hmung ၏ ပဋ္ဌမနေ့ ညီလာခံ အဖွင့်မိန့်ခွန်း

**ရက်စွဲ၊ ၃၀-၁-၂၀၁၆**

ချင်းအမျိုးသားတပ်ဦး ဆဌမအကြိမ် ပါတီညီလာခံ ပဋ္ဌမနေ့တွင် သဘာပတိအနေဖြင့် အဖွင့်မိန့်ခွန်းပြောကြားခွင့်ရရှိတဲ့အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ငါးရက်တာ ညီလာခံအတွင်း စားရေးသောက်ရေး၊ နေရေးထိုင်ရေး အစစအရာရာ ကြည့်ရှုစောင့်ရှောက်ပေးခဲ့တဲ့ တာဝန်ရှိပုဂ္ဂိုလ်များအပေါ် အထူးဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

အထူးသဖြင့် ဆဋ္ဌမအကြိမ်ပါတီညီလာခံမှ နောက်လေးနှစ်တာကာလ ချင်းအမျိုးသားတပ်ဦးကို ဦးဆောင်ဖို့ ညီလာခံမှ တခဲနက် တာဝန်ပေးရွေးချယ်ခံရသော ဥက္ကဌသစ် ပူးဇင်ကျုံး အပေါ် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ လေးနှစ်တာကာလအတွင်း ချင်းအမျိုးသားတပ်ဦးကို အကောင်းဆုံးဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။ ထိုနည်းတူ ဗဟိုကော်မတီဝင်များအဖြစ် အသစ်ရွေးချယ်ခံရသော လူကြီးမင်းများအပေါ်လည်း များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကျရာကဏ္ဍအသီးသီးတွင် ကျရာတာဝန်များ အကောင်းဆုံး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ယနေ့ NCA လက်မှတ်ရေးထိုးခြင်းသည် ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးခြင်းမဟုတ်ပါ၊ အပစ်အခတ်ရပ်စဲရေးသာ ဖြစ်တယ်။ ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးနိုင်ဖို့အတွက်ဆိုလျှင် ကျွန်တော်တို့ လိုချင်တဲ့ ဒီမိုကရေစီ၊ ဖက်ဒရယ် ပြည်ထောင်စု၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိဖို့ လိုအပ်ပါတယ်။ ၎င်းအတွက် အချက် ၄ ချက်ဖြင့် အကြံပေးလိုပါတယ်။

ပထမအနေဖြင့် ထိုသို့ရရှိနိုင်ရန် ချင်းပြည်သူလူထုတရပ်လုံး၏ စုစည်းမှုအားကို သုံးတတ်ဖို့လိုပါတယ်။ ချင်းပြည်သူလူထုအင်အားဆိုရာမှာ ချင်းပြည်နယ်အတွင်းရှိပြည်သူလူထုသာမကပဲ ချင်းပြည်ပရှိ ချင်းအမျိုးသားအားလုံးကိုအသုံးပြုတတ်ဖို့ လိုပါတယ်။ ထိုသို့ အသုံးပြုနိုင်ရန် ချင်းတမျိုးသားလုံး စည်းလုံးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ချင်းအမျိုးသားတပ်မတော်၏ အင်အားကို အသုံးပြုတတ်ဖို့လိုပါတယ်။ ထိုကဲ့သို့ အသုံးပြုနိုင်ရန် ချင်းအမျိုးသားတပ်မတော်ဟာ စည်းလုံးသော တပ်မတော်၊ စည်းကမ်းရှိသော တပ်မတော်အဖြစ် တည်ဆောက်ဖို့ လိုအပ်မည်ဖြစ်သလို လက်နက်ခဲယမ်းအင်အား တောင့်တင်းပြီး နာခံမှုနှင့် စည်းကမ်းကောင်းမွန်ဖို့လည်း လိုအပ်ပါတယ်။

တတိယအချက်အနေဖြင့် မိမိတို့အနေဖြင့် မဟာမိတ်အင်အားကိုလည်း အသုံးပြုတတ်ဖို့လိုပါတယ်။ တပ်ပေါင်းစုဖြင့် အောင်ပွဲခံမည်ဟူသောဆောင်ပုဒ်အတိုင်းနိုင်ငံရေး၊စစ်ရေးအဖက်ဖက်တွင် မဟာမိတ်အင်အားကိုကောင်းမွန်စွာတည်ဆောက်ဖို့လိုပါတယ်။ မဟာမိတ်ဆိုရာမှာ NCA လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့များသာ မကပဲ NCA ကို လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ အဖွဲ့များကိုလည်း အတူလက်တွဲဖို့လိုပါတယ်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲမှာ NLD အနိုင်ရခြင်းဟာ NLD က USDP ကို အနိုင်ရခြင်းမဟုတ်ဘဲ ဒီမိုကရေစီမှ စစ်အာဏာရှင်စနစ်ကို အနိုင်ရရှိခြင်း၊ ဒါမှမဟုတ် ပြည်သူ့စုစည်းမှုအားဖြင့် အာဏာရှင်စနစ်ကိုအနိုင်ရရှိခြင်းသာလျှင် ဖြစ်ပါတယ်။ သို့ဖြစ်၍ ချင်းအမျိုးသားတပ်ဦးအနေဖြင့် အစိုးရပါတီနှင့် အဆင်ပြေအောင် ဆက်ဆံတတ်ဖို့ အရေးကြီးသလို ချင်းပြည်နယ်အစိုးနဲ့ပါ ပြေလည်ဖို့ အထူးလိုအပ်ပါတယ်။


နိဂုံးချုပ်အနေနဲ့ အဖွဲ့ဝင်အားလုံး မိမိတို့ ကျရာကဏ္ဍတာဝန်များတွင် အကောင်းဆုံး ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ဘုရားသခင်က လမ်းညွှန်မစပါစေကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

ကျေးဇူးတင်ပါတယ်။


## အခန်း (၃)

## ချင်းအမျိုးသားတပ်ဦး၏ ဖွဲ့စည်းတည်ဆောက်ပုံ


### ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မတီ ဖွဲ့စည်းမှု



## ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မတီ ဖွဲ့စည်းမှု



# ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မတီ ဖွဲ့စည်းမှု



## ဆဌမအကြိမ် ပါတီညီလာခံမှ ရွေးကောက်တင်မြှောက်သော ချင်းအမျိုးသားတပ်ဦး ခေါင်းဆောင်များ

### (က) ဥက္ကဌအဖွဲ့

| | |
|---|---|
| ၁။ ပူးဇင်ကျုံး | ဥက္ကဌ |
| ၂။ ပူး ထန်နန်လျန်းထန် | ဒုတိယဥက္ကဌ- ၁ |
| ၃။ ဒေါက်တာလျန်မှုန်ဆာခေါင်း | ဒုတိယဥက္ကဌ- ၂ |
| ၄။ ပူး ထန်းနိန်းကီး | ဒုတိယဥက္ကဌ- ၃ |

### (ခ) ဗဟိုတရားသူကြီးအဖွဲ့

| | |
|---|---|
| ၁။ ပူး သောမတ်(စ်) ထန်နီး | ဗဟိုတရားသူကြီးဥက္ကဌ |
| ၂။ ပူး လာလ်ရမ်းလော်မာ | ဗဟိုတရားသူကြီးအဖွဲ့ဝင် |
| ၃။ ဒုတိယဗိုလ်မှူးကြီး ခပေါင်း | ဗဟိုတရားသူကြီးအဖွဲ့ဝင် |

### (ဂ) အတွင်းရေးမှူးအဖွဲ့

| | |
|---|---|
| ၁။ ပူးထလာဟေး | အထွေထွေအတွင်းရေးမှူး |
| ၂။ ဒေါက်တာရွှေခါရ်း | လက်ထောက်အထွေထွေအတွင်းရေးမှူး- ၁ |
| ၃။ ပူး ခွါအုပ်လျန် | လက်ထောက်အထွေထွေအတွင်းရေးမှူး- ၂ |
| ၄။ ပူး ထက်နီ | လက်ထောက်အထွေထွေအတွင်းရေးမှူး- ၃ |

### (ဃ) ဗဟိုကော်မတီဝင်များစာရင်း

### (ဃ-၁) ပါတီထုမှ ဗဟိုကော်မတီဝင်များ

(၁) ပူး ပေါလ်ဆီထာ
(၂) ပူး အိတ်ချ်စီ ရာလ်နင်း
(၃) ဗိုလ်မှူးကြီး ဆော်လမွန်
(၄) ပူး ရှိခေါမာ
(၅) ဗိုလ်မှူးချုပ် ဟာရန်းသင်ထိုက်
(၆) ဗိုလ်မှူးကြီး သန်းထွန်း
(၇) ပူး လုထွန်း
(၈) ဒုတိယဗိုလ်မှူးကြီး ဖျက်လိန်း
(၉) ပူး မန်လိုင်း
(၁၀) ဗိုလ်မှူး ဟာရဲတလိန်း
(၁၁) ပူး ငိုင်ကြားထန်း
(၁၂) ပူး ဘီလ်ကျုံး
(၁၃) ဒုတိယဗိုလ်မှူးကြီး ဆန်လျန်းထန်
(၁၄) ပူး ပီတာလျန်
(၁၅) ပူး ထန်းလိန်းကီး
(၁၆) ပူး ရမ်ကုလ်ကျုံး
(၁၇) ဆလိုင်း ဖျက်ပုမ်

**(ဃ-၂) ပြည်ပ ဒေသကော်မတီကိုယ်စားပြု ဗဟိုကော်မတီဝင်များ**

| | |
|---|---|
| (၁) ပူး ဘွေကျုံး | အမေရိကန် ဒေသကော်မတီ |
| (၂) ပူး တလွန်ပဲန် | နော်ဝေ ဒေသကော်မတီ |
| (၃) ပူး ငွန်ကျုံးလျန် | ကနေဒါ ဒေသကော်မတီ |
| (၄) ပူး ပါမွှန် | ဩစတြေးလျ ဒေသကော်မတီ |
| (၅) ပူး သောခ်ကျဲအို | ဥရောပတိုက် ဒေသကော်မတီ |

**(ဃ-၃) အမျိုးသမီးကိုယ်စားပြု ဗဟိုကော်မတီဝင်များ**

(၁) မိုင် လဲန်းကီး
(၂) လျာ ကျင်ဇမ်ဝုန်
(၃) ပီး လားလ်မှတ်ဒိုင်ဖွာလ်အီး

**(ဃ-၃) အဓိပတိကောင်စီဝင်များ**

| | |
|---|---|
| (၁) ပူး ဟောင်ကန် | တွန်းဇံမြို့နယ် ကိုယ်စားပြု |
| (၂) ပူး ကိ(ပ်)ခိုလျန် | တီးတိန်မြို့နယ် ကိုယ်စားပြု |
| (၃) ဒေါက်တာ ဇလှေထန်း | ဖလမ်းမြို့နယ် ကိုယ်စားပြု |
| (၄) ပူး လျန်အုပ် | ဟားခါးမြို့နယ် ကိုယ်စားပြု |
| (၅) ပူး ဘွေလျန်းမန် | ထန်တလန်မြို့နယ် ကိုယ်စားပြု |
| (၆) ပူး ထန်ယဲန်း | မတူပီမြို့နယ် ကိုယ်စားပြု |
| (၇) ပူး အောင်လိန်းထန် | မင်းတပ်မြို့နယ် ကိုယ်စားပြု |
| (၈) ပူး နိုင်းထန်း | ကန်ပက်လက်မြို့နယ် ကိုယ်စားပြု |
| (၉) ပူး မန်လိန်း | ပလက်ဝမြို့နယ် ကိုယ်စားပြု |
| (၁၀) ပူး ဝုန်ဇခိုင် | ထာဒိုမျိုးနွယ်စု ကိုယ်စားပြု |
| (၁၁) ပူး လာလ်ရမ်းလော်မာ | မီဇိုမျိုးနွယ်စု ကိုယ်စားပြု |
| (၁၂) အရှိုချင်းမျိုးနွယ်စု ကိုယ်စားပြု | (ရွေးချယ်စေလွှတ်ခြင်းမရှိသေး) |

**(၁) ဗဟိုကော်မတီကို ပါတီထုပ္ပ (ဥက္ကဋ္ဌအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့အပါအဝင်) (၂၅) ဦး၊ ပါတီဒေသကော်မတီမှ (၅) ဦး၊ အမျိုးသမီး (၃) ဦး၊ မျိုးနွယ်စုကိုယ်စားပြု အဓိပတိကောင်စီဝင် (၁၂) ဦး၊ စုစုပေါင်း (၄၅) ဦးဖြင့် ဖွဲ့စည်းသည်။**

**(၂) အဓိပတိကောင်စီကို ချင်းပြည်နယ်အတွင်းရှိ မြို့နယ် (၉) မြို့နယ်မှ မြို့နယ်ကိုယ်စားပြု (၁)ဦးစီနှင့် ချင်းပြည် နယ်ပြင်ပ ရှိ(ထာဒို၊ မီဇို၊ အရှိုချင်း) မှ မျိုးနွယ်ကိုယ်စားပြု ကိုယ်စားလှယ် (၁) ဦးစီ၊ စုစုပေါင်း (၁၂) ဦးဖြင့် ဖွဲ့ စည်းထားသည်။**

### (င) ရွေးကောက်ပွဲကော်မရှင်များ

| | |
|---|---|
| (၁) ပူး ဇစ်တာ ဖျက်လျန် | (အဖွဲ့ခေါင်းဆောင်) |
| (၂) သိက္ခာတော်ရ တလွန်ဟာရဲ | ( အဖွဲ့ဝင် ) |
| (၃) Chin Chin Pek Thang | ( အဖွဲ့ဝင် ) |
| (၄) Lalremruata | ( အဖွဲ့ဝင် ) |
| (၅) ဆလိုင်း ငွန်လျန်ဆန်း | ( အဖွဲ့ဝင် ) |

### (င) နာယက နှင့် အကြံပေးပုဂ္ဂိုလ်များ

| | |
|---|---|
| (၁) ပူး သောမတ်(စ်)ထန်နိုး | နာယက |

## အကြံပေးပုဂ္ဂိုလ်များ

**ဆဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်းအတွင်း ချင်းအမျိုးသားတပ်ဦး၏ အကြံပေးပုဂ္ဂိုလ်များမှာ-**

**(၁) ဥပဒေရေးရာ အကြံပေးအဖွဲ့**
- Professor David William
- Jason Gelbort

**(၂) စစ်ရေး အကြံပေးအဖွဲ့**
- ဗိုလ်မှူး(ငြိမ်း) ထောင်ဇလျန်း
- Christine Gould

**(၃) စည်းရုံးရေးနှင့် မဟာဗျူဟာရေးရာ အကြံပေးအဖွဲ့**
- ပူး ဒေနီယာလ် ဆာခေါင်း
- ပူး ဘင်ဂျမင် သူရိန်

**(၄) ဘဏ္ဍာရေး အကြံပေးအဖွဲ့**
- ဇစ်တာ ဖျက်လျန်
- ဆလိုင်း အိုင်ဇက်ခင်
- ပူး ထန်းရိုန်း

**(၅) မဟာမိတ်နှင့် နိုင်ငံခြားရေးရာ အကြံပေးအဖွဲ့**
- ပူး ဇိုသုမ်မှုန်
- မိုင် ချင်းချင်းပက်ထန်း

**စာရင်းစစ် အဖွဲ့**

- ပူး ပေါလ်ဆီထာ ( အဖွဲ့ခေါင်းဆောင်)
- ပူး နိုင်းထုန် ( အဖွဲ့ဝင် )
- ပူး ဝုန်ဇခိုင် ( အဖွဲ့ဝင် )

# ချင်းအမျိုးသားတပ်ဦး၏ ဌာနဆိုင်ရာ အတွင်းရေးမှူးနှင့် လက်ထောက်အတွင်းရေးမှူးများ

**(၁) ကာကွယ်ရေးနှင့် လုံခြုံရေးဌာန**

ဗိုလ်မှူးကြီး ဆော်လမွန် ( အတွင်းရေးမှူး )

**(၂) စီးပွားရေးဌာန**

ဆလိုင်းရမ်ကုလ်ကျုံး ( အတွင်းရေးမှူး )
ပူး ငိုင်းကြားထန်း ( လက်ထောက်အတွင်းရေးမှူး (၁) - ခိုနမ်းသုန်ကုမ္ပဏီ)
ဆလိုင်း ပီတာလျန် ( လက်ထောက်အတွင်းရေးမှူး (၂) - နယ်စပ်ကုန်သွယ်ရေး)

**(၃) ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဌာန**

ဆလိုင်း ဘွေလျန်းမာန် ( အတွင်းရေးမှူး )
ပူး လှထွန်း ( လက်ထောက်အတွင်းရေးမှူး )

**(၄) အခွန် နှင့် ဘဏ္ဍာရေးဌာန**

ပူး ရှိုခေါ်မာ ( အတွင်းရေးမှူး )
ပူး ကုန်လိန်း ( လက်ထောက်အတွင်းရေးမှူး )

**(၅) နိုင်ငံခြားရေး နှင့် မဟာမိတ်ရေးရာဌာန**

ပူး ပေါလ်ဆီထာ ( အတွင်းရေးမှူး )
ဆလိုင်း ဒေနီယဲလ်ဆာခေါင်း ( လက်ထောက်အတွင်းရေးမှူး )

**(၆) ပါတီရေးရာ ဌာန**

ပူး အိတ်ချ်စီ ရာလ်နင်း ( အတွင်းရေးမှူး )
ပူး ဘီလ်ကျုံး ( လက်ထောက်အတွင်းရေးမှူး - ယဉ်ကျေးမှု၊ စည်းရုံးရေး )
ဗိုလ်ခင်မောင်လေး (လက်ထောက်အတွင်းရေးမှူး- သတင်းပြန်ကြားရေး၊ မိသားစု)

**(၇) ပညာ၊ ကျန်းမာ နှင့် ပြည်သူ့ရေးရာ ဌာန**

ဆလိုင်း ဖျက်ပုမ် ( အတွင်းရေးမှူး )
ပူး ထန်းလိန်းကီး (လက်ထောက်အတွင်းရေးမှူး - ပညာ၊ ကျန်းမာ)
ပီးလာလ်မုတ်ဒိုက်ဖွာလ်အီး (လက်ထောက်အတွင်းရေးမှူး- ပြည်သူ့ရေးရာ )

# ချင်းအမျိုးသားတပ်ဦး (CNF) ၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ

## နိဒါန်း

ချင်းအမျိုးသားတပ်ဦး(CNF)၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များသည် ဆဋ္ဌမအကြိမ်မြောက် ပါတီညီလာခံကြီးတွင် ချမှတ်ထားသည့် မဟာဗျူဟာနှင့် နည်းဗျူဟာ ဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည်။

## ၁။ ချင်းအမျိုးသားတပ်ဦး(CNF)၏ငြိမ်းချမ်းရေးဆိုင်ရာမဟာဗျူဟာ

(က) မဟာဗျူဟာအဖြစ် တပ်ဦး၏ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဖြင့် ရရှိရေး၊

## ၂။ ချင်းအမျိုးသားတပ်ဦး (CNF) ၏ ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံမူများ

(က) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအစုအဖွဲ့ အသီးသီးတွင် ပါဝင်သော ချင်းအမျိုးသားများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့တင်သွင်းမည့်အဆိုပြုလွှာများနှင့် ပတ်သက်ပြီး ချင်းအမျိုးသားတို့၏ ဘုံရပ်တည်ချက် ရရှိနိုင်ရေးအတွက် CNF ဦးဆောင်မှုဖြင့် လုပ်ဆောင်ရန်၊

(ခ) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ စေလွှတ်မည့် တပ်ဦး၏ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် တပ်ဦး၏ မူဝါဒကို အခြေခံပြီး အဆိုပြုလွှာများအပေါ် ထိရောက်စွာဆွေးနွေးဆုံးဖြတ်နိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်စေလွှတ်ရန်၊

(ဂ) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ပြည်သူလူထုထံသို့ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေးနှင့် အဆိုပြုချက်များ ရယူနိုင်ရေးအတွက် ယန္တရားတည်ဆောက်ရန်၊

(ဃ) ချင်းအမျိုးသားတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဘဏ္ဍာရေးအထောက်အပံ့ ပေးနိုင်ရန်အလို့ငှာ The Chin Peace Fund ကို တည်ထောင်သွားရန်၊

## ၃။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပုံကျင်းပနည်း

(က) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ပထမအကြိမ်ကျင်းပသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပပြီးပြီးချင်း စောလျင်စွာ ကျင်းပရမည်။

(ခ) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့်ကဏ္ဍကြီး (၆) ခုမှ တိုင်းရင်း သားလူမျိုးများနှင့် သက်ဆိုင်သောကိစ္စရပ်များကို တိုင်းရင်းသားလူမျိုးအလိုက် သီးခြားစီဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အချင်းချင်းစုပေါင်း၍ သော်လည်းကောင်း ကျင်းပနိုင်သည်။

(ဂ) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် နိုင်ငံသားအများစုနှင့်ဆိုင်သော ကိစ္စရပ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များတွင် သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအဆင့်တွင် သော်လည်းကောင်း ကျင်းပနိုင်သည်။

(ဃ) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းနှင့် သက်ဆိုင်သောကိစ္စရပ်

များကိုသော်လည်းကောင်း၊နိုင်ငံသားအများစုနှင့်သက်ဆိုင်သော ကိစ္စရပ်များကိုသော်လည်းကောင်း ဆွေးနွေးရာတွင်အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှသော်လည်းကောင်း၊အစုအဖွဲ့များစုပေါင်း၍ သော်လည်းကောင်း ကျင်းပနိုင်သည်။

(င) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်ကဏ္ဍကြီး (၆) ခုမှ တိုင်းရင်းသားလူမျိုးများနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ နိုင်ငံသားအများစုနှင့်သက်ဆိုင်သောကိစ္စရပ်များကိုပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် သော်လည်းကောင်း၊ တစ်နိုင်ငံလုံး အဆင့်တွင် သော်လည်ကောင်း ကျင်းပနိုင်သည်။

## ၄။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ရမည့် အဖွဲ့အစည်းများ

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်အခန်း (၁) အပိုဒ် ၁(ဆ) နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အခန်း (၂) အပိုဒ် (ဆ) တို့တွင် ဖော်ပြထားသည့်အတိုင်း ပါဝင်သင့်သူများအားလုံး ပါဝင်နိုင်သည့် 'မူ'ကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများမှ ဆွေးနွေးမည့်ကဏ္ဍကြီး (၆) ခုတွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်လျော်သလို ပါဝင်ဆွေးနွေးနိုင်သည်။

## ၅။ ဆွေးနွေးရမည့် အကြောင်းအရာများ

### (က) နိုင်ငံရေး

(၁) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊

(၂) တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များ၊

(၃) နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့်ဥပဒေပြုရေးအာဏာ၊အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှု ရှိစေခြင်းနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊

(၄) ပြည်ထောင်စုအထွေထွေအုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲရေး၊

(၅) ရွေးကောက်ပွဲဝင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊

(၆) တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊

### (ခ) လူမှုရေး

(၁) တိုင်းရင်းသားလူမျိုးများ၏ သမိုင်းဖော်ထုတ်သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းဆိုင်ရာကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊

(၂) ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ၊

(၃) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(၄)လူ့အခွင့်အရေး၊ ကျား-မ တန်းတူညီမျှရေးနှင့် လူသားချင်း စာနာမှုဆိုင်ရာ ကိစ္စရပ် များ၊

(၅) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကာကွယ်တားဆီးရေးနှင့်ပညာပေးရေးဆိုင်ရာကိစ္စရပ်များ၊

**(ဂ) စီးပွားရေး**

(၁) အမျိုးသားစီးပွားရေး မူဝါဒဆိုင်ရာ ကိစ္စရပ်များ၊
(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊
(၃) အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း၊
(၄) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊
(၅) ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒ ကိစ္စရပ်များ၊

**(ဃ) လုံခြုံရေး**

(၁) နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊
(၂) လုံခြုံရေးဆိုင်ရာ ပေါင်းစည်းရေး ကိစ္စရပ်များ၊

**(င) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ကိစ္စရပ်များ**

(၁) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊

**(စ) အထွေထွေ**

## ၆။ အကြောင်းအရာအလိုက် ဖွဲ့စည်းရမည့် လုပ်ငန်းကော်မတီများ

(က) နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ခ) လူမှုရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ဂ) စီးပွားရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ဃ) လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ
(င) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(စ) အထွေထွေလုပ်ငန်းကော်မတီ

## ၇။ ချင်းအမျိုးသားတပ်ဦး(CNF)၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ (CPSC)

(၁) ပူး သောမတ်(စ်)ထန်နီး
(၂) ပူး ဇင်ကျုံး
(၃) ပူး ထန်နန်လျန်းထန်
(၄) ဒေါက်တာ လျန်မှုန်ဆာခေါင်း
(၅) ပူး ထန်းနိန်းကီး
(၆) ပူး ထလာဟေး
(၇) ဒေါက်တာ ရွှေခါရ်း
(၈) ပူး ခွါအုပ်လျန်
(၉) ပူး ထက်နီ

**ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များ**

**နိုင်ငံရေးကဏ္ဍ**

(၁) ဒေါက်တာလျန်မှုန်းဆာခေါင်း (ကိုအော်ဒီနေတာ)
(၂) ပူး လျန်အုပ်
(၃) ပူး ထန်းနိန်းကီး
(၄) ပူး လာလ်ရမ်းလော်မာ
(၅) ပူး ရာလ်နင်း
(၆) ပီး သဲအီး
(၇) ဆလိုင်း အောင်လိန်းထန်း
(၈) ဆလိုင်း ရမ်ကုလ်ကျုံး

**စီးပွားရေးကဏ္ဍ**

(၁) ဆလိုင်းထလာဟေး (ကိုအော်ဒီနေတာ)
(၂) ပူး ခွါအုပ်လျန်
(၃) ပူး နန်လျန်းထန်
(၄) ပူး ဘီလ်ကျုံး
(၅) ဆလိုင်း ပီတာလျန်
(၆) ပူး မန်လိုင်း
(၇) ပူး ထန်းလိန်းကီး
(၈) ပူး ဝုန်ဇခိုင်
(၉) ဒုတိယဗိုလ်မှူးကြီး ဆန်လျန်းထန်

### လူမှုရေးကဏ္ဍ

(၁) ပူး ပေါလ်ဆီထာ (ကိုအော်ဒီနေတာ)
(၂) ပူး ငိုင်းကြားထန်း
(၃) ပီး လဲန်ကီး
(၄) လျာ ကျင်ဇာမ်ဝုန်
(၅) ပူး နိုင်းထုန်
(၆) ပူး ထန်ယဲန်း
(၇) ဆလိုင်း ဖျက်ပုမ်
(၈) ပူး လျှန်အုပ်
(၉) ဒေါက်တာ ဇလျှေထန်း၊

### မြေယာနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ

(၁) ပူးလာလ်ရမ်းလော်မာ (ကိုအော်ဒီနေတာ)
(၂) ဒေါက်တာရွှေခါရ်း
(၃) ပူး ထက်နီ
(၄) ပူး လျှန်အုပ်
(၅) ပူး ဟောက်ကန်
(၆) ဆရာ ပါမွှန်

### လုံခြုံရေးကဏ္ဍ

(၁) ပူး သောမတ်စ်ထန်နီး (ကိုအော်ဒီနေတာ)
(၂) ပူး ထောင်ဇာလျှန်း
(၃) ပူး လှထွန်း
(၄) ပူးဆော်လမွှန်
(၅) ဗိုလ်မှူးချုပ် ဟရန်သင်ထိုက်
(၆) ဗိုလ်မှူးကြီး သန်းထွန်း
(၇) ဗိုလ်မှူးကြီး ဖျက်လိန်း
(၈) ဒုတိယဗိုလ်မှူးကြီး ဟရဲတလိန်း
(၉) ဒုတိယဗိုလ်မှူး ခါပေါင်း
(၁၀) ဆလိုင်း အောင်လိန်းထန်း
(၁၁) ပူး တလွှန်ပဲန်

### အထွေထွေ ကဏ္ဍ

(၁) ဆလိုင်းဘွေလျှန်းမန် (ကိုအော်ဒီနေတာ)
(၂) ပူး ရှိခေါမာ
(၃) ပူး လျှန်အုပ်
(၄) ပူး ဗိုသုမ်မှုန်
(၅) ပူး ဘွေကျုံး
(၆) ပူး ငွန်ကျုံးလျှန်
(၇) ပူး သောခ့်ကျဲအို
(၈) ပူး ဒေနီယဲလ် ဆာခေါင်း

**အဖွဲ့ဝင်တိုင်းသည် မိမိကိုယ်တိုင်စာတမ်းပြုစုရမည့်အပြင် တခြား စာတမ်းများကို မေလ မတိုင်ခင်စုစည်းလျက် စာတမ်းမူကြမ်း ပြုစုရမည် ဖြစ်သည်။**

၀၀၀၀၀

**စာမျက်နှာ (၂၇) မှအဆက်**

**(ဂ) အပြာရောင်**

အပြာရောင်သည် ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ တည်ငြိမ်ခြင်း၊ သစ္စာတည်ခြင်းကို ဖော်ဆောင်သည်။ ချင်းလဲန်းနှင့် ချင်းအမျိုးသားထုအတွင်း ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ စိတ်နှလုံးအေးမြခြင်းတို့ကို ဖော်ထုတ်နိုင်ရေးနှင့် ချင်းအမျိုးတို့၏ တည်မြဲသော သစ္စာတရားတို့ကို ဖော်ပြသည့် အမှတ်အသား ဖြစ်သည်။

**(ဃ) အောက်ချင်းငှက်**

အောက်ချင်းငှက်သည် ချင်းအမျိုးသားတို့၏ အမှတ်သင်္ကေတအဖြစ်ရှေးဦးမဆွကပင်အသုံးပြုပြီးဖြစ်ပြီးချင်းအမျိုးသားတို့၏ရိုးသားမှု၊ ယုံကြည်စိတ်ချတတ်သည့် စိတ်ဓါတ်ရှိမှုနှင့် ခံနိုင်ရည်ရှိမှုကို ဖော်ကျူးထားခြင်းဖြစ်သည်။ ချင်းအမျိုးသားတို့သည်မိမိတို့အကြားတွင်သာမကကမ္ဘာသူကမ္ဘာသားများနှင့် အတူယှဉ်တွဲနေထိုင်ရာတွင် ရိုးရိုးသားသား၊ သစ္စာရှိရှိ ဆက်ဆံမှုများ ပြုလုပ်သွားမည့်နည်းတူ ကမ္ဘာသူကမ္ဘာသားများ၏ ယုံကြည်စိတ်ချမှု၊ အားကိုးယုံကြည်မှုကိုပါ တည်ဆောက်သွားမည့် အမှတ်အသားအဖြစ် အသုံးပြုခြင်း ဖြစ်သည်။

၀၀၀၀၀

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ အခြေခံလမ်းညွှန်မှုများ

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အခန်း (၄) အပိုဒ် (၄.၁) အရ အောက်ပါအတိုင်း ကျင်းပရမည်။

## ကျင်းပပုံ ကျင်းပနည်း

(၁) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ပထမအကြိမ်ကျင်းပသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပပြီးပြီးချင်း စောလျင်စွာ ကျင်းပရမည်။

(၂) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် ကဏ္ဍကြီး (၆) ခုမှ တိုင်းရင်းသား လူမျိုးများနှင့် သက်ဆိုင်သော ကိစ္စရပ်များကို တိုင်းရင်းသားလူမျိုးအလိုက် သီးခြားစီဖြင့် သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အချင်းချင်း စုပေါင်း၍ သော်လည်းကောင်း ကျင်းပနိုင်သည်။

(၃) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် နိုင်ငံသားအများစုနှင့်ဆိုင်သော ကိစ္စရပ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်များတွင် သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအဆင့်တွင် သော်လည်းကောင်း ကျင်းပနိုင်သည်။

(၄) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များကိုသော်လည်းကောင်း၊ နိုင်ငံသားအများစုနှင့် သက်ဆိုင်သော ကိစ္စရပ်များကိုသော်လည်းကောင်း ဆွေးနွေးရာတွင် အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ သော်လည်းကောင်း၊ အစုအဖွဲ့များ စုပေါင်း၍ သော်လည်းကောင်း ကျင်းပနိုင်သည်။

(၅) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် ကဏ္ဍကြီး (၆) ခုမှ တိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ နိုင်ငံသားအများစုနှင့် သက်ဆိုင်သော ကိစ္စရပ်များကိုပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် သော်လည်းကောင်း၊ တစ်နိုင်ငံလုံး အဆင့်တွင် သော်လည်ကောင်း ကျင်းပနိုင်သည်။

## ပါဝင်မည့် အဖွဲ့အစည်းများ

(၆) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အခန်း (၁) အပိုဒ် (၁၊ ဆ) နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အခန်း (၂) အပိုဒ် (ဆ) တို့တွင် ဖော်ပြထားသည့်အတိုင်း "ပါဝင်သင့်သူများအားလုံး ပါဝင်နိုင်သည့် 'မူ' ကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများမှ ဆွေးနွေးမည့် ကဏ္ဍကြီး (၆) ခုတွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်လျော်သလို ပါဝင်ဆွေးနွေးနိုင်သည်။

## လုပ်ငန်းကော်မတီများ

(၇) အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင်ဆွေးနွေးရမည့် အကြောင်းအရာအလိုက် လုပ်ငန်းကော်မတီများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အပိုဒ် (၇.၂.၄) အရ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကိုယ်စားလှယ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်။

(က) နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ
(ခ) လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ
(ဂ) စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ
(ဃ) လုံခြုံရေး ကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ
(င) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ
(စ) အထွေထွေ လုပ်ငန်းကော်မတီ

(၈) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် ကဏ္ဍကြီး (၆) ခုမှ လူမျိုးတစ်မျိုးချင်း နှင့်ဆိုင်သော ကိစ္စရပ်များကို လူမျိုးအလိုက်ဆွေးနွေးရာတွင် သော်လည်းကောင်း၊ ဒေသတစ်ခုချင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဒေသအလိုက် ဆွေးနွေးရာတွင် သော်လည်းကောင်း၊ နိုင်ငံသားအများစုနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ပြည်နယ်၊ တိုင်းဒေသကြီးနှင့် တစ်နိုင်ငံလုံးအဆင့်တွင် ဆွေးနွေးရာတွင်သော်၎င်း၊ အစုအဖွဲ့အလိုက် ဆွေးနွေးမှုများကို ကျင်းပရာတွင် သော်လည်းကောင်း၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲများ ကျင်းပရာတွင် သော်လည်းကောင်း ဆွေးနွေးမှုများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက ကူညီဆောင်ရွက်ပေးနိုင်သည်။

(၉) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် သက်ဆိုင်ရာကဏ္ဍအလိုက်လူမျိုးတစ်မျိုးချင်းအနေနှင့်သော်လည်းကောင်း၊ ဒေသတစ်ခုချင်းစီမှသော်၎င်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သော်လည်းကောင်း၊ အဆိုပြုချက်များ၊ အကြံပြုချက်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှတဆင့် အတွင်းရေးမှူးအဖွဲ့က ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးဆုံးဖြတ်ချက် ချမှတ်နိုင်ရန် တင်ပြရမည်။

## သက်တမ်း

(၁၀) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ သက်တမ်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သက်တမ်းအတိုင်း ဖြစ်စေရမည်။

## အထွေထွေ

(၁၁)အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အစုအဖွဲ့ တစ်ဖွဲ့ချင်းစီမှ သော်လည်းကောင်း၊ အစုအဖွဲ့များ စုပေါင်း၍ သော်လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ကျင်းပဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ ဒေသတွင်းတည်ငြိမ်မှု၊ လုံခြုံမှုများ မထိခိုက်စေရေးအတွက် အစုအဖွဲ့များမှ တာဝန်ယူ ဆောင်ရွက်ရမည်။

(၁၂) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ အခြေခံလမ်းညွှန်မှုများကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြင်ဆင်ဖြည့်စွက်ချက်များနှင့် အညီ ပြင်ဆင် ဖြည့်စွက်နိုင်သည်။

၀၀၀၀၀

**ချင်းအမျိုးသားတပ်ဦး၏ ဆက်ဆံရေးရုံး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်**

၁။ ပြည်နယ်/ ပြည်ထောင်စုအဆင့်တွင် ရရှိထားပြီးဖြစ်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အားထိန်းသိမ်းရန်နှင့် အကောင်အထည်ဖေါ် ဆောင်ရွက်ရန်၊
၂။ ထာဝရတည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအား အထောက်အကူပြုနိုင်ရန်အတွက် ပြည်သူ့ တွေ့ဆုံဆွေးနွေးမှုအား လိုအပ်သလို ပြုလုပ်ရန်၊
၃။ ပြည်သူများ၏ လုပ်နိုင်စွမ်းရည်မြင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ပြီး ဒီမိုကရေစီ၊ ဖက်ဒရယ်ပညာရပ်များအား အသိပေးဖော်ဆောင်သွားရန်၊
၄။ ပြည်သူများ၏ လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် သတင်းအချက်အလက် စုဆောင်းမှုများပြုလုပ်ပြီးပြည်သူများ တင်ပြလိုသည့် ကိစ္စရပ်များအား အရေးတယူလက်ခံ ဖြေရှင်း ပေးသွားရန်၊
၅။ အစိုးရနှင့် ချင်းအမျိုးသားတပ်ဦး အကြားဆက်ဆံရေး ပြေပြစ်ချောမွေ့ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

# ဥက္ကဋ္ဌသစ် ပူးဖင်ကျိုး၏ ကျေးဇူးတင်စကား



ဒီကနေ့ ချင်းအမျိုးသားတပ်ဦးရဲ့ (၆) ကြိမ်မြောက်ညီလာခံမှာ တက်ရောက်လာကြတဲ့ ပါတီဝင်ကိုယ်စားလှယ်များခင်ဗျား အခုလို (၆) ကြိမ်မြောက်ပါတီညီလာခံမှ ကျေးဇူးတင်စကားပြောကြားခွင့် ရရှိတဲ့အတွက် အထူးကျေး ဇူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။

ညီလာခံဖြစ်မြောက်ရေးအတွက် အဓိကတာဝန်ယူနေတဲ့ ကျင်းပရေးကော်မတီအပေါ်မှာ အထူးကျေးဇူးတင်ရှိပါတယ်။ ထိုနည်းလည်းကောင်း ညီလာခံကို အနယ်နယ်အရပ်ရပ်က မအားမလပ်တဲ့ကြားကနေ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ နောက်ပြီး ညီလာခံဖြစ်မြောက်ရေးအတွက် ချက်ပြုတ်ရေး၊ ထင်းကအစ အစစအရာရာ ကူညီပေးသွားကြတဲ့ အနီးအနားက ရွာသူရွာသားများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ နောက်ပြီး ဒီညီလာခံကြီး ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီပေးကြတဲ့ ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားများ၊ ချင်းပြည်သူများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ သူတို့ ပံ့ပိုးမှု၊ ထည့်ဝင်တဲ့ငွေတွေမပါဘဲ ဒီညီလာခံကို ကျင်းပနိုင်မှာ မဟုတ်ပါဘူး၊ ဒါ့အပြင် ငွေကြေးအားဖြင့် လှူဒါန်းသွားကြတဲ့ အလှူရှင်များကိုလည်း အထူးကျေးဇူးဥပကာရတင်ရှိကြောင်း ပြောကြားလိုပါတယ်။ နောက်ပြီး ဒီညီလာခံမှာ Observer အဖြစ် တက်ရောက်လာသူများအပေါ်မှာလည်း အထူးကျေးဇူးတင်ရှိပါတယ်။ သူတို့ရဲ့ တင်ပြဆွေးနွေး အကြံပြုချက်များဟာ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများအတွက် အင်မတန်မှ အကျိုးဖြစ် အကျိုးပြုမယ့်အရာတွေ ဖြစ်တဲ့အတွက် သူတို့ရဲ့ ပါဝင်မှုကို အသိအမှတ်ပြု လေးစားပါတယ်။

ထို့အပြင်ဒီကနေ့ရွေးကောက်ပွဲကိုအောင်အောင်မြင်မြင်ပြုလုပ်ပေးတဲ့ရွေးကောက်ပွဲကော်မရှင်အပေါ်မှာလည်း အထူးကျေးဇူးတင်ရှိပါတယ်။ နောက်ပြီး သဘာပတိအဖြစ်သော်လည်းကောင်း၊ အကျိုးဆောင်အဖြစ်သော်လည်းကောင်း၊ ရုံးလုပ်ငန်းနဲ့ လုံခြုံရေးတာဝန်များကို ယူပေးတဲ့ တာဝန်ရှိသူများအားလုံးအပေါ်မှာလည်း အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကိုယ့်တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်းအားဖြင့် ညီလာခံကြီး အောင်အောင်မြင်မြင် ပြီးဆုံးတာကို ပြသခြင်းဖြစ်ပါတယ်။ တချို့တနေရာမှာ လစ်ဟာသွားရင် အင်မတန်မှ ကြီးလေးတဲ့ အားနည်းချက်မျိုးဖြစ်ပေါ်တတ်ပါတယ်။ အဲ့ဒါကြောင့် ရှေ့ဆက်သွားရမယ့် ကျွန်တော်တို့ရဲ့ ခရီးစဉ်မှာ ဒီညီလာခံကြီး အောင်အောင်မြင်မြင်ပြီးဆုံးသွားတဲ့ သာဓကကိုယူပြီး အယောက်စီတိုင်းက ကိုယ့်ပခုံးပေါ် ကျရောက်လာတဲ့တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြခြင်းအားဖြင့် ကျွန်တော်တို့ လိုချင်နေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အမြန်အရ ဆုပ်ကိုင်နိုင်လိမ့်မယ်လို့ ဒီသာဓကက ညွှန်ပြနေပါတယ်။ အားလုံးအားလုံးကို ကျေးဇူးတင်ရှိကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။

ဒုတိယအနေနဲ့လွန်ခဲ့တဲ့လေးနှစ်တာကာလအတွင်းကျွန်တော်တို့ချင်းသမိုင်း၊ချင်းအဝန်းအဝိုင်းမှာဖခင်ကြီးများ သဖွယ်အားကိုးခဲ့ရတဲ့ကျွန်တော်တို့ခေါင်းဆောင်ကြီး (၄) ဦးကိုလည်းအလေးဂရုပြုဂါရဝပြုကြောင်း ပြောကြားလိုပါတယ်။ သူတို့ ဦးဆောင်ဦးရွက်မှုကြောင့် ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးဟာ ပိုမိုပြီးစုစည်းလာတာကို တွေ့ရပါတယ်။ ဒီကနေ့ အထက်မှအောက်၊ အနောက်မှတောင်၊ ပြည်တွင်းပြည်ပနဲ့ ချင်းပြည်တဝှမ်းမှာရှိတဲ့ ချင်းပြည်သူလူထုဟာ ချင်းအမျိုးသားတော်လှန်ရေးမှာ ဝင်ရောက်လာပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဲ့ဒါကြောင့် ခေါင်းဆောင်ကြီး (၄)ဦးရဲ့ ဦးဆောင်မှုကို အလေးပြုပါတယ်လို့ ဒီကနေ ကျွန်တော်ပြောကြားလိုပါတယ်။

ဒီကနေ့ ကျွန်တော်တို့ရဲ့ ဖြစ်စဉ်လေးကို အနည်းငယ်မီးမောင်းထိုးပြလိုပါတယ်။ ကျွန်တော်တို့ ချင်းအမျိုးသားတပ်ဦးဟာ ၁၉၈၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဘယ်လို အစပြုရပ်တည်ရမလဲဆိုတဲ့ အနေအထားကို ရုန်းကန်ခဲ့ရပါတယ်။ ၁၉၉၃ ကနေ ၁၉၉၈ အထိ အခြေခံဒေသတည်ဆောက်ရေး၊ ပါတီအင်အားတောင့်တင်းလာအောင် တည်ဆောက်ရေး စတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ လုပ်ကိုင်ခဲ့ရပါတယ်။ ၁၉၉၈ မှ ၂၀၀၈ အထိ နိုင်ငံတကာအစိုးရ၊ နိုင်ငံတကာ NGO၊ နိုင်ငံတကာရောက် ချင်းအမျိုးသားများထဲမှာ Lobby ဝင်တာ၊ စည်းရုံးရေးဝင်တာများ ပြုလုပ်ခဲ့ပါတယ်။ ၂၀၀၈ ကနေ ၂၀၁၅ ကာလကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ဒီမိုကရေစီတည်ထောင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးအတွက် မဟာဗျူဟာလမ်းကြောင်းကို လျှောက်လှမ်းတဲ့နေရာမှာ အဓိက မှတ်တိုင်တစ်ခုအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲ့ဒီကနေပြီး ကျွန်တော်တို့ ဒီကနေ့ နိုင်ငံရေးဆွေးနွေးပွဲကို ဆက်လှမ်းရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၆ မှ ၂၀၂၀ အကြား (၄) နှစ်တာကာလမှာ ကျွန်တော်တို့ဟာ လက်ရှိပြည်တွင်း ပဋိပက္ခဟာ စစ်ရေးမဟုတ်ဘဲ နိုင်ငံရေးပဋိပက္ခဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရေးပဋိပက္ခကို နိုင်ငံနည်းနဲ့ဖြေရှင်းရမယ်ဆိုတဲ့ လမ်းကြောင်းပေါ်ကို ရောက်ရှိလာကြပြီဖြစ်တယ်၊ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဤအတောအတွင်းမှာ လုပ်ဆောင်ကြရမှာဖြစ်တယ်။ လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲကနေပြီး စားပွဲပေါ်တိုက်ပွဲကို တက်လှမ်းခဲ့ပါတယ်။

ဒီလိုပြောခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ လက်နက်ကိုင်အခန်းကဏ္ဍဟာ လုံးဝမေးမှိန်သွားခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ချင်းတွေရဲ့ လက်နက်ဟာ ကျွန်တော်တို့ ချင်းတွေရဲ့ လက်ထဲမှာပဲ ရှိရပါမယ်။ ပြည်ထောင်စု သဘောတူညီချက်ရရှိပြီး သဘောတူညီချက်ကို အကောင်အထည်ဖော်တဲ့အထိ ကျွန်တော်တို့ လက်နက်ဟာ ကျွန်တော်တို့ရဲ့ လက်ထက်မှာ အမြဲတမ်းရှိနေမှာပါ။ ဒီအင်အားတွေ၊ ဒီလက်နက်တွေဟာလည်း အမြဲအစဉ်သင့်ဖြစ်အောင်၊ ခိုင်မာအောင် လုပ်ဆောင်ဖို့ လိုပါလိမ့်မယ်။

စားပွဲပေါ်ကို တိုက်တဲ့နေရာမှာလည်း တစ်ဦးတစ်ယောက်အနေနဲ့ တိုက်လို့မရပါဘူး။ တမျိုးလုံး အသွင်သဏ္ဍာန်နဲ့ပဲ တိုက်လို့ရပါမယ်။ အဲ့ဒါကြောင့် ဒီညီလာခံကြီး ပြီးတဲ့နောက်ပိုင်းကနေစပြီး ပြည်သူလူထုအားလုံး အမျိုးသားရေးမှာ ပါဝင်လာအောင် အယောက်တိုင်းစီမှာ တာဝန်ရှိတယ်ဆိုတာကို အားလုံး နှလုံးသွင်းစေချင်ပါတယ်။ တစ်ထောင့်တစ်နေရာကို လွှတ်ကျန်ခဲ့မယ်ဆိုရင် ဒီဖြစ်စဉ်ကြီးဟာ ပြီးပြည့်စုံတဲ့ ဖြစ်စဉ်ကြီးဖြစ်လာမှာ မဟုတ်ပါဘူး။ ချင်းအမျိုးသားများနေထိုင်တဲ့နေရာတိုင်း၊ ချင်းအမျိုးသားများရှိတဲ့ နေရာတိုင်းမှာ သွားရောက်ပြီး ချပြရှင်းပြီးမှ နိုင်ငံတော်အစိုးသော်လည်းကောင်း၊ အာဏာပါတီနှင့်သော်လည်းကောင်း၊ တိုင်းရင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် သော်လည်းကောင်း ဆွေးနွေးဆုံးဖြတ်တဲ့နေရာမှာ အကုန်လုံးပါဝင်သွားအောင် ကျွန်တော်တို့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အဲ့ဒါကို အယောက်စီတိုင်းက အမျိုးသားရေးတာဝန်တရပ်လို သဘောထားပြီး ကိုယ့်နေရာ၊ ကိုယ့်ဒေသအသီးသီးကို ယူဆောင်သွားကြပါ၊ နေ့ညမလတ်၊

အချိန်နာရီများစွာ စဉ်းစားပြီး အဲ့ဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်အတွက် အနူးအညွှန့် မေတ္တာရပ်ခံလိုပါတယ်။ အားလုံးပါဝင်ပြီး၊ အားလုံးညီညွှတ်ရင် အောင်မြင်မှုဟာ ကျွန်တော်တို့ရဲ့ လက်တကမ်းမှာပဲ ရှိပါတယ်။ မညီညွှတ်ရင် အားလုံး ကျဆုံးမှုဟာလည်း လက်တကမ်းမှာပဲ ရှိပါတယ်။

ဒီနေ့ဒီကာလဟာ သမိုင်းမှာ အင်မတန်မှအရေးကြီးတဲ့ အချိန်ကာလဖြစ်သလို တော်လှန်ရေးသတိ၊ အမျိုးသားရေးသတိနဲ့ ဂရုတစိုက်သွားကြဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။ ၂၀၁၀ ကတည်းကနေ စတင်ခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်းဒီ(၄)နှစ်တာအတွင်းအစွမ်းကုန်ဆောင်ရွက်ဖို့လည်းမေတ္တာရပ်ခံလိုပါတယ်။ ချင်းအမျိုးသားအတွက်ရင်ကြားစေ့ဖို့လိုအပ်နေတဲ့အရာမှန်သမျှကို ချင်းအမျိုးသားတပ်ဦးအနေဖြင့် ရင်ကြားစေ့ဖို့ အဆင်သင့်ဖြစ်ပါတယ်။ တမျိုးသားလုံး စည်းလုံးညီညွှတ်ရင် ဘယ်အရာမဆို မလုပ်နိုင်တာမရှိပါဘူး၊ လုပ်သင့်လုပ်ထိုက်တဲ့ ပြည်သူလူထုက လုပ်စေချင်တဲ့ အရာမှန်သမျှ လုပ်ကြဖို့လည်း ဒီညီလာခံကနေ မှာကြားလိုပါတယ်။

ချင်းအမျိုးသားတစ်ခုတည်းနဲ့ ဒီခရီးကိုလှမ်းမယ်ဆိုရင် အတော်အသင့်တော့ သွားနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ဘဝတူ တိုင်းရင်းသားများနဲ့အတူ စိတ်ရှည်သည်းခံမှုအပြည့်နဲ့ ဆက်လှမ်းဖို့ လိုပါလိမ့်မယ်။ ဘယ်သို့သော အခြေအနေပဲရောက်ရောက် ကျွန်တော်တို့ဟာ ဘဝတူတိုင်းရင်းသားတွေနဲ့ သီးခြားနေလို့ မရပါဘူး။ ဒါကြောင့် ရှေ့ဆက်သွားရမယ့် (၄) နှစ်တာကာလအတွင်း တိုင်းရင်းသားများနဲ့လက်တွဲပြီး ရှေ့ဆက်ကြရအောင်လို့ မေတ္တာရပ်ခံလိုပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော် ပြောကြားလိုတာကတော့ ညီလာခံကိုယ်စားလှယ်များ ကိုယ့်ရွာကိုယ့်ဒေသပြန်သွားကြတဲ့နေရာမှာကျရာတာဝန်အသီးသီးကိုကျေပွန်စွာထမ်းဆောင်ကြပါ။ကျွန်တော်တို့ရဲ့ညီညွှတ်မှုကိုလည်းအမြင့်မားဆုံးတည်ဆောက်ဖို့ ကြိုးစားကြရအောင်၊ ပါတီနဲ့တပ်မတော်ကို ငါတို့ရဲ့ အင်အားကြီးတရပ် ဖြစ်သွားအောင်၊ ခိုင်မာသထက်ခိုင်မာ တွန်းပို့ပေးကြပါလို့ မှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

၀၀၀၀၀